# အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

[Book.167(2675-2689)

မူလဆေဘာဂိုဏ်း၏ဆက်ခံသူ

.May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၇၅ - ထာဝရကျေးရွာ.... ။

ညအမှောင်ထု ဖုံးလွှမ်းထားသော

ကောင်းကင်ယံ၌ အလင်းတန်းတစ်ခု

လင်းလက်သွားသည်။

အလင်းတန်းက

လျှပ်စီးတန်းတစ်ခုအလား လျင်မြန်ပြီး

အာကာသကိုဆုတ်ဖြဲသွားသည်။

မူလနတ်ဆိုးက

လုံးဝရှောင်တိမ်းခြင်းမရှိခဲ့ဘဲ

ရောမလက်သီးကြီးကိုမြှောက်ကာ

ယန်ယွဲ့၏တိုက်ခိုက်မှုကို ခုခံလိုက်သည်။

ဆူး...

တိုက်မိရာမှ မီးပွားများ

ဖြန်းခနဲလွင့်စင်လာသည်။

မူလနတ်ဆိုးက

ခြစ်ရာလေးတောင်မရှိခဲ့ပေ။

ယန်ယွဲ့ သည် အနက်ရောင်ဓားကြီးကို

လက်နှစ်ဖက်ဖြင့်

တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်လျက်

လေထဲတွင် လွင့်မျောနေခဲ့သည်။ သူ့ထံမှ

ပြင်းထန်သော အရှူးဆန္ဒများ

ပေါက်ကွဲထွက်လာခဲ့သည်။

ဤအချိန်တွင် မူလနတ်ဆိုးက ယန်ယွဲ့ကို

စူးစိုက်ကြည့်နေသည်။
၎င်း၏မျက်လုံးထဲ၌ ထူးဆန်းသော
အရိပ်အယောင်တစ်ခု ပေါ်လာပြီး
"ဝိညာဉ်..."

ပိုင်ဇိရှန်က ယန်ယွဲ့၏နံဘေးတွင်
ရုတ်တရက်ပေါ်လာပြီး လက်ကိုဆွဲကာ
အမြန်ထွက်ပြေးလေတော့သည်။

မူလနတ်ဆိုးက လှုပ်ရှားလာသောအခါ
ယန်ယဲ့နှင့် ပိုင်ဇီရှန် တို့နှစ်ယောက်က
ညကောင်းကင်ယံတွင်
ပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်။

မူလနတ်ဆိုး၏
ရောမမျက်လုံးကြီးများက
ရက်စက်ကြမ်းကြုတ်မှုတစ်ခုထွက်ပေါ်
လာပြီး ၎င်း၏လက်သီးများကို
ရှေ့သို့ထုရိုက်လိုက်သည်။

အုန်း...

ထိုနေရာတစ်ဝိုက်ကား

လုံးလုံးပြိုကျလာသည်။

သို့သော်လည်း

ခဏအကြာတွင်ပုံမှန်အတိုင်းပြန်ဖြစ်သွား

၏။ ထာဝရလျှို့ဝှက်နယ်မြေ၏

အာကာသကို မဖျက်ဆီးပစ်နိုင်ပုံရသည်။

...

ပိုင်ဇီရှန်က ယန်ယဲ့ကိုဆွဲခေါ်ပြီး အမြန်ထွက်ပြေးလာခဲ့သည်။ ၂ နာရီခန့်အကြာ မှုလနတ်ဆိုးက ဆက်လိုက်မလာကြောင်းသတိထားမိလိုက်ပြီး ရပ်တန့်သွားခဲ့သည်။ ယန်ယဲ့၏ခန္ဓာကိုယ်က ဝုန်းခနဲ လဲကျသွားသည် ။

ဒီအချိန်မှာ သူ့တစ်ကိုယ်လုံး

ဒဏ်ရာဒဏ်ချက်အပြည့်ဖုံးလွှမ်းနေခဲ့သ

ည်။ မူလနတ်ဆိုး၏လက်သီးချက်က

သူ့တစ်ကိုယ်လုံးကို

တစ်စစီကြေမွလုနီးပါးပင်။

ပိုင်ဇီရှန် က ယန်ယွဲ့၏

သွေးအတိခန္ဓာကိုယ်ကို စိုက်ကြည့်ရင်း

တိတ်ဆိတ်သွားသည်။ အကယ်၍ သူမကို

ထိုလက်သီးချက် ထိမှန်သွားပါက

ချက်ချင်းပင်အသတ်ခံရနိုင်၏။

ယန်ယဲ့၏ဓားချက်က

မူလနတ်ဆိုး၏လက်သီးချက်ကို

တားဆီးနိုင်သော်လည်း

အများစုမှာသက်ရောက်နေဆဲပင်။

မူလနတ်ဆိုး၏ခွန်အားက

အနည်းဆုံးတော့ မူလကမ္ဘာအဆင့်

ဖြစ်နိုင်ပါသည်။

ခဏအကြာတွင် ပိုင်ဇီရှန်က

အတွေးတွေကို ထိန်းကာ ပတ်ဝန်းကျင်ကို

ကြည့်လိုက်ပြီးနောက် ယန်ယဲ့ကို

ပွေ့ချီလျက် နေရာတွင်ပင်

ပျောက်ကွယ်သွားခဲ့သည်။

ထို့နောက်တွင် တောင်နံ့ရုံတစ်ခုရှေ့သို့ ရောက်လာပြီး သူမ၏လက်ကို ညင်သာစွာ ဝှေ့ယမ်းလိုက်သည်။

ဝုန်း…

တောင်နံ့ရုံက ကွဲအက်သွားပြီး လှိုဏ်ဂူတစ်လုံး ပေါ်လာသည်။ ထို့နောက် ယန်ယဲ့ကိုပွေ့ချီလျက်ဖြင့် အထဲသို့လျှောက်ဝင်သွားသည်။

ဂူထဲတွင်.... ။

ပိုင်ဇီရှန်က ယန်ယဲ့ကို မြေပြင်ပေါ်သို့
ညင်သာစွာ ချထားလိုက်သည်။
ဤအချိန်တွင် ယန်ယဲ့၏ခန္ဓာကိုယ်က
မူလခရမ်းရောင်စွမ်းအင်ဖြင့်
အဆက်မပြတ်ကုသပေးနေခဲ့သည်။

ပိုင်ဇီရှန် က ယန်ယဲ့ကို

စိုက်ကြည့်နေသည်။ လက်ကို

ရုတ်တရက်ဆန့်ကာ

ယန်ယဲ့၏မျက်နှာပေါ်တင်လိုက်သည်

"နင်ကအရူးပဲ။

မိန်းမတစ်ယောက်အတွက်နဲ့

ကိုယ့်ဘဝကိုတောင် မေ့သွားပြီ။

တကယ်မိုက်မဲတာပဲ"

"ဟီးဟီး..." ဤအချိန်တွင် ဂူအပြင်ဖက်မှ ချိုသာသောရယ်သံလွင်လွင်လေး ရုတ်တရက် ထွက်လာသည်။

ပိုင်ဇီရှန်၏ အမူအရာက ချက်ချင်းပင် ပြောင်းလဲသွားတော့သည်။ ထို့နောက် လှည့်ကြည့်လိုက်ရာ ဂူအဝင်ဝ၌ ကလေးမလေးတစ်ယောက် ရပ်နေတာကိုမြင်လိုက်လေသည်။ ကလေးမလေးက

ပန်းပွင့်ပုံစံဝတ်စုံလေးကို

ဝတ်ဆင်ထား၏။ သူမလက်ထဲတွင်

ထူးဆန်းသောတုတ်တစ်ချောင်းကို

ကိုင်ထားခဲ့သည်။ ဤအချိန်တွင် သူမက

ပိုင်ဇီရှန် ကိုကြည့်ရင်း

ချစ်စဖွယ်ပြုံးပြနေသည်။

ကလေးမလေးကို ကြည့်နေရင်း

ပိုင်ဇီရှန်၏ မျက်နှာပေါ်တွင်

သတိအပြည့်ဖြစ်လာကာ

"နင်ကဘယ်သူလဲ"

ကလေးမလေးက တခစ်ခစ်ရယ်ပြီး

ယန်ယဲ့ကို လက်ညှိုးထိုးပြကာ “အဖိုးက

သူ့ကို တွေ့ချင်နေတယ်”

ပိုင်ဇိရှန် က ခေါင်းခါလိုက်ပြီး

"မလိုက်နိုင်ဘူး"

ကလေးမလေး၏အပြုံးက

တဖြည်းဖြည်း အေးစက်လာကာ

ကြောက်စရာကောင်းလာသည်။

ပိုင်ဇိရှန် က လက်သီးကို တဖြည်းဖြည်း

ဆုပ်ထားသည်။ ဒီအချိန်မှာပဲ

ကလေးမလေးက နေရာမှာတင်

ပျောက်ကွယ်သွားသည်။

ပိုင်ဇိရှန်၏မျက်လုံးများက

ကျဉ်းမြောင်းသွားကာ

လက်ကိုမြှောက်ပြီး

ရှေ့သို့လှမ်းပုတ်လိုက်တော့သည်။

သူမ၏ လက်ဝါးမှ

ကြောက်မက်ဖွယ်ရာစွမ်းအင်လှိုင်းများ

ပေါက်ကွဲထွက်လာခဲ့သည်။

သို့သော်လည်း

လက်သီးသေးသေးလေးက

ပိုင်ဇီရှန်၏လက်ဝါးကို ဖိနှိပ်ထားသည်။

ဘမ်း…

ပိုင်ဇီရှန် က ချက်ချင်းလွှင့်ထွက်သွားပြီး နောက်ကွယ်ရှိ ကျောက်သားနံရံကို ထိမှန်သွားပါသည်။

မတ်တပ်ထရပ်လိုက်သည်နှင့် သူမ၏ပါးစပ်ထဲမှ သွေးများ စီးကျလာသည်။ ထို့နောက်

ကလေးမလေးကို မော့ကြည့်လိုက်ပြီး မယုံကြည်နိုင်မှုများ ပြည့်လာကာ "နင့်ရဲ့ ခွန်အား..."

ကလေးမလေးက လစ်လျူရှုကာ ယန်ယဲ့ကို ခြေထောက်ကနေ တရွတ်ဆွဲပြီး ဂူအပြင်ကို ထွက်သွားခဲ့သည်။

သို့သော် လှိုဏ်ဂူအပြင် ရောက်ခါနီးတွင်

သူ့နောက်ကျောမှ

ပြင်းထန်သောစွမ်းအင်လှိုင်းများ

တိုးဝင်လာသည်။

ပိုင်ဇိုရှန် က နောက်တစ်ကြိမ်

တိုက်ခိုက်လိုက်တာပါ။

ကလေးမလေးက ရပ်လိုက်ပြီး

နောက်လှည့်ကာ

လက်သီးသေးသေးလေးနဲ့
ပြန်ထိုးလိုက်သည်။

သူမ၏လက်သီးသေးသေးလေးက
ပိုင်ဇီရှန်ကို လွင့်ထွက်သွားစေသည်။
ကလေးမလေးက စူးစူးရဲရဲ
စိုက်ကြည့်ကာ “နင်ငါ့ကို
ထပ်တိုက်ခိုက်ရင် သူ့ကိုသတ်ပစ်မယ်”ဟု
ရုတ်တရက်ပြောလိုက်သည်။

သူမက ယန်ယဲ့၏ခြေထောက်ကို အသာလေးကန်လိုက်ပြီး "အဖိုးက သူ့ကို တွေ့ချင်နေရုံပဲလေ။ သတ်ပစ်မှာ မဟုတ်ဘူး။ နင်ဘာလို့စိတ်ပူနေတာလဲ"

ပိုင်ဇီရှန်က သူမ၏ ပါးစပ်ထောင့်က သွေးများကို သုတ်လိုက်ပြီး "နင့်ရဲ့အဖိုးက သူ့ကို ဘာလို့ တွေ့ချင်တာလဲ"

ကလေးမလေးက ခေါင်းခါပြပြီး

“မသိဘူး၊ နင်သိချင်ရင် ငါနဲ့လိုက်ခဲ့ ”

ပိုင်ဇိရှန် က ကလေးမလေးကို

တစ်ချက်ကြည့်လိုက်ပြီး

ယန်ယဲ့အားပွေ့ချီလျက်

အပြင်ကိုလျှောက်လာရင်း

"သွားရအောင်။ ငါနင်နဲ့လိုက်ခဲ့မယ်"

ကလေးမလေးက ပိုင်ဇီရှန် ကို တစ်ချက်ကြည့်လိုက်ပြီး "နင် ထွက်ပြေးဖို့ မကြိုးစားဘူးမဟုတ်လား။ ငါ အခု နင့်ကို သတိပေးချင်တယ်။

ထွက်ပြေးဖို့ကြိုးစားရင် ငါနင်တို့ကိုသတ်ပစ်မယ်"

ပိုင်ဇီရှန်က "ငါ မလုပ်ပါဘူး။ နောက်ပြီး ငါ မလုပ်နိုင်ဘူး မဟုတ်လား"

ကလေးမလေးက

ခဏလောက်စဉ်းစားပြီး

ခေါင်းညိတ်ပြသည် “ဒါအမှန်ပဲ။

ကောင်းပြီ၊ သွားရအောင်"

စကားပြောပြီးတာနဲ့ အဝေးကို

ခုန်ပေါက်ကာပြေးထွက်သွားပါတော့သ

ည်။

ပိုင်ဇီရှန် က ခဏလောက်

လေးလေးနက်နက် စဉ်းစားပြီး ယန်ယဲ့ကို

ပွေ့ချီထားရင်း နောက်ကနေ

လိုက်သွားခဲ့သည်။

ခဏအကြာတွင်

အမည်မသိတောင်တန်းတစ်ခု၏

အနက်ပိုင်းထဲသို့ရောက်လာကြသည်။

ကလေးမလေးက ရုတ်တရက်

ရပ်တန့်လိုက်သည်။ ဒီအချိန်မှာ

ပိုင်ဇိရှန်၏အမူအရာက

သိသိသာသာပြောင်းလဲသွားခဲ့သည်။

အကြောင်းက တောင်ပေါ်၌

လူသေအလောင်းတစ်လောင်းကို

မြင်လိုက်ရသောကြောင့်ဖြစ်သည်။

အလောင်း၏ ရင်ဘတ်ပေါ်တွင် "仙"

စာလုံးသေးသေးလေး

ရေးထိုးထားသည်။

အင်မော်တယ်အိမ်တော်၏

အမှတ်သင်္ကေတပင်။ ၎င်းက

အင်မော်တယ်အိမ်တော်၏

ပညာရှင်တစ်ဦး ဖြစ်ခဲ့သည်။

တစ်ချိန်တည်းမှာပင်

လူသေအလောင်း၏မျက်နှာကို

မြင်လိုက်သောအခါ

ပိုင်ဇီရှန်၏အမူအရာသည်

ချက်ချင်းပြောင်းလဲသွားသည်။

"မြောင်ကွီယု..."

လွန်ခဲ့သောနှစ်ပေါင်း ၁၀,၀၀၀ ခန့်က

ထာဝရနယ်စပ်၏

ထူးခြားဆန်းကြယ်သော

ညဏ်ကြီးရှင်တစ်ဦး ဖြစ်ခဲ့၏။

ထိုအချိန်က အင်မော်တယ်အိမ်တော်၏

နံပါတ်တစ်ညဏ်ကြီးရှင်ပါ။ ထို့အပြင်

သူသည် ထာဝရနယ်စပ်၏

မြင့်မြတ်အဆင့်သတ်မှတ်ချက်၌ အဆင့် ၄ ဖြစ်သည်။

လွန်ခဲ့သည့်နှစ်များအတွင်း မူလကမ္ဘာအဆင့် သို့တက်လှမ်းပြီးနောက် အပြင်ကိုထွက်မလာခဲ့ပေ။ ထာဝရနယ်စပ်တစ်ခုလုံးက မြောင်ကွီယုကို တံခါးပိတ်ကျင့်ကြံနေသည်ဟုသာ ယူဆထားကြသည်။ သို့သော်လည်း

ထာဝရလျှို့ဝှက်နယ်မြေထဲမှာ

သေဆုံးသွားမည်ဟုမထင်ထားခဲ့ပေ။

ဤအချိန်တွင် ကလေးမလေးက

ရုတ်တရက် ခေါင်းမော့လာပြီး “နင် သူ့ကို

သိလား” ဟု မေးခဲ့သည်။

ပိုင်ဇီရှန် က ကလေးမလေးကို

တစ်ချက်ကြည့်လိုက်ပြီး

"သူဘယ်လိုသေသွားတာလဲ"

ကလေးမလေးက

သူမ၏ထူးဆန်းသောတုတ်ချောင်းကို

လျှာဖြင့်သပ်ကာ “သားသတ်သမားက

သူ့ကိုသတ်လိုက်တာပဲ။ မသတ်ခင်မှာ

သားသတ်သမားက သူ့ကို ထွက်သွားဖို့

အတန်တန်ပြောခဲ့သေးတယ်။

ဒါပေမဲ့ သူက ငြင်းပယ်လိုက်တာ...”

ထို့နောက် သူမ၏လက်ကို မြှောက်ကာ

ခုတ်ထစ်ဟန်ပြပြီး “သားသတ်သမားက သူ့ကို ခုတ်ထစ်ပစ်လိုက်တယ်”

ပိုင်ဇိရှန် လည်း နှုတ်ခမ်းများ တဆတ်ဆတ်တုန်ယင်သွားသည်။

"သွားကြရအောင်" ကလေးမလေးက ခပ်ဝေးဝေးသို့ ခုန်ထွက် ဆင်းသွားသည်။

ပိုင်ဇီရှန် က

မြောင်ကွီယု၏အလောင်းအား ခဏကြာ

စိုက်ကြည့်လိုက်ပြီးနောက်

ကလေးမလေး၏ နောက်မှ

လိုက်သွားခဲ့သည်။ တောင်ထိပ်ပေါ်သို့

ရောက်သောအခါတွင် ရွာတစ်ရွာ

ပေါ်လာသည်။

ရွာအဝင်ဝ၌ သစ်သားခုံတန်းလျားရှိကာ

ကလေးမျက်နှာနှင့်အဘိုးကြီးတစ်ယော

က် ရှိနေခဲ့သည်။ အဘိုးကြီးက ခါးတွင်
ဘူးသီးခြောက်တစ်လုံး
တွဲလောင်းချလျက်အိပ်နေပုံရသည်။

ကလေးမလေးက
သစ်သားခုံတန်းလျားဆီသို့
လျှောက်သွားကာ
တုတ်ချောင်းအပိုင်းအစများကို
အဘိုးကြီး၏ပါးစပ်ထဲသို့
အမြန်ထိုးထည့်လိုက်လေသည်။

ထို့နောက် နောက်ကိုပြန်လှည့်မကြည့်ဘဲ ရွာထဲသို့ ပြေးဝင်သွားခဲ့သည်။

အဘိုးကြီးက ဒေါသတကြီးနဲ့ "ဝမ်အရူးမလေး(Wang Erya)၊ မင်းက နတ်ဆိုးကလေးပဲ။ သတ္တိရှိရင် မပြေးနဲ့။ မင်းက တကယ်ကို ကောင်းကောင်း ရိုက်နှက်ပေးဖို့ လိုတယ်"

ဤအချိန်တွင် ပိုင်ဇိုရှန်က

ယန်ယဲ့ကိုပွေ့ချီထားရင်း

ရွာအဝင်ဝသို့ရောက်လာခဲ့သည်။

အဘိုးကြီးက သူတို့နှစ်ယောက်ကို

တစ်ချက်ကြည့်လိုက်ပြီး သူ့အကြည့်ကို

ဆုတ်လိုက်သည်။ သို့သော်လည်း

ယန်ယဲ့ကို ရုတ်တရက်စိုက်ကြည့်လာကာ

"ဘယ်လိုကောင်လဲ"

ပိုင်ဇိရှန်က နေရာတင်ပဲ ရပ်လိုက်ပြီး

ကလေးမျက်နှာအဘိုးကြီးကို

စိုက်ကြည့်နေသည်။

အဘိုးကြီးက ယန်ယဲ့ကို

ခဏကြာအောင်စိုက်ကြည့်နေပြီးမှ

"သတ်ဖြတ်ခြင်းစိတ်ဆန္ဒ၊ ဓားစိတ်ဆန္ဒ၊

အရူးစိတ် ။ ဒီသေလွန်သူဝိညာ်တွေ....

ဟီးဟီး၊ ဒီကလေးက

လူကောင်းမဟုတ်ဘူး”

ပိုင်ဇိုရှန်ဟာ အဘိုးကြီး၏

ကောက်ချက်စကားကြောင့်

ဘာပြောရမှန်းပင်မသိတော့ပေ။

ဤအချိန်တွင် အဘိုးကြီးက

ခုံတန်းလျားပေါ်တွင် ပြန်လှဲကာ

ဟောက်ရင်းအိပ်ပျော်သွားပါတော့သည်။

ပိုင်ဇီရှန်က ကလေးမျက်နှာအဘိုးကြီးကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
ယန်ယဲ့နှင့်အတူ ရွာထဲသို့
ဆက်သွားခဲ့သည်။ ဤအချိန်တွင် သူမက
ပတ်ဝန်းကျင်ကို အဆက်မပြတ်
လေ့လာနေခဲ့သည်။ သေးငယ်သော
ရွာလေးတစ်ရွာသာဖြစ်ခဲ့သည်။
လူ(၁၀၀)ဝန်းကျင်သာ ရှိလေသည်။
နေထိုင်သူရွာသားများက

သာမန်လူများဖြစ်နိုင်ပါသည် ။ သို့သော်

အချို့က သာမန်လူမဟုတ်ပေ။

ဥပမာအားဖြင့် ယခင်က

ကလေးမျက်နှာအဘိုးကြီး သို့မဟုတ်

ကလေးမလေးတို့ပင်။

ခဏအကြာတွင် ပိုင်ဇိုရှန်က

ကလေးမလေးကို လိုက်မှီသွား၏။

ထို့နောက်  "ဒီနေရာက

ဘာလဲ"ဟုမေးလိုက်သည်။

ဝမ်အရှုးမလေး က

ပိုင်ဇိုရှန်ကိုတစ်ချက်လှည့်ကြည့်ကာ

"ထာဝရကျေးရှာ" ဟုပြန်ဖြေခဲ့သည်။

ပိုင်ဇိုရှန် က မျက်မှောင်ကြုတ်ပြီး

"နင်တို့အားလုံး

ဘာလို့ဒီကိုရောက်နေတာလဲ။ ဘာလို့

အပြင်မထွက်တာလဲ"

ဝမ်အရှုးမလေး က ခေါင်းခါလိုက်ပြီး

“ငါတို့ မလုပ်နိုင်ဘူး။ အဖိုးက

အပြင်လောကဟာ

အန္တရာယ်များတယ်လို့ပြောတယ်”

"အန္တရာယ်များတာလား" ပိုင်ဇီရှန်က

မျက်မှောင်ကြုတ်ရင်း “မဖြစ်နိုင်ဘူး၊

နင့်ရဲ့ခွန်အားကိုအခြေခံပြီး

အပြင်လောကမှာရှိတဲ့ သူတွေက

နည်းနည်းလောက်ပဲ ဒုက္ခပေးနိုင်တယ်"

ကလေးမလေးက ခေါင်းခါလိုက်ပြီး

“ငါမသိဘူး၊ ငါသိတာက

အပြင်ထွက်လို့မရဘူး။ တခါတုန်းက

ခိုးထွက်ဖူးပေမယ့် ထွက်ပေါက်တောင်

မရောက်သေးဘူး၊ အဖိုးက

ငါ့ကိုဖမ်းမိသွားတယ်။ အဲဒီလူအိုကြီးက

တကယ်ကို သန်မာတယ်။ ဒီတော့ သူ့ကို

မစော်ကားမိစေနဲ့"

ကလေးမလေး၏

မကျေမနပ်အပြောကြောင့် ပိုင်ဇိရှန်ဟာ

ဘာပြောရမှန်းမသိတော့ပေ။

ဤအချိန်တွင် ကလေးမလေးက

အဝေးကို လှမ်းကြည့်ကာ "ဟီးဟီး...

အဖိုးသားသတ်သမား"

ထိုစကားပြောပြီးသည်နှင့်

အပြေးရောက်သွားသည်။

ပိုင်ဇိုရှန် လည်း ထိုနေရာကို

လှမ်းကြည့်လိုက်သည်။ ခပ်လှမ်းလှမ်း၌

အသားဆိုင်ကို တွေ့လိုက်ရသည်။

အသားဆိုင်အတွင်းဖက်တွင်တော့

စုတ်ပြတ်သက်နေသော

မျက်နှာနှင့် သန်မာသောလူတစ်ယောက်

ရပ်နေသည်။ သူ့ခန္ဓာကိုယ်အပေါ်ပိုင်း

ဟာဗလာဖြစ်ပြီး

တောင့်တင်းသန်မာလှသည်။

ဤအချိန်တွင် ထိုလူက ဓားမကို
အဆက်မပြတ် ခုတ်ပိုင်းနေလေသည်။

ကလေးမလေး
၏အသံကိုကြားသောအခါ
သားသတ်သမား၏မျက်နှာသည်
မည်းမှောင်သွားသည်။ ထို့နောက်
သူ၏ညာလက်က ဓားမကို
ညင်သာစွာဝှေ့ယမ်းလိုက်သည်။
ကလေးမလေးရှေ့တွင်

သေးငယ်သောအသားစတစ်ပိုင်း

ကျလာသည်။ ထိုအခါ

ချစ်စဖွယ်ရယ်မောပြီး အသားတစ်ပိုင်းကို

ယူလိုက်သည်။ ထို့နောက်

သားသတ်သမားကို လှမ်းကြည့်ကာ

"သားသတ်သမား၊ နင် ဒါကိုငါ့အတွက်

ပေးခဲ့တာ။ ငါမခိုးဘူးနော်"

သားသတ်သမားက

သူ၏မျက်လုံးများကို မှိတ်ထားလိုက်ပြီး

"ဒါဆို မင်း ဒီမှာ ဘာလုပ်နေသေးတာလဲ"

ကလေးမလေးက တခစ်ခစ်ရယ်ပြီး

ပိုင်ဇိရှန်ကို စိုက်ကြည့်ရင်း “လာခဲ့။

မြန်မြန်သွားရအောင်။ ငါတို့

အမြန်မရောက်ရင် အဖိုး

ဒေါသထွက်လိမ့်မယ်”

ထို့နောက် အရှိန်မြှင့်ကာ

ပြေးထွက်သွားတော့သည်။

ပိုင်ဇီရှန် က သားသတ်သမားကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

ကလေးမလေးနောက်သို့

လိုက်သွားခဲ့သည်။ အသားဆိုင်ကို

ဖြတ်သွားသောအခါ သားသတ်သမားက

ယန်ယဲ့ကို ရုတ်တရက်ကြည့်လိုက်သည်။

သို့သော် ခဏအကြာမှာပဲ သူ့အကြည့်ကို

ဖယ်လိုက်ပြီး

“အဲဒီသောက်ရှူးကောင်ရဲ့လက်ချက်နဲ့

ဒဏ်ရာရသွားတာလား” ဟု မေးပါသည်။

ပိုင်ဇိရှန် က ခဏမျှ တုံ့ဆိုင်းသွားပြီး

ခေါင်းညိတ်ကာ "မူလနတ်ဆိုးပဲ..."

"မူလနတ်ဆိုးလား..." သားသတ်သမား

က လျှောင်ပြောင်ရယ်မောရင်း

“ဒီသတ္တဝါက မူလနတ်ဆိုး

လုံးဝမဟုတ်ပါဘူး။ သူ့ဘိုးဘေးတွေကို
မလေးစားရင် ငါသူ့ကို
သတ်ခဲ့တာကြာပြီ”

ထို့နောက် ယန်ယဲ့ကို
ထပ်ပြီးစိုက်ကြည့်ရင်း "ရိုးရိုးသားသား
ပြောရရင် ငါ နည်းနည်း သိချင်နေတယ်"

ပိုင်ဇိရှန် က အံ့သြသွားပြီး "ဘာကိစ္စလဲ"

သူက “ဝမ်အရူးမလေးရဲ့အဖိုးက

သူ့အတွက် အကျိုးမရှိတဲ့အရာကို

ဘယ်တော့မှ မလုပ်ဖူးတဲ့

အရူးအိုကြီးတစ်ယောက်ပဲ။

ဒါပေမဲ့ သူက မင်းပွေ့ချီထားတဲ့

အဲဒီကလေးကို

တကယ်တွေ့ချင်နေတာဆိုတော့

တစ်ခုခုတော့ ဖြစ်နေပြီသေချာတယ်။

ဒါပေမဲ့ အမှန်တိုင်းပြောရရင် ဒီကလေးနဲ့

ဘာမှထူးခြားတာမှမရှိဘူး။ နည်းနည်း

လေးထူးခြားတာဆိုလို့

သူ့ရဲ့ဆံနယ်မြေပဲ။ ဒါပေမဲ့

သူ့ရဲ့ဆံနယ်မြေက

တော်တော်လေးအားနည်းနေသေးတယ်။

ဒါ့အပြင် သူ့ပတ်ပတ်လည်မှာရှိတဲ့

ယင်စွမ်းအင်က ပြင်းထန်လွန်းတယ်၊

သူ့ပတ်ဝန်းကျင်မှာ

အရမ်းကြောက်စရာကောင်းတဲ့
ကံကြမ္မာပါရှိနေတယ်။ အဓိကကတော့
တစ်စုံတစ်ယောက်က သူ့အရင်ဘဝကို
ဖြတ်တောက်ခဲ့တာပဲ၊ ပြီးတော့
အခုလက်ရှိ သူကိုယ်တိုင်လည်း
သူ့အနာဂတ်ကို ဖြတ်တောက်ထားတယ်"

သားသတ်သမားက ယန်ယွဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး
“ရိုးရိုးသားသားပြောခွင့်ပြုပါ၊ ဒီကလေး

အခုအချိန်အထိ အသက်ရှင်နိုင်တာဟာ

အံ့သြစရာတွေထဲက

တစ်ခုပဲလို့ပြောရမယ်။ ဒါ့ကြောင့်

ဒီအရူးအိုကြီးရဲ့ အာရုံကို ဘယ်အရာက

ဆွဲဆောင်သွားလဲဆိုတာ ငါတော့

နားမလည်နိုင်ပါဘူး”

ပိုင်ဇီရှန် က အံ့သြနေဖြင့်

စကားမပြောနိုင်တော့ပေ။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၇၆ - ဘယ်သူက ငါ့ဓားမကို တိုက်ခိုက်ရဲလို့တုန်း

ပိုင်ဇီရှန် က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး "ငါမသိဘူး"

သူမက ခဏရပ်ပြီး “ဒါပေမဲ့ သူက အရမ်းသန်မာတယ်ဆိုတာ ငါသိတယ်” ဟုထပ်ပြောလိုက်သည်။

"အရမ်းသန်မာတာလား…"

သားသတ်သမားက ယန်ယွဲ့ကို ငုံ့ကြည့်ပြီး ခေါင်းခါလိုက်သည် "သူ အရမ်းအားနည်းနေတယ်ထင်တယ်"

ပိုင်ဇီရှန် က "အကြီးအကဲ၊ အကြီးအကဲရဲ့

လက်ရှိခွန်အားကို အခြေခံပြီး သူ့ကိုကြည့်နေတာလား။ ဒါ့ကြောင့် သူက သဘာဝအတိုင်း အားနည်းနေတယ်။ ငါမေးတာကိုစိတ်မဆိုးရင် အကြီးအကဲလည်းသူ့အရွယ်တုန်းက သူ့လောက်သန်မာသလား"

သားသတ်သမား က အံ့သြသွားသည်။

ပိုင်ဇီရှန် က စကားထပ်မပြောတော့ဘဲ ကလေးမလေးနောက်သို့ ပြေးလိုက်သွားခဲ့သည်။

သားသတ်သမား က ခေါင်းယမ်းပြီး ပြုံးလိုက်သည် "လွန်ခဲ့တဲ့နှစ်တွေမှာ ငါ့ဓားမကို ဘယ်သူက တိုက်ခိုက်ရဲလို့လဲ"

...

ပိုင်ဇိရှန် က ယန်ယွဲ့ကိုပွေ့ချီလျက်ဖြင့်

ရွာ၏တောင်ဖက်အစွန်သို့

လျှောက်သွားခဲ့သည်။ ထိုနေရာတွင်

အတန်ငယ်ကြီးမားသော

ဝါးအိမ်တစ်လုံးရှိနေခဲ့သည်။

ဝါးအိမ်အပြင်ဖက်၌

သားရဲတိရိစ္ဆာန်အရိုးများ

ချိတ်ဆွဲထားသလို ထူးဆန်းသော

ပန်းချီကားချပ်များလည်း ရှိနေလေသည်။

ကလေးမလေးက ဝါးအိမ်အပြင်ဖက်လှေကားထစ်တွင် ထိုင်ချလိုက်ပြီး သူမ၏အရိုးခြောက်တုတ်ကို နမ်းရှုံ့လိုက်သည်။

ဤအချိန်တွင် ဝါးအိမ်ထဲမှ

အဘိုးကြီးတစ်ယောက် ဖြည်းညှင်းစွာ

ထွက်လာခဲ့သည်။

အဘိုးကြီးက

အနက်ရောင်ဝတ်ရုံရှည်ကြီးကို

ဝတ်ဆင်ထားကာ လက်ထဲ၌ အဖြူရောင်

တုတ်ကောက်တစ်ချောင်းကို

ကိုင်ထားသည်။

သေသေချာချာကြည့်လျှင်

ရှည်လျားသော အရိုးတစ်ချောင်း ဖြစ်သည်ကိုသတိပြုမိပေမည်။ အဘိုးကြီးဟာ အိုမင်းနေသော်လည်း သူ၏မျက်လုံးများက ထူးထူးခြားခြားကို စူးရှလှသည်။ အရာအားလုံးကို ထွင်းဖောက်မြင်နိုင်သည့်အလားပင်။

အဘိုးကြီးက ပိုင်ဇီရှန် နှင့် ယန်ယဲ့အား တစ်ချက်ကြည့်လိုက်ပြီး “ကျေးဇူးပြုပြီး ထိုင်ကြပါ” ဟု ပြောပါသည်။

ပိုင်ဇိရှန် က

အကြောက်အလန့်ကင်းစွာဖြင့်

"အကြီးအကဲ၊ လိုရင်းကိုပဲပြောပါ"

အဘိုးကြီးက သူတို့ဆီသို့

လျှောက်လာကာ ယန်ယဲ့ကို

စိုက်ကြည့်လိုက်ပြီး "ဓားစိတ်ဆန္ဒ၊

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ၊ အရူးဆန္ဒ

... ငါ မတွေ့တာကြာပြီ"

ပိုင်ဇိရှန် က "အကြီးအကဲ၊
အရင်တုန်းကမြင်ဖူးသလား"

အဘိုးကြီးက အနည်းငယ်
ခေါင်းညိတ်ပြပြီး “ငါမြင်တွေ့ဖူးတယ်”

သူက ပိုင်ဇိရှန်ကို စိုက်ကြည့်ကာ "မင်းက
ထာဝရသလင်းကျောက်နဲ့ ထာဝရ
ရတနာတချို့အတွက်

ဒီကိုဝင်လာတာလို့ငါထင်တယ်။

ဟုတ်တယ်မလား "

ပိုင်ဇိုရှန် က ခေါင်းညိတ်လိုက်သည်။

အဘိုးကြီးက

သူ့လက်ကိုအနည်းငယ်လှုပ်လိုက်ရာ

ပိုင်ဇိုရှန် ရှေ့တွင်

သိုလှောင်လက်စွပ်တစ်ကွင်း

ပေါ်လာသည်။ ထို့နောက် သူက

ဆက်ပြောသည် “အဲဒီမှာ

ထာဝရသလင်းကျောက် ၁၀၀ ရှိတယ်။

ဒါတွေက မင်းကို

ဟင်းလင်းပြင်နတ်ဘုရားအဆင့်ထိ

တက်လှမ်းဖို့လုံလောက်တယ်။

ဒါ့အပြင် ဒီနေရာမှာ

ထာဝရရတနာတစ်ခုပါ ရှိသေးတယ်။

မင်းဒါကိုပိုင်ဆိုင်ထားရင်

မူလတာအိုအဆင့်မှာ

ပြိုင်ဖက်မရှိသလောက်ရှားသွားပြီ"

ပိုင်ဇီရှန် က အဘိုးကြီးကို

တည့်တည့်စိုက်ကြည့်ကာ "ဘာလို့လဲ"

အဘိုးကြီးက ယန်ယွဲ့ ကို

လက်ညှိုးထိုးပြပြီး "သူ့ကို ငါ့ဆီ

ပေးလိုက်၊ ဒါတွေအားလုံး မင်းပိုင်တယ်။

ဘယ်လိုလဲ...."

ပိုင်ဇိရှန်လည်း အံ့သြသွားပြီး "ဒီလိုပဲလား" ဟုပြန်မေးလိုက်သည်။

အဘိုးကြီးက ခေါင်းညိတ်လိုက်သည် "ဒီတောင်းဆိုချက်ကလေးပါပဲ။ သူ့ကို ငါနဲ့ထားခဲ့လိုက်ပါ၊ မင်းဒါတွေ ရနိုင်တယ်။ ဒါ့အပြင် မင်းဟာ ဒီနေရာကနေ သာသာယာယာနဲ့ပြန်ထွက်သွားနိုင်တယ်

လို့ အာမခံတယ်။ အကြောင်းရင်းကို
မမေးနဲ့။ မသိသင့်တာကို သိရင်
မင်းအတွက် ကံဆိုးလိမ့်မယ်”

ပိုင်ဇီရှန် က သိုလှောင်လက်စွပ်ကို စိုက်
ကြည့်ကာ ငြိမ်သက်သွားသည်။

တစ်ချိန်တည်းတွင် ယန်ယဲ့ကို
တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားသည်။
အချိန်တော်တော်ကြာမှ

ခေါင်းပြန်မော့ကာ အဘိုးကြီးကို

လှမ်းကြည့်ပြီး "ငါ သူနဲ့ပဲ အတူနေမယ်"

အဘိုးကြီးက “ဘာဖြစ်လို့လဲ” ဟု

မေးလိုက်သည်။

ပိုင်ဇိရှန် က အနည်းငယ် ရယ်မောရင်း

“ဘာအကြောင်းမှ မရှိပါဘူး”

အဘိုးကြီးက အနည်းငယ်
ခေါင်းညိတ်ကာ “ကောင်းပြီလေ...”

သူက သိုလှောင်လက်စွပ်ကို ဖယ်လိုက်ပြီး
ညာဖက်လက်ကို ယန်ယွဲ့၏ပခုံးပေါ်မှာ
တင်လိုက်သည်။ ခဏအကြာတွင်တော့
ယန်ယွဲ့၏ခန္ဓာကိုယ်က
တစ်ချက်တုန်ခါသွားသည်။

ဤအချိန်တွင်

စားအပျက်အစီးနယ်မြေထဲမှ

အဖြူရောင်အကောင်လေးတစ်ကောင်က

ရုတ်တရက် မော့ကြည့်လိုက်သည်။

သူမ၏ မျက်လုံးသေးသေးထဲ၌

ထူးဆန်းသော အရိပ်အယောင်များ

ရှိနေသည်။

ဤအချိန်မှာပဲ သူမ၏အထက်လေထဲ၌

ထူးဆန်းသော မျက်နှာ

တစ်ခုပေါ်လာသည်။

အိုမင်းရင့်ရော်နေသောအဘိုးကြီးတစ်

ယောက်၏ မျက်နှာ ...။

နှင်းပွင့်၏မျက်လုံးသေးသေးလေးများ

က

ချက်ချင်းဆိုသလိုပင် ပြုံးကျယ်သွားကာ

သူမ၏ခါးမှဘူးသီးနက်ကို

ဖြုတ်ယူလိုက်လေသည်။

နှင်းပွင့်၏မျက်လုံးလေးထဲမှ

ခရမ်းရောင်တစ်ဝက်အနက်ရောင်တစ်ဝ

က် အလင်းလှိုင်းများ ထွက်ပေါ်လာသည်။

ထိုအခါ အဘိုးကြီးမျက်နှာတွင်

အစိမ်းပွါယ်နက်နဲသော အပြုံးတစ်ခုကို

ပေါ်လာခဲ့သည်။ သို့သော်

ခဏအကြာမှာပဲ ပျောက်ကွယ်သွား၏။

နှင်းပွင့်က အဘိုးကြီးမျက်နှာကို

မော့ကြည့်နေရင်း

မျက်လုံးများမှိတ်တုတ်မှိတ်တုတ်လုပ်နေ

သည်။

ထာဝရလျှို့ဝှက်နယ်မြေ ....။

အဘိုးကြီးက သူ့လက်ကို ရုတ်လိုက်ပြီး

မျက်နှာပေါ်တွင် နူးညံ့သည့် အပြုံးတစ်ခု

ပေါ်လာ၏။ သူက

“မျှော်လင့်ထားသလိုပဲ… တကယ်ကို

စိတ်ကူးယဉ်လို့ မရဘူး။

ဒီလိုကမ္ဘာကြီးက

ဝိညာဉ်ဖန်ဆင်းရှင်တစ်ပါးကို

မွေးထုတ်ပေးနိုင်ခဲ့တယ်…”

ပိုင်ဇိရှန် က

ပဟေဠိဆန်သောအမူအရာဖြင့်

အဘိုးကြီးအား စိုက်ကြည့်ရင်း

"အကြီးအကဲ၊ ဘာပြောချင်တာလဲ"

အဘိုးကြီးက ပြန်မဖြေပါ။ ယန်ယဲ့ကို

အချိန်တော်တော်ကြာအောင်စိုက်ကြည့်

နေခဲ့သည်။ ထို့နောက်

သူ၏ညာဖက်လက်ဝါးကိုမြှောက်လိုက်

ရာ အလင်းလုံးတစ်လုံးပေါ်လာသည်။

ထိုအလင်းလုံးပေါ်လာသည်နှင့်

အဘိုးကြီး၏မျက်နှာက

ခါတိုင်းထက်ပိုပြီး

အိုမင်းရင့်ရော်လာသည်။

အချိန်အနည်းငယ်အကြာမှာတော့

အဘိုးကြီး၏လက်ဝါးအလယ်၌ "三"

ဟူသော

စာလုံးသေးသေးလေး ပေါ်လာခဲ့သည်။

အဘိုးကြီးဟာ ထိုစာလုံးကိုမြင်သောအခါ အံ့အားသင့်သွားလေသည်။ သူ့မျက်လုံးများက မယုံကြည်နိုင်စရာ အရိပ်အယောင်တစ်ခု ပေါ်လာ၏။ သူက "အခွင့်အရေးက ၃၀ %၊ ၃၀ % တဲ့လား ။ သူ့ဘေးနားမှာ ဝိညာဉ်ဖန်ဆင်းရှင် ရှိနေတာ ၃၀ % က ဘယ်လိုဖြစ်နိုင်မှာလဲ" ထို့နောက် ယန်ယဲ့ကို နောက်တစ်ကြိမ် စိုက်ကြည့်ကာ

ရုတ်တရက်မျက်မှောင်ကြုတ်သွားသည်။

အချိန်အတော်ကြာမှ

"သတ်ဖြတ်ခြင်းဆားတာအို။ သတ်ခြင်းနဲ့

လျှောက်လှမ်းရမယ့်

သတ်ဖြတ်ခြင်းလမ်းစဉ်။ မဆန်းပါဘူး”

ထိုစကားပြောပြီးနောက် အဘိုးကြီးက

ငြိမ်သက်သွားသည်။

အချိန်တော်တော်ကြာမှ ကောင်းကင်ကို
မော့ကြည့်ကာခင် “ငါ့အတွက်
အချိန်သိပ်မကျန်တော့ဘူးပဲ”

သူက အပြင်မှာရှိနေသည့်
ကလေးမလေးကို
တစ်ချက်ကြည့်လိုက်ပြီး သူ့အကြည့်က
တဖြည်းဖြည်း တင်းမာလာသည်။
ဤအချိန်တွင် ကလေးမလေးကို
အဘိုးကြီးကိုပြန်ကြည့်နေသည်။

အဘိုးကြီးက အနည်းငယ် ပြုံးလိုက်ပြီး

"ရေချိုးစည်ကို သွားဖြည့်လိုက်။

အရင်တုန်းက အဖိုးသုံးခဲ့တဲ့

ဆေးအမယ်တွေ အကုန်သုံးဖို့ မမေ့နဲ့နော်”

စကားပြောနေရင်း သူက

ကျောက်စိမ်းဖြူပုလင်းတစ်လုံးကို

ပစ်ပေးလိုက်ပြီး “ဒီထဲမှာ

သွေးတစ်စက်ရှိတယ်။

ရေထဲကိုရောထည့်လိုက်” ဟု

ဆက်ပြောသည်။

ကလေးမလေးက

မျက်တောင်ခတ်လိုက်ပြီး "အဖိုး၊ ငါတို့မှာ

ဒီသွေးစက်မျိုးအများကြီးမကျန်တော့

ဘူး"

အဘိုးကြီးက ပြုံးပြီး

“အဆင်ပြေပါတယ်။ သူ့ကိုသုံးပါစေ။

မင်းရဲ့အဖိုးပြောတာကို နားထောင်ပါ။

ကောင်းကောင်းလုပ်ခဲ့..."

“အိုး...” ကလေးမလေးက

သူမ၏အရိုးခြောက်တုတ်ကို

ဘေးချထားကာ ကျောက်စိမ်းပုလင်းကို

ယူပြီး ဝါးအိမ်ထဲသို့ ပြေးဝင်သွားခဲ့သည်။

“အကြီးအကဲ…” ပိုင်ဇီရှန် က သူမရှေ့ရှိ အဘိုးကြီးကို အံ့သြစွာ စိုက်ကြည့်နေသည်။

အဘိုးကြီးက "ငါနဲ့လိုက်ခဲ့…"

ထို့နောက် နောက်ပြန်လှည့်ကြည့်ကာ အိမ်ထဲသို့ လျှောက်ဝင်သွားသည်။

ပိုင်ဇိရှန် ဟာ အကြာကြီး
ငြိမ်သက်သွားပြီးနောက်
အဘိုးကြီးနောက်ကနေ
လိုက်လာခဲ့သည်။

ထွက်ပြေးရမလား

အဘိုးကြီး၏ခွန်အားက သူမအတွက်
နားမလည်နိုင်အောင် ဖြစ်နေသောကြောင့်
လုံးဝမဖြစ်နိုင်ပေ။ အထူးသဖြင့်

လက်ရှိတွင် ယန်ယဲ့သည်
ဒုက္ခိတဖြစ်လုနီးပါးအထိ
ဒဏ်ရာရနေခဲ့၏။ ထို့အပြင်
အဘိုးကြီးက ရန်ငြိုးရန်စမရှိပေ။

ပိုင်ဇီရှန် က ယန်ယဲ့ကို ပွေ့ချီထားလျက်
ဝါးအိမ်လေးထဲသို့ လိုက်ဝင်သွားသည်။

အိမ်ထဲတစ်နေရာတွင်
ရေချိုးစည်တစ်လုံးရှိနေခဲ့သည်။

အထဲတွင် သွေးရောင်ရေများရှိနေသည်။
ဒီအချိန်မှာ ရေများပွက်ပွက်ထနေ၏။

အဘိုးကြီးက ရုတ်တရက် ပြောခဲ့သည်
“သူ့ကို ရေချိုးစည်ထဲမှာ
ထည့်ထားလိုက်”

ပိုင်ဇိရှန် က အံ့သြသွားပြီး "ဘာလို့လဲ"

အဘိုးကြီးက “သူ့အတွက် ကောင်းတယ်” ဟု ရှင်းပြသည်။

ကလေးမလေးက နှုတ်ခမ်းကို ဖိကိုက်လိုက်ပြီး "အရမ်းနာတယ်"

အဘိုးကြီးက သူမကို စိုက်ကြည့်ရင်း “မင်း ဒီလောက် ခွန်အားတွေ ဘယ်လို ရနိုင်မှာလဲ”

ကလေးမလေးက တခစ်ခစ်ရယ်ပြီး
သူမ၏အရိုးခြောက်တုတ်ကို
ပွတ်သပ်နေသည်။

အဘိုးကြီးက ပိုင်ဇိရှန် ကို
စိုက်ကြည့်လျက် "ငါက မူလခေတ်ရဲ့
လူရိုင်းနတ်ဘုရားမျိုးနွယ်ကနေ
ဆင်းသက်လာတာပဲ။ မင်းအတွက်
ငါ့မျိုးနွယ်စုအကြောင်းကို
သိပ်မသိနိုင်ဘူးလေ။ ငါတို့မျိုးနွယ်က

ကံကြမ္မာကို ခန့်မှန်းဖို့ မေ့ဖွားလာတာပါ။

ငါ သူ့ကို အကြောင်းပြချက်တစ်ခုနဲ့

ကူညီနေတာပါ။ သူ့မှာ ကြီးမားတဲ့

ကံတရားရှိနေလို့လို့ပဲမှတ်ထားလိုက်။

နောင်အနာဂတ်မှာ သူ့အကူအညီလိုတာ

တစ်ခုခုတော့ ရှိတယ်။ ဒါ့ကြောင့်

လုံးဝစိတ်ပူစရာမလိုပါဘူး။ ဒါ့အပြင်

ငါ့ကို ရိုးရိုးသားသားပြောခွင့်ပြုပါ။ ငါ

သူ့ကိုသတ်ချင်ရင် မင်းတို့နှစ်ယောက်လုံး ငါ့ကို တားလို့မရဘူး"

ပိုင်ဇီရှန် က အကူအညီမဲ့စွာ ရယ်မောရင်း "အကြီးအကဲ၊ သူ့မှာ အပြင်လောကကိုပြန်ရောက်တာနဲ့ ရန်သူတွေ အများကြီးရှိတယ်ဆိုတာ မသိမှာစိုးတယ်။ ဒါ့ကြောင့် အကြီးအကဲ ပြောခဲ့တာကို ငါတကယ်မယုံချင်ဘူး"

အဘိုးကြီးက ပြုံးပြီး “တချို့အရာတွေကို

မမြင်နိုင်လို့ သူ့ကိုသတ်ချင်နေတာ၊

တချို့အရာတွေကို ငါမြင်နိုင်လို့ သူ့ကို

ကူညီပေးနေတယ်။ ဒါ့ကြောင့် ငါ သူ့ကို

ကူညီဖို့ ရွေးချယ်ခဲ့တယ်။

ရန်သူတွေရှိနေရင် သဘာဝအတိုင်း

မိတ်ဆွေတွေရှိရမယ်။ ငါက

သူ့ကိုမိတ်ဆွေဖို့ဖို့ပဲ ရွေးလိုက်တယ်"

ပိုင်ဇိရှန် က အဘိုးကြီးကို
တစ်ချက်စိုက်ကြည့်လိုက်သည်။
ထို့နောက် စကားထပ်မပြောတော့ဘဲ
ယန်ယဲ့ကိုမြှောက်ကာ
ရေချိုးစည်ထဲပစ်ထည့်လိုက်သည်။

ရေချိုးစည်ထဲသို့ ကျသွားသည်နှင့်
တပြိုင်နက် ယန်ယဲ့၏ခန္ဓာကိုယ်ဟာ
ပြင်းထန်စွာ တုန်ခါသွားသည်။ ရေထဲမှ
သွေးနီရောင်အလင်းတန်းများဟာ

တဖြည်းဖြည်း လျော့နည်းလာသည်။
သို့သော်လည်း ယန်ယဲ့၏မျက်နှာက
ညှိုးနွမ်းသွားခဲ့ခဲ့သည်။

သချာသည်မှာ သူက
ပြင်းထန်သောနာကျင်မှုကို
ခံစားနေရတာဖြစ်နိုင်ပါသည်။

ပိုင်ဇိရှန် က အဘိုးကြီးကိုကြည့်လိုက်ရာ
သူက အနည်းငယ်ပြုံးပြီး

"အဆင်ပြေပါတယ်။ သူက
နတ်ဘုရားသွေးစက်ကို စုပ်နေတာ"

ပိုင်ဇီရှန် က  "နတ်ဘုရားသွေးစက်လား"

အဘိုးကြီးက “ ရှေးဟောင်းခေတ်
လူရိုင်းနတ်ဘုရားရဲ့ သွေးအဆီအနှစ်။
လွန်ခဲ့တဲ့နှစ်တွေမှာ
ငါနည်းနည်းကံကောင်းလို့

နတ်ဘုရားသွေးစက်နည်းနည်း

ရထားတယ်"

"အရမ်းတန်ဖိုးကြီးတယ်" ဤအချိန်တွင်

ကလေးမလေးက

ရုတ်တရက်ပြောခဲ့သည်

"သားသတ်သမားက အဖိုးကို

တောင်းနေတာကြာပြီလေ။ ဒါပေမဲ့

အဖိုးက သူ့ကို တစ်စက်မှ မပေးခဲ့ဘူး။

ဟုတ်တယ်၊ အဲဒီအထဲမှာ

ရှားပါးတဲ့ဆေးပင်တွေ

အများကြီးရှိတယ်၊ အကုန်လုံးကလည်း

အဖိုးတန်တယ်။ ငါတို့ကျ တစ်နှစ်ကို

တစ်လုံး နှစ်လုံးပဲ ပေးပေမယ့် အခု

အကုန်လုံး သုံးနေတယ်။ ဟမ်..."

ကလေးမလေးက

မကျေနပ်ဖြစ်နေသည်မှာသိသာလှသည်။

ယခင်က ထိုဆေးအမယ်များနှင့်

နတ်ဘုရားသွေးစက်များက

သူမအတွက်ဖြစ်ခဲ့သည်။ သို့သော်လည်း ယခုအချိန်မှာတော့ ယန်ယဲ့အတွက် အကုန်လုံးသုံးပစ်လိုက်သည်။ ထို့ကြောင့် သဘာဝအတိုင်းပင် မကျေမနပ်ဖြစ်နေ၏။

အဘိုးကြီးက ကလေးမလေး၏ခေါင်းကို ပွတ်သပ်ရင်း “မင်း နောင်မှာ ပိုအားကောင်းလာလိမ့်မယ်”

ဝိညာဉ်စွမ်းအင် ...။

အမှန်တော့ ဝမ်အရှူးမလေး
(ကလေးမလေး)က လူသားမဟုတ်ပေ၊
ထို့အပြင် သူမ၏ခန္ဓာကိုယ်လေးက
အကန့်အသတ်ကိုရောက်နေပါပြီ။
နှစ်ပေါင်းထောင်နဲ့ချီ ကျင့်ကြံတာအပြင်
ရှေ့ဆက်တိုးရန်တစ်ခုတည်းသောနည်း
လမ်းက ဝိညာဉ်စွမ်းအင်ကို
စုပ်ယူရန်သာ။ ထိုအခြေအနေက

ယန်ယွဲ့ကို ကူညီလိုက်သော
အကြောင်းရင်းအမှန်ပင်။

ကလေးမလေးက တခစ်ခစ်ရယ်ပြီး
“အဆင်ပြေပါတယ်။ ငါ တော်တော်
အစွမ်းထက်နေပြီ”

အဘိုးကြီးက ပြုံးပြီး ရေချိုးစည်ကို
စိုက်ကြည့်လိုက်သည်။ ဤအချိန်တွင်
ယန်ယွဲ့ သည် ရုတ်တရက်

မျက်လုံးပွင့်လာသည်။ သူ့ထံမှ ပြင်းထန်သော စိတ်ဆန္ဒလှိုင်းတစ်ခု ထွက်လာသည်။

တစ်ချိန်တည်းမှာပင် အဘိုးကြီးက သူ့လက်ကို ဆန့်ထုတ်ပြီး ညင်သာစွာ ဖိလိုက်သည်။

လက်ဝါးမှ သိမ်မွေ့သောအားလှိုင်းတစ်ခု
ထွက်လာပြီး အရှူးဆန္ဒကို ယန်ယွဲ့ထံ
ချက်ချင်းပြန်တွန်းပို့လိုက်သည်။

ထိုမြင်အားမြင်သောအခါ
ပိုင်ဇိရှန်၏မျက်လုံးများဟာ
ပြူးကျယ်သွားခဲ့သည်။

အဘိုးကြီး၏ ခွန်အားက

ထင်ထားသည်ထက် အဆပေါင်းများစွာ

ပိုပြီးသန်မာနေ၏။

ယန်ယဲ့၏ခန္ဓာကိုယ်ဟာ ရေချိုးစည်ထဲ၌

ပြင်းထန်စွာတုန်လှုပ်နေသည်။

ဤအတောအတွင်း

သွေးနီရောင်အရည်များဟာ

တဖြည်းဖြည်း လျော့နည်းလာသည်။

တစ်ချိန်တည်းမှာပင်

ယန်ယဲ့၏ခန္ဓာကိုယ်ဟာ ထူးဆန်းစွာပဲ

ပြောင်းလဲသွားသည် ။

အချိန်တော်တော်ကြာပြီးနောက်တွင်

ရေချိုးစည်ထဲမှ

သွေးနီရောင်အရည်များအကုန်နီးပါးကုန်

သွားတော့သည်။

ဤအချိန်တွင် ယန်ယဲ့၏မျက်နှာက

ရှုံ့မဲ့နေကာ ပြင်းထန်သောနာကျင်မှုကို

တောင့်ခံနေပုံရလေသည်။

အဘိုးကြီးက ယန်ယဲ့၏ခန္ဓာကိုယ်ကို

အထက်အောက်လှန်လှောကြည့်ရင်း

“သူ့ရဲ့ အခြေခံအုတ်မြစ်က မဆိုးပါဘူး။

မဟုတ်ရင် သူ့အပေါ်မှာ

ဒီနတ်ဘုရားသွေးစက်ကို မသုံးရဲဘူး”

ပိုင်ဇိရှန် က ရုတ်တရက်မေးလိုက်သည်

"သူ့ခန္ဓာကိုယ်က တိုးလာမှာလား"

အဘိုးကြီးက ခဏလောက်စဉ်းစားပြီး

“သေချာမပြောတတ်ဘူး။ ဒါပေမဲ့

အဲဒီလိုမဟုတ်ရင်တောင်

သာမန်မူလတာအိုသခင်တွေက သူ့ကို

လွယ်လွယ်နဲ့

ဒုက္ခပေးနိုင်တော့မှာမဟုတ်ဘူး”

ပိုင်ဇိရှန် က ထိတ်လန့်သွားသည် "ဒါက
ကြောက်စရာမဟုတ်ဘူးလား"

အဘိုးကြီးက ပိုင်ဇိရှန်ကို
တစ်ချက်ကြည့်လိုက်ပြီး “မူလခေတ်က
လူရိုင်းနတ်ဘုရား ဆိုတာ ဘာလဲ
မင်းမသိပါဘူး။ အဲဒီလိုဖြစ်တာနဲ့တင်
ကြောက်စရာလို့ မထင်ပါနဲ့။
မူလခေတ်မှာ နတ်ဘုရားတွေလို့
သမုတ်ထားတဲ့အရာတွေဟာ

ကံကြမ္မာကတောင်

အလွယ်တကူရန်မစရဲတဲ့တည်ရှိမှုတွေ”

ပိုင်ဇိရှန် က "ကံတရားက

တကယ်ရှိသလား"

အဘိုးကြီးက ပြန်မဖြေဘဲ

ပြုံးရုံသာပြုံးပြီး နှုတ်ဆိတ်နေခဲ့သည်။

ပိုင်ဇိုရှန်က အခြေအနေကို

သဘောပေါက်သွားပြီး

ဆက်မမေးတော့ပေ။

ရေချိုးစည်ကိုသာ

စိုက်ကြည့်နေလိုက်သည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့သည်

သွေးနီရောင်အရည်များ

လုံးလုံးလျားလျားစုပ်ယူပစ်လိုက်သည်။

ဤအတောအတွင်း အဘိုးကြီးက “သူ့ခန္ဓာကိုယ်ကို နည်းနည်းလျှော့တွက်မိလိုက်တာထင်တယ်” ဟု တိုးတိုးလေးပြောလိုက်ပါသည်။

သူက ခဏလောက် တုံ့ဆိုင်းသွားပြီး ကျောက်စိမ်းပုလင်းဖြူကို ထုတ်ယူလိုက်သည်။ ထို့နောက် ပုလုံးအဖုံးဖွင့်ကာ နောက်ဆုံးကျန်နေသော သွေးတစ်စက်ကို

ယန်ယဲ့၏ခေါင်းပေါ်ကနေ

လောင်းချလိုက်လေသည်။

ဘမ်း...

သွေးစက်က ယန်ယဲ့၏ခေါင်းထဲကို

ချက်ချင်းစိမ့်ဝင်သွားပြီး

သွေးကြောများတစ်လျှောက်

ပြန့်နှံ့သွားပါတော့သည်။

ရှဲ …ရှဲ …ရှဲ..

ထိုခဏလေးမှာပဲ

ယန်ယဲ့၏ခန္ဓာကိုယ်ကနေ မီးတောက်များ

ထတောက်လာပါသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

# အပိုင်း ၂၆၇၇ - "မူလတာအိုအဆင့် ရုပ်ခန္ဓာ..."

ယန်ယွဲ့၏တစ်ကိုယ်လုံး ပူလောင်နေခဲ့သည် ။

ဤအချိန်တွင် သူ့တစ်ကိုယ်လုံး မီးတောက်များ ဖုံးလွှမ်းထားသည်။

မီးတောက်များ

တမြည့်မြည့်လောင်ကျွမ်းနေလေရာ

ယန်ယွဲ့၏ခန္ဓာကိုယ်ဟာ မြင်သာတဲ့နှုန်းနဲ့

ပြောင်းလဲသွားပါတော့သည်။

ထိုကဲ့သို့ပင်

နာရီအနည်းငယ်ကြာသည့်တိုင်အောင်

မီးတောက်များလောင်ကျွမ်းနေခဲ့သည်။

ထို့နောက် တဖြည်းဖြည်း

ပြန့်ကျဲကာပျောက်ကွယ်သွား၏။

ဤအချိန်တွင် ယန်ယဲ့အရေပြားက

နီရဲနေကာ အချိန်တော်တော်ကြာမှသာ

တဖြည်းဖြည်း ပုံမှန်ပြန်ဖြစ်လာခဲ့သည်။

ဤအတောအတွင်း အဘိုးကြီးက

သူ့လက်ကို ရုတ်လိုက်သည်။ ထို့နောက်

ယန်ယဲ့ကို စိုက်ကြည့်ကာ

အနည်းငယ်ပြုံးရင်း "နဂိုက

နတ်ဘုရားသွေးတစ်စက်လောက်နဲ့

မင်းရဲ့ခန္ဓာကိုယ်က

မူလတာအိုအထွတ်အထိပ်အဆင့်ကို

ရောက်မယ်လို့ ငါထင်ခဲ့တာ။ ဒါပေမဲ့

မင်းရဲ့ ခန္ဓာကိုယ်က

နတ်ဘုရားသွေးတစ်စက်တင်မကဘူး၊

နှစ်စက်စလုံးကို အပြည့်အဝ စုပ်ယူနိုင်ဖို့

ငါ မမျှော်လင့်ထားဘူး။ မင်းရဲ့

အခြေခံအုတ်မြစ်က

တကယ်ကောင်းလွန်းတယ်”

ဟူ၍ပြောလိုက်ပါသည်။

ပိုင်ဇီရှန်က အဘိုးကြီးအား
စိုက်ကြည့်ရင်း "သူ့ခန္ဓာကိုယ်က
မူလတာအိုအဆင့် မှာလား"

အဘိုးကြီးက အနည်းငယ်
ခေါင်းညိတ်ပြပြီး "သူ့ခန္ဓာကိုယ်က
မူလတာအိုအဆင့်ရဲ့ အထွတ်အထိပ်မှာ
ရှိနေတယ်"

ထိုစကားကြားသောအခါ

ယန်ယွဲ့ကိုစိုက်ကြည့်နေရင်း ပိုင်ဇီရှန်၏

မျက်လုံးထဲမှ ပျော်ရွှင်မှု တစ်ချက်

တောက်ပလာသည်။ လက်ရှိတွင်

ယန်ယွဲ့ဟာ ယခင်ကထက်အများကြီး

ပိုသန်မာလာခဲ့ပြီမဟုတ်ပါလား။

သို့သော် သူမက တစ်ခုခုကို

တွေးနေပုံရပြီး အဘိုးကြီးအား

အလျင်စလို စူးစိုက်ကြည့်ကာ

"အကြီးအကဲ၊ သူ့ကို သတိပြန်ရအောင်
လုပ်ပေးနိုင်မလား"

အရူးစိတ်ကို
ကုသပေးနိုင်မလားဟုမေးလိုက်တာပါ။

အဘိုးကြီးက ယန်ယွဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး
အနည်းငယ်ကြာအောက်
ငြိမ်သက်သွား၏။ ထို့နောက် ခေါင်းကို

အနည်းငယ်ခါယမ်းကာ "ငါတို့ မလုပ်ရင် အကောင်းဆုံးပဲ"

ပိုင်ဇိရှန် က "ဘာလို့လဲ" ဟုမေးလိုက်ပါသည်။

အဘိုးကြီးက “ဒါကို ငါလုပ်ရင် သူ့ရဲ့ အရှုးစိတ်ကို လုံးဝဖိနှိပ်ထားနိုင်တာတော့ သေချာပါတယ်။ ဒါပေမဲ့ သူ့ခန္ဓာကိုယ်နဲ့တစ်သားတည်းဖြစ်နေ

တော့ သူ့အတွက်

အရမ်းအန္တရာယ်များလိမ့်မယ်”

ပိုင်ဇိရှန် က

"အခြားနည်းလမ်းမရှိဘူးလား"

အဘိုးကြီး “အဲဒါက

သဘာဝအတိုင်းရှိတယ်။ ဒါပေမဲ့

သူ့ကိုယ်သူ အားကိုးရလိမ့်မယ်။

သူ့ကိုယ်သူထိန်းနိုင်ရင် အရှူးစိတ်က ဘယ်လောက်ပဲ ပြင်းထန်နေပါစေဦးတော့ ငြိမ်နေရမယ်။ ဒါ့ကြောင့် အကောင်းဆုံးနည်းလမ်းက သူ့ကိုယ်သူ ဖိနှိပ်ဖို့ပါပဲ”

ပိုင်ဇိရှန် က အကူအညီမဲ့စွာ ရယ်မောလိုက်ပြီး "ပြဿနာက လောလောဆယ်

သတိပြန်မရနိုင်တော့ဘူး၊ ဒါဆို
သူ့ကိုယ်သူ ဖိနှိပ်လို့ မရဘူး"

အဘိုးကြီးက အနည်းငယ်
ခေါင်းညိတ်ပြပြီး "နောက်တစ်နည်းတော့
သူ့ဓားစိတ်ဆန္ဒနဲ့
သတ်ဖြတ်ခြင်းစိတ်ဆန္ဒပဲ။ သူရဲ့
အရူးစိတ်နဲ့ တူညီတဲ့ အဆင့်အထိ
တိုးတက်အောင် လုပ်နိုင်ရင်
နှစ်ခုပေါင်းပြီးဖိနှိပ်ထားလို့ရတယ်"

"စိတ်ဆန္ဒနှစ်ခုကို ပေါင်းစပ်မှာလား..."

ပိုင်ဇီရှန် က ထိတ်လန့်တုန်လှုပ်သွားပြီး

"သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နဲ့ ဓားစိတ်ဆန္ဒ

က တစ်ခုချင်းစီဆိုရင်

မပြင်းထန်ဘူးလား"

"ဘယ်ဟုတ်မလဲ" အဘိုးကြီးက

“အရှူးစိတ်က

အစွမ်းရောက်နေတဲ့စိတ်ဆန္ဒတစ်ခုလေ။

သူ အခု စိတ်လွတ်ပြီးရှုးနေတာ။ ဒါဟာ
ဘာကိုမှ မကြောက်တတ်တော့ သူ့ရဲ့
ခွန်အားကို ကမ္ဘာပေါင်းစုံမှာ
သိသိသာသာ တိုးတက်လာစေတယ်။
ဒါ့ကြောင့် ဓားစိတ်ဆန္ဒပဲဖြစ်ဖြစ်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒပဲဖြစ်ဖြစ်
တစ်ခုတည်းနဲ့ ဖိနှိပ်ထားလို့မရနိုင်ဘူး။
စိတ်ဆန္ဒနှစ်ခုလုံးပေါင်းစပ်ထားမှပဲ
အရှူးစိတ်ကို ဖိနှိပ်ဖို့ဖြစ်နိုင်မယ်”

သူက ခဏရပ်ပြီး

“နောက်တစ်နည်းရှိသေးတယ်။ သူ့ကို

မူလတာအိုအဆင့်

တက်လှမ်းနိုင်အောင်လုပ်ပေးလိုက်။

ဒါဆိုရင် သူက

သတိပြန်လည်လာနိုင်တယ်။ ပြီးတော့

သူ့ကိုယ်သူထိန်းထားနိုင်လိမ့်မယ်။

အတိုချုပ်ပြောရရင်တော့

ဒီအရာအားလုံးက

သူ့အပေါ်မှာပဲမူတည်တယ်”

ပိုင်ဇီရှန် က ခါးသက်သက်

ရယ်မောလိုက်ပြီး "ဒါက

မဖြစ်နိုင်လောက်ပါဘူး"

"တကယ်မလွယ်ဘူး" အဘိုးအိုကြီးက

အနည်းငယ် ခေါင်းညိတ်ကာ ခဏမျှ

စဉ်းစားနေပြီး “သူ့ရဲ့ အရူးစိတ်နဲ့

သေလွှန်သူဝိညာဉ်တွေကို

ယာယီတော့ဖိနှိပ်ထားလိုက်ပါ့မယ်လေ။

ဒါမှပဲ သူက

နည်းနည်းလေးစိတ်ကောင်းဝင်နေမှာ” ဟု

ပြောပြီး သူ၏ညာလက်ကိုမြှောက်ကာ

ယန်ယွဲ့၏ခေါင်းပေါ်တင်လိုက်သည်။

ဘမ်း...

ယန်ယဲ့ထံမှ

ကြောက်မက်ဖွယ်ကောင်းသော

စိတ်ဆန္ဒလှိုင်းတစ်ခု ထွက်လာသည်။

တစ်ချိန်တည်းမှာပင်

သူ့လက်ဝါးအလယ်မှ

သေလွန်သူဝိညာဉ်များ ထွက်လာသည်။

ဘုန်း…

အဘိုးကြီး၏ ခန္ဓာကိုယ်သည်

အနည်းငယ် တုန်ခါသွားသော်လည်း

သူ့လက်ဝါးဖြင့် ဖိထားလိုက်ရာ

အရှူးစိတ်နှင့် သေလွန်သူဝိညာဉ်များဟာ

အထဲပြန်ဝင်သွားသည်။

တစ်ချိန်တည်းမှာပင်

ယန်ယဲ့၏ခေါင်းပေါ်၌

သွေးစက်ပိုင်းတစ်ခု ပေါ်လာသည်။

ပိုင်ဇိရှန် က အံ့သြသွားပြီး "အဲဒါက ဘာလဲ"

ဟုမေးလိုက်သည်။

အဘိုးကြီးက “ချိတ်ပိတ်စည်း။ ဒါက သူ့ရဲ့အရှုးစိတ်နဲ့သေလွန်သူဝိညာဉ်တွေကို ယာယီချိတ်ပိတ်ထားတယ်။ ဒီတော့ သူက လောလောဆယ် နည်းနည်း ပုံမှန်ဖြစ်လိမ့်မယ်။ အနည်းဆုံးတော့

မြင်မြင်သမျှလူတိုင်းကို

သတ်ဖို့ကြိုးစားမှာမဟုတ်ဘူး။

ကောင်းပြီ၊ ငါက ဆေးအမယ်တွေနဲ့

သားရဲသွေးတွေရှာဖို့ တောင်ပေါ်ကို

ခဏသွားလိုက်ဦးမယ်။ ငါမရှိတဲ့အချိန်မှာ

သူ့ကိုသေချာလေးဂရုစိုက်ထား။

သူ့ခန္ဓာကိုယ်က အခုကစလို့

မြန်မြန်သန်မာလာဖို့ လိုတယ်”

"ငါလည်းလိုက်မယ်" ဤအချိန်တွင်

ကလေးမလေးက ဆတ်ခနဲ

အော်လိုက်သည်။

အဘိုးကြီးက သူမကို စိုက်ကြည့်ရင်း

“ကောင်းပြီ” ဟုခေါင်းညိတ်ပြသည်။

ထို့နောက် ပိုင်ဇိရှန် ကိုစိုက်ကြည့်ရင်း

"အခုချက်ချင်း ဒီရွာကထွက်သွားဖို့

မစဉ်းစားနဲ့ဦး။ ပြီးတော့ သူ့ကို

ရွာအနောက်ဖက်က တောင်တန်းတွေဆီ

မခေါ်သွားမိစေနဲ့။ ဒီရွာအပြင်ဖက်

ရေိယာနဲ့

အနောက်ဖက်တောင်တန်းတွေက

မင်းတို့နှစ်ယောက်အတွက်

အရမ်းအန္တရာယ်များတယ်”

ပိုင်ဇိုရှန် က ခဏတုံ့ဆိုင်းသွားပြီး

"အကြီးအကဲ၊ ဒီနေရာက ဘာလဲ"

အဘိုးကြီးက ပြုံးပြီး “တချို့တွေအတွက် နားခိုရာ”…

ဟုပြောပြီး တဟားဟားရယ်မောကာ ဝါးအိမ်ထဲမှ ထွက်သွားခဲ့သည်။

ဤအချိန်တွင် ကလေးမလေးက ရေချိုးစည်ဆီအနားသို့ လျှောက်သွားသည်။ ထို့နောက် လေထဲသို့

ခုန်တက်ကာ ရေချိုးစည်ထဲရှိ ယန်ယဲ့ကို

ငုံ့ကြည့်ပြီး "သူက ရှူးနေတာလား"

ပိုင်ဇီရှန် က ပြန်မဖြေဘဲ

တိတ်ဆိတ်နေခဲ့သည်။

ကလေးမလေးက

လက်ချောင်းတစ်ချောင်းကို

ဆန့်ထုတ်ကာ ယန်ယဲ့၏နဖူးကို

ပုတ်လိုက်ပြီးနောက် "တကယ်ဆို

ငါ့အဖိုးက အရမ်းတွန့်တိုတတ်တဲ့သူ။

ဒီနတ်ဘုရားသွေးစက်ကိုသုံးခွင့်ပေးလိုက်

တာက

သူ့ကိုတကယ်နာကျင်စေလိမ့်မယ်၊ ဒါဆို

ငါ့အဖိုးက ဘာလို့

ဒီလောက်ရက်ရောရတာလဲ။ ပြီးတော့

အသက်ကြီးနေခါမှ စွန့်စွန့်စားစားနဲ့

တောင်တန်းတွေလို

အန္တရာယ်ရှိတဲ့နေရာကိုသွားနေတယ်။

အိုး..သူက

ငါ့အဖိုးရဲ့တရားမဝင်ကလေးများလား"

ပိုင်ဇိရှန်က ဘာပြောရမှန်းမသိတော့ပေ။

ဤအချိန်တွင် ယန်ယဲ့က

မတ်တပ်ထရပ်ကာ ပတ်ဝန်းကျင်ကို

ရှုပ်ထွေးစွာ ကြည့်လိုက်ပြီးနောက်

ပိုင်ဇိရှန် အား စူးစိုက်ကြည့်နေသည်။

ထို့နောက် ရေချိုးစည်မှ ထွက်လာပြီး

သူမထံ လျှောက်သွားသည်။

သို့သော်လည်း ယန်ယဲ့၏ခန္ဓာကိုယ်က

အဝတ်ဗလာဖြစ်နေသဖြင့်

ပိုင်ဇီရှန်၏မျက်နှာလေးဟာ

နီရဲသွားသည်။

ကလေးမလေး၏မျက်နှာကသာ

ပုံမှန်အတိုင်း ရှိနေခဲ့သည်။ သူမလေးက

ဘာမှမသိပုံပင်။ နောက်ဆုံးတွင်

ထိုကလေးမလေးက

အရွယ်ရောက်ခါစမိန်းမငယ်လေးတစ်ယောက်သာသာရှိနေသေး၏။

ပိုင်ဇီရှန် က ယန်ယဲ့ကို စိုက်ကြည့်ရင်း "အဝတ်အစားတွေပြန်ဝတ်လိုက်ဦး" ဟုပြောလိုက်သည်။

သို့ရာတွင် ယန်ယဲ့က ဘာမှ မတုံ့ပြန်ပေ။

ပိုင်ဇိရှန်၏မျက်နှာက

မည်းမှောင်သွားသည်။

ခဏအကြာတွင်တော့ ယန်ယဲ့ဟာ

အစိမ်းရောင်ဝတ်စုံကိုထုတ်ယူလိုက်သည်

။ ပိုင်ဇိရှန် က သူ့အနားကို ကပ်သွားပြီး

အဝတ်ကူဝတ်ပေးလိုက်ပါသည်။

ထိုကဲ့သို့ပင်၊ ယန်ယဲ့နှင့် ပိုင်ဇိရှန် တို့ဟာ

ထာဝရကျေးရွာမှ ပြန်ထွက်မသွားဘဲ

ယာယီနေထိုင်ခဲ့ကြသည်။

ဤအတောအတွင်း ယန်ယဲ့၏ရုပ်ခန္ဓာက

မူလတာအိုအထွတ်အထိပ်အဆင့်

သို့ရောက်ရှိသွားခဲ့သည်။ ပိုင်ဇီရှန်

ကတော့အဘိုးကြီးထံမှ

ထာဝရသလင်းကျောက် ၁၀၀

နီးပါးကို ရရှိခဲ့သည်။

ထာဝရသလင်းကျောက် (၁၀၀) ဟာ

မူလတာအိုသခင်များ အတွက်

လုံးဝကိုအဖိုးမဖြတ်နိုင်ပေ။

ထာဝရသလင်းကျောက် များသည်

မူလခေတ်မှ စွမ်းအင်ကျောက်တုံး

အမျိုးအစားဖြစ်၏။ ယခုအခါ

ထာဝရနယ်စပ်၌ အနည်းငယ်သာ

ကျန်ရှိတော့သည် ။

ဤထာဝရသလင်းကျောက်များဟာ

မူလတာအိုသခင်များအတွက်

တော်တော်လေးကို

အထောက်အကူပြုခဲ့သည်။

ထာဝရသလင်းကျောက် (၁၀၀) ခန့်က

ပိုင်ဖိုရှန်အတွက်

ဟင်းလင်းပြင်နတ်ဘုရားအဆင့်

သို့တက်လှမ်းရန်

အရင်းအမြစ်ဟုဆိုနိုင်ပါသည်။

အလွန်များပြားလှသော ပမာဏပင်။

အင်မော်တယ်အိမ်တော်လိုမျိုး

ထာဝရနယ်စပ်၏ အုပ်စိုးသူပင်လျှင်

ထာဝရသလင်းကျောက် (၁၀၀) ကို ချက်ချင်းထုတ်ပေးနိုင်စွမ်းမရှိပေ။

ဤအတောအတွင်း ပိုင်ဇိရှန် သည် ကျင့်ကြံနေရင်း ယန်ယဲ့နှင့်အတူ ထာဝရကျေးရွာ တစ်လျှောက် လည်ပတ်သွားလာခဲ့သည်။

အဘိုးကြီးက သူတို့နှစ်ယောက်ကို လှည့်ပတ်သွားခိုင်းတာပါ။

ရှာတစ်ပါတ်လမ်းလျှောက်ခြင်းသည်

ယန်ယွဲ့အတွက်

အထောက်အကူဖြစ်ကောင်းဖြစ်နိုင်သည်

ဟူ၍ပင်။

ပိုင်ဇီရှန် က အဘိုးကြီး၏ဆိုလိုရင်းကို

နားမလည်သော်လည်း

သူပြောသည့်အတိုင်း

လုပ်ဆောင်နေတုန်းပါ။

နံနက်ခင်းတွင် နေအလင်းရောင်နှင့်အတူ

ရွာသူရွာသားများဟာ

အလုပ်များနေကြသည်။ ပိုင်ဇိုရှန် နှင့်

ယန်ယဲ့ဟာ ဝါးအိမ်မှ ထွက်လာပြီးနောက်

ရွာလယ်လမ်းအတိုင်း

လျှောက်သွားကြသည်။

လမ်းတစ်လျှောက်လုံးတွင်

ရွာသူရွာသားများက ယန်ယဲ့အား

အဆက်မပြတ် လှည့်ကြည့်ပြီး

တစ်စုံတစ်ခုကို ရှာရှတ်နေခဲ့သည်။

သိပ်မကြာလိုက်ပေ၊

သူတို့နှစ်ယောက်ဟာ

အသားဆိုင်ရှေ့ ဖြတ်လျှောက်လာရင်း

ရပ်တန့်သွားကြသည်။ ထို့နောက်

ယန်ယဲ့က အသားဆိုင်

ဆီကိုလျှောက်သွားခဲ့သည်။

သားသတ်သမားက ယန်ယဲ့ ကိုကြည့်ပြီး

"အသားဝယ်ချင်လို့လား"

ဟုမေးလိုက်သည်။

ယန်ယဲ့က အသားဆိုင် ဆီသို့

လျှောက်သွားပြီး အသားများကို

ငုံ့ကြည့်လိုက်သည်။ အသားက

သာမာန်သားရဲ့အသားမဟုတ်ပဲ

ခရမ်းနက်ရောင်အသားတုံးများပင်။သေ

သေချာချာ ကြည့်လိုက်ပါက

အသားတုံးများကနေ ကြယ်ရောင်များလို

အလင်းတန်းများ

တလက်လက်တောက်ပနေတာကို

မြင်ရမှာပါ။

သားသတ်သမားက တစ်ချက် ရယ်ပြီး

“ထာဝရသလင်းကျောက် ၅၀ ကျမယ်”

ထာဝရသလင်းကျောက် ၅၀ လား ။

ပိုင်ဇိရှန်၏ အမူအရာက ပြောင်းသွားပြီး

"ဒါက စျေးကြီးတာမဟုတ်ဘူးလား"

ထာဝရသလင်းကျောက် ၅၀ ဟူသော

ပမာဏက

ဘယ်လောက်တန်ဖိုးရှိသနည်း။

အကယ်၍

အပြင်လောကတွင်သာဆိုပါက

ထာဝရသလင်းကျောက် ၅၀ ဟာ

မူလတာအိုသခင် ၃ ပါး၏ အကူအညီကို ဝယ်ယူနိုင်သည်ဟု ဆိုနိုင်သည်။

လက်ရှိမှာတော့

အသားတစ်တုံးလောက်ကို

ထာဝရသလင်းကျောက် ၅၀

ဟူ၍ရောင်းချနေ၏။ ပိုင်ဇီရှန်၏စိတ်ထဲ၌

သားသတ်သမားကို

ဓားပြတစ်ယောက်ဟုပင်ခေါ်နေခဲ့သည်။

သားသတ်သမားက ပိုင်ဇီရှန်ကို
တစ်ချက်ကြည့်ကာ ရယ်မောလိုက်ပြီး
“သူ့တန်ဖိုးကို သိတဲ့သူတွေအတွက်တော့
ဈေးမကြီးပါဘူး။ ဟော့၊
မင်းဘေးနားမှာရပ်နေတဲ့ ဒီလူက
တန်ဖိုးကို သိတယ်”

ပိုင်ဇီရှန် က ယန်ယဲ့ကို စိုက်ကြည့်ကာ
မေးမြန်းရန်ပြင်လိုက်၏။ ဒီအချိန်မှာ

ယန်ယဲ့က အငါးတစ်တွဲကို ဆွဲယူပြီး

ပြန်ထွက်သွားသည်။

ပိုင်ဇီရှန်က စကားမပြောနိုင်ဘဲ

လုံးလုံးအံ့အားသင့်သွားသည်။

အလားတူပင်၊ သားသတ်သမား လည်း

အံ့အားသင့်သွားသည်။

အနီးနားရှိ ရွာသူရွာသားများ၏
မျက်လုံးများကလည်း အံ့သြမှုတို့ဖြင့်
ပြည့်နှက်နေသည်။

ဤအချိန်တွင် တစ်စုံတစ်ယောက်
ရုတ်တရက် အော်ပြောလိုက်လေသည်

“သောက်ကျိုးနည်း။
တစ်စုံတစ်ယောက်က

သားသတ်သမားဆီကနေ

လုယက်နေတယ်”

ရွာအပြင်ဖက် ခုံတန်းလျားပေါ်တွင်

အိပ်စက်နေသော

ကလေးမျက်နှာအဘိုးကြီးက ရုတ်တရက်

ထခုန်ပြီး “သားသတ်သမားဆီက

လုယက်သွားတာလား။

ဒီလိုလုပ်ရဲတဲ့ကောင်က ဘယ်သူလဲ"

ထိုစကားပြောပြီးတာနဲ့ နေရာမှာတင်

ပျောက်သွားသည်။

သိပ်မကြာလိုက်ပေ၊ အသားဆိုင်ရှေ့တွင်

ရွာသူရွာသားများ

စုရုံးလာကြတော့သည်။

ဤအချိန်တွင် ဝမ်အရှူးမလေးပင်

ရောက်နေ၏။ ယန်ယဲ့က အသားတွဲကို

ကိုင်ပြီး ထွက်သွားသောအခါ

ကလေးမလေး၏မျက်လုံးထဲ၌

ဝမ်းသာအားရဟန်များပေါ်လာလေသည်

။

သားသတ်သမားက

အချိန်အတော်ကြာအောင်

အံ့အားသင့်နေ၏။

ခဏကြာမှသာသတိပြန်ဝင်လာခဲ့သည်။

ဒီအချိန်မှာ ယန်ယဲ့က

အတော်ဝေးဝေးကိုပင်ရောက်နေလေပြီ။

သို့သော် သားသတ်သမားက ယန်ယဲ့၏ရှေ့တည့်တည့် အာကာသထဲမှ ထွက်ပေါ်လာသည်။

သားသတ်သမားက ယန်ယဲ့ကို စိုက်ကြည့်ပြီး “ကလေး၊ စိတ်မနှံ့လို့ မင်း စိတ်တိုင်းကျ လုပ်နိုင်မယ် မထင်နဲ့။ အရင်ကလည်း လူတွေက ငါ့ဆီကနေ လုယူကြတယ်။ ဒါပေမဲ့ အခုအချိန်မှာ သူတို့အားလုံးက မြေကြီးထဲမှာ

လဲလျောင်းနေကြပြီ။ မင်း ...
လုပ်ရဲသလား..."

ဤအချိန်တွင် ယန်ယဲ့က ဓားဆွဲထုတ်ပြီး
သားသတ်သမား၏ခေါင်းကို
ခုတ်ချလိုက်လေသည်။

သားသတ်သမား၏ မျက်နှာက ချက်ချင်း
မမြင်နိုင်လောက်အောင် ဖြစ်သွားသည်။
သူက ဒေါသတကြီးနဲ့ "ကလေး၊ မင်း

ပုံမှန်ပြန်ဖြစ်သင့်ပြီ မဟုတ်လား။

အခုတော့ ဘာကြီးလဲ။ မင်းဟာ ငါ့ဆီက

လုယက်ရုံတင်မကဘူး၊ ငါ့ကိုလည်း

သတ်ချင်နေတာလား။ ကောင်းပြီ၊ မင်းမှာ

ဘောတွေရှိတယ်”

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

# အပိုင်း ၂၆၇၈ - မူလဆေဘာဂိုဏ်း

ယန်ယဲ့က သားသတ်သမားအား

တိုက်ခိုက်နေသဖြင့် စောင့်ကြည့်နေသည့်

ရှာသူရှာသားများဟာ

အံ့သြသွားကြသည်။

ဒီကလေးကဘာလုပ်ဖို့ကြိုးစားနေတာလဲ

။

သိပ်မကြာလိုက်ပါ၊

လူတိုင်း၏မျက်နှာပေါ်တွင်

ထူးဆန်းတဲ့မှုအရာတွေပေါ်လာလေသည်

။

ယန်ယဲ့က သားသတ်သမားကို

သတ်ချင်နေတာပါ။

ရှာသူရှာသားများက သူတို့ရှေ့မှ
မြင်ကွင်းကို
စိတ်ဝင်တစားကြည့်နေခဲ့သည်။

ဤအချိန်တွင် သားသတ်သမားက
ယန်ယဲ့ရှေ့မှာ ပေါ်လာသည်။ ထို့နောက်
သူ၏လက်ဝါးစောင်းကို
ဓားပုံစံပြောင်းကာ ယန်ယဲ့အား
ပိုင်းချလိုက်လေသည်။

သားသတ်သမား၏ လက်ဝါးမှ

ဓားစွမ်းအင်တစ်စင်း

ပြေးထွက်လာသည်။

အုန်း...

ယန်ယဲ့သည် ခုခံနိုင်လိုက်ခြင်းမရှိပေ၊

ရှာအပြင်ဖက်သို့ လွင့်ထွက်သွားခဲ့သည်။

ဤအတောအတွင်း ဝမ်အရှူးမလေးက
မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး
အဝေးကို လျင်မြန်စွာ
ပျောက်ကွယ်သွားသည်။

ကလေးမလေးက တိုက်ပွဲကို
ဆက်ပြီးစောင့်မကြည့်တော့ဘဲ
ထွက်ပြေးတာပါ။

အခြား ရွာသူရွာသားများလည်း

ကမန်းကတန်း

ပြေးထွက်သွားကြတော့သည်။

ဤနေရာမှာ လူ ၄ ယောက်သာ ကျန်ခဲ့၏။

ပိုင်ဇိရှန်၊ ကလေးမျက်နှာအဘိုးကြီး၊

ဟင်းရွက်ခြင်းတောင်းကိုင်ထားသော

အဘွားကြီးတစ်ယောက်နှင့်

သားသတ်သမား တို့ပါ။

ကလေးမျက်နှာအဘိုးကြီးက

ခါးမှဘူးသီးခြောက်ကို ဖြုတ်ကာ

ဝိုင်တစ်ငုံမော့လိုက်ပြီး “မဆိုးဘူး” ဟူ၍

ရုတ်တရက်ပြောလိုက်သည်။

အဘွားအိုကလည်း ခေါင်းညိတ်သည်

"တကယ်တော့ မဆိုးပါဘူး"

သားသတ်သမား က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

"ဒီကလေးရဲ့ လူသတ်ချင်တဲ့စိတ်က

အရမ်းပြင်းထန်လွန်းတယ်"

"ဘာဖြစ်သလဲ" အဘိုးကြီးက

သူ့နှုတ်ခမ်းထောင့်မှ စီးကျလာသော

ဝိုင်များကို စုပ်လိုက်ရင်း

“ဘယ်ကျင့်ကြံသူက

မသတ်ဘဲနေလို့တုန်း။ သားသတ်သမား၊

မင်းတောင်မှ သတ်ဖြတ်တာကို

ရှောင်နိုင်သလား။

ဒါ့ထက် သူ သတ်ချင်ရုံနဲ့

သတ်နေတယ်လို့ မထင်ဘူး။ သူသာ

တကယ်လုပ်ရင် အရူးဆန္ဒက

သတ်ဖြတ်ခြင်းစိတ်ကို

ဘယ်လိုလုပ်ပြီးဖိနှိပ်ထားမှာတုန်း”

သူက အဘွားအိုကို စိုက်ကြည့်ရင်း

“အစ်မကြီး၊ မင်း ဘယ်လိုထင်လဲ” ဟု

မေးလိုက်သည်။

သားသတ်သမား ကလည်း အဘွားအိုကို

စိုက်ကြည့်နေသည်။

ပိုင်ဇီရှန် ကတော့ မျက်လုံးထဲတွင်

စူးစမ်းလိုစိတ်အနည်းငယ်ဖြင့်

အဘွားအိုကို စိုက်ကြည့်နေသည်။

သားသတ်သမား နှင့်

ကလေးမျက်နှာအဘိုးကြီး၏အမူအရာ

ကိုကြည့်လျှင် အဘွားအိုကို

ဘယ်လောက်လေးစားမှန်းသိသာလေသ
ည်။

အမှန်တော့ အဘွားအိုက
အလွန်ရိုးရှင်းပုံပေါက်သည်။
အသွင်အပြင်ကအစ သာမာန်ပင်
ဖြစ်သည်။ ပန်းပွင့်များစီခြယ်ထားသော
ပိတ်ချောဝတ်စုံအဟောင်းကို
ဝတ်ဆင်ထား၏။
အနည်းငယ်ထွားကျိုင်းသော

အသွင်အပြင်ရှိသော်လည်း အဘွားအိုက ရုပ်ဆိုးသည်ဟု မဆိုနိုင်ပေ။ ထို့အပြင် အဘွားအို၏အသွင်အပြင်က သာမာန်လူလတ်ပိုင်း ကြံ့ခိုင်တောင့်တင်းလှသည်။

ဤအချိန်မှာ အဘွားအိုက ပိုင်ဇီရှန် ကိုတစ်ချက်ကြည့်လိုက်ပြီး "ငါက သူ့ကို မဆိုးဘူးလို့ ပြောတဲ့အခါ သူ့ရဲ့

ပင်ကိုယ်စွမ်းရည်ကို မဆိုလိုပါဘူး။ သူ့ရဲ့ အရှုံးဆန္ဒကိုကြည့်ပြီးပြောလိုက်တာ"

သားသတ်သမားက "ဒါဆိုရင်..."

"လူမိုက်ပဲ..." ကလေးမျက်နှာအဘိုးကြီး က

ခေါင်းယမ်းကာ “ဒီကလေးက သစ္စာတရားကို တန်ဖိုးထားတယ်ဆိုတာ သက်သေပြနေတယ်။

အရှင်းဆုံးပြောရရင် သူက

လုံးဝရူးသွပ်နေတဲ့

လူသတ်သမားမဟုတ်ဘူး။ မဟုတ်ရင်

အရူးအိုကြီးက

သူ့ကိုဘယ်လိုလုပ်လက်ခံမှာလဲ။

မင်းပြောကြည့်လေ၊ဒီအရူးအိုကြီးက

သူ့အတွက်

အကျိုးမရှိတဲ့အရာကိုလုပ်နေတာ

ဘယ်တုန်းက မြင်ဖူးလဲ။ တခြားဘာကိုမှ

အာမမခံနိုင်ဘူး ဒါပေမဲ့ ဒီကလေးမှာ ငါတို့မသိတဲ့ လျှို့ဝှက်ချက်တွေရှိတယ်ဆိုတာ သေချာပါတယ်။ ဒါက ကြီးမားတဲ့လျှို့ဝှက်ချက်ပဲ”

ဤအချိန်တွင် အဘွားအိုက ခေါင်းခါကာ “သားသတ်သမား၊ နင် ဘာလုပ်ရမယ်ဆိုတာ

ဆုံးဖြတ်ပြီးသားမဟုတ်လား။ ဒါပေမဲ့

ငါ့မှာ အကြံတစ်ခုရှိတယ်”

သားသတ်သမား က

"ကျေးဇူးပြုပြီးပြောပြပါ"

အဘွားအိုက

ခေါင်းညိတ်ပြီးဆက်ပြောသည်

"ဓားအစား၊ သူက ဆေဘာနဲ့

ပိုသင့်တော်မယ်ထင်တယ်။ သူသာ

လုပ်နိုင်မယ်ဆိုရင်

သူ့ရဲ့အနာဂတ်အောင်မြင်မှုတွေက

နင့်ထက်သာရုံတင်မကဘူး၊

မူလဆောဘာဂိုဏ်းရဲ့

တည်ထောင်သူဘိုးဘေး ထက်တောင်မျိုး

ကျော်တက်သွားနိုင်တယ်”

"မဖြစ်နိုင်ဘူး" သားသတ်သမားက

အော်ဟစ်လိုက်သည်

“အစ်မကြီး၊

မင်းနောက်နေတာဖြစ်ရမယ်။

သူငါ့ကိုကျော်သွားလိမ့်မယ်ဆိုတာတော့

လက်ခံပါတယ်။ ဒါပေမဲ့ ငါ့ရဲ့

တည်ထောင်ခဲ့တဲ့ ဘိုးဘေးကို

ကျော်တက်သွားနိုင်မှာတဲ့လား။”

ကလေးမျက်နှာအဘိုးကြီးက

ခဏတုံ့ဆိုင်းသွားပြီး “အစ်မကြီး၊ သူက

သားသတ်သမား ပြောသလိုပဲ

မဖြစ်နိုင်ဘူးလို့ ငါ ထင်ပါတယ်။ ဒါပေမဲ့

သူက မူလဆောဘာဂိုဏ်းရဲ့

တည်ထောင်သူဘိုးဘေး ထက်

ကျော်တက်နိုင်ပါ့မလား။

မူလဆောဘာဂိုဏ်းရဲ့

တည်ထောင်သူဘိုးဘေးဖြစ်တဲ့

မူလဆောဘာကျောင်းဖြစ်

ကိုမင်းလည်းသိသားပဲ။ မူလခေတ်မှာ

သူက နတ်ဘုရားတွေဒါမှမဟုတ်

နတ်ဘုရားအထက်ဆင့်တွေကိုတောင်သတ်နိုင်တယ်။ အဲဒီခေတ်မှာတောင် သူ့ထက် သာလွန်တဲ့ တခြားစားသမားကို တွေ့ဖူးလို့လား"

အဘွားအိုက

ကလေးမျက်နှာအဘိုးကြီးကို

စိုက်ကြည့်ကာ “အရင်ခေတ်က

မရှိပေမယ့် အခုမဖြစ်နိုင်ဘူးလို့

မဆိုလိုဘူး” ဟု ပြောပါသည်။

ကဘေးမျက်နှာအဘိုးကြီးက

အကူအညီမဲ့စွာ ရယ်မောရင်း

“အစ်မကြီး၊ မင်း သူ့ကို ဘာလို့ ဒီလောက်

အထင်ကြီးနေတာလဲဆိုတာ

ပြောပြပေးနိုင်မလား”

အဘွားအို က သားသတ်သမားကို

လှည့်ကြည့်ကာ "တတိယမောင်လေး၊

နင့်မှာဘာတွေ ချို့တဲ့နေလဲ သိလား"

ဟုမေးလိုက်သည်။

သားသတ်သမား က

ခေါင်းခါလိုက်သည်။

အဘွားအိုက " ဆေဘာတာအို မှာ

နင့်ရဲ့ အရည်အချင်းက

အဲဒီကလေးထက်

အဆနည်းနည်းလောက်သာတယ်။

ဒါပေမဲ့ နင့်မှာ နိမ့်ကျတဲ့

အခြေအနေနှစ်ခုရှိတယ်။

ပထမအချက်က ရက်စက်မှုပါ။ နင်ဟာ

ချီတုံချတုံနဲ့ ပြတ်ပြတ်သားသား

ပြတ်ပြတ်သားသား မလုပ်တတ်သလို

ထင်သလောက် မရက်စက်တတ်ဘူး။

ဒါပေမဲ့ နင်တို့မူလဆေးဘာဂိုဏ်းရဲ့

ဆေးဘာနည်းစနစ်က

ရက်စက်ကြမ်းကြုတ်တာကိုအခြေခံထား

တယ်။ နင် ပိုပြီး

ရက်စက်ကြမ်းကြုတ်ပြီးလေလေ

မူလဆေးဘာနည်းစနစ်ရဲ့စွမ်းအားကို

ပိုပြီးထုတ်ဖော်နိုင်လေလေပဲယ

အခုလက်ရှိ နင်က အဲဒါကို

အပြည့်အဝမသုံးနိုင်ဘူး”

သူမက ရွာအပြင်ဖက် မြေပြင်မှာ

လဲလျောင်းနေသော ယန်ယဲ့ ကို

ငေးကြည့်ရင်း "နင် နားမလည်ဘူးလား။

သူ့ရဲ့ဓားနည်းစနစ်က

ရက်စက်ကြမ်းကြုတ်တဲ့သဘောတရား

ကို အခြေခံထားတယ်။  အထူးသဖြင့်

ကွေးညွတ်တာထက်

အသေခံတာကိုပဲအဓိဦးတည်တယ်။

ဘယ်သူနဲ့မှ နှိုင်းယှဉ်လို့

မရတဲ့အရာတော့ မဟုတ်ပါဘူး။

ဒါ့ကြောင့် သူ့ပင်ကိုယ်စွမ်းရည်က

သာမန်ဆိုရင်တောင်

ဒီလောက်ကြောက်စရာကောင်းနေတာပဲ။

တကယ်လို့ နင့်ရဲ့ ကျင့်ကြံမှုအဆင့်ကို

သူနဲ့ အဆင့်တူနှိမ့်လိုက်ရင်

သေချာပေါက်ယှဉ်နိုင်မှာမဟုတ်ဘူး။

နင့်ကိုမပြောနဲ့၊ ငါတောင်မှ

ဖန်ဆင်းရှင်အဆင့်မှာရှိနေရင် သူ့ကို လုံးဝယှဉ်လို့မရဘူး"

ဤအချိန်တွင် ပိုင်ဇီရှန် က ရုတ်တရက်ပြောလိုက်သည် "သူက ရှုံးနေတုန်းပဲ"

အဘွားအိုက ပိုင်ဇီရှန် ကို တစ်ချက်ကြည့်လိုက်ပြီး ခေါင်းညိတ်ပြကာ "မှန်ပါတယ်၊ သူ့မှာ

နောက်ထပ် အရည်အသွေးတစ်ခု

ရှိတယ်။ အဲဒါက အရှူးစိတ်ပဲ" သူမက

သားသတ်သမား ကိုကြည့်ကာ "နင့်ရဲ့

ကျင့်ကြံမှုအဆင့်ကို ဖိနှိပ်ပြီး

သူနဲ့တိုက်ခိုက်တော့

ဘယ်လိုခံစားရလဲ"

သားသတ်သမား က

ခဏလောက်စဉ်းစားပြီး

"ငါ့ကိုတော်တော်

လေးဖိအားပေးနိုင်တယ်..."

သူက အဘွားအိုကို စိုက်ကြည့်ကာ “ငါ

နားလည်ပါပြီ” ဟု ဆက်ပြောလိုက်သည်။

အဘွားအို က အနည်းငယ်

ခေါင်းညိတ်ကာ “ဓားဟာ

လူသတ်လက်နက်ပဲ။ ဒါပေမဲ့

လူသတ်တာနဲ့ပတ်သက်လို့

ဓားသက်သက်ကဘယ်လိုယှဉ်နိုင်မှာလဲ။

သူ့ရဲ့ ရက်စက်ကြမ်းကြုတ်မှုနဲ့

အရှုးစိတ်က ဆေဘာတာအို အတွက်

လုံးဝသင့်တော်တယ်”

သားသတ်သမား က ခဏလောက်

တုံ့ဆိုင်းနေပြီး "ဒါပေမဲ့ သူက တော်တော်

အစွန်းရောက်တယ်လို့ ငါထင်တယ်။

သူသာ ငါ့ရဲ့ မူလဆေဘာနည်းစနစ်ကို

လေ့ကျင့်ရင် နတ်ဆိုးလမ်းစဉ်ကို ကျသွားလိမ့်မယ်"

အဘွားအိုက သားသတ်သမားကို တစ်ချက်ကြည့်လိုက်ပြီး "သူ နင့်ကို ကျော်တက်သွားမယ်ဆိုတာ ငါသေချာပေါက်သိနေတယ်"

သားသတ်သမားက "ဘာလို့လဲ"

“နှင်သာ အရာရာကို အမြဲဂရုစိုက်နေရင်
ဆေဘာတာအို ကို ကျင့်ကြံဖို့
ဘာအကျိုးရှိမှာလဲ” အဘွားအိုက
ပြန်မေးသည်။

ထို့နောက် ထပ်မပြောတော့ဘဲ ဟင်းရွက်
ခြင်းတောင်းဖြင့် ပြန်ထွက်သွားခဲ့သည်။

အဘွားအို ထွက်သွားသည်နှင့်

ကလေးမျက်နှာအဘိုးကြီး က

သားသတ်သမားကို

ကြည့်ပြီး ခေါင်းခါပြသည်။ သူက “မင်း

သူ့ကို သင်ပေးမလား။ ဒါပေမဲ့ မင်းကို

တစ်ခုတော့ သတိပေးပါရစေ၊

မင်းတို့မူလဆေဘာဂိုဏ်းရဲ့

နောက်ဆုံးအမွေအနှစ်ကို

သူ့လက်ထဲလွှဲပေးရမှာဆိုတော့

ဆုံးဖြတ်ချက်မှားသွားရင် မင်းဟာ ဂိုဏ်းရဲ့ အပြစ်သားဖြစ်သွားလိမ့်မယ်"

ထိုစကားပြောပြီးသည်နှင့် အဘိုးကြီးက နောက်လှည့်၍ ထွက်သွားခဲ့သည်။

သားသတ်သမားက အချိန်အတော်ကြာ တိတ်ဆိတ်သွားပြီးနောက် ရွာထဲမှ ထွက်လာခဲ့သည်။ သူက ယန်ယွဲ့ကို ငုံ့ကြည့်ကာ အချိန်အတော်ကြာအောင်

စဉ်းစားနေသည်။ ထို့နောက် ယန်ယွဲ့၏

ခြေထောက်တစ်ဖက်ကို ဆွဲယူကာ

ရှာထဲသို့ ဆွဲခေါ်လာရင်း "လာစမ်း။

မင်းက ငါနဲ့အတူ စားနည်းစနစ်ကို

သင်ယူရမယ်"

ကျောက်တုံးအိမ်လေးထဲတွင်.... ။

သားသတ်သမားက

ကျောက်ကုတင်ပေါ်မှာ ထိုင်နေ၏။

ယန်ယွဲ့နှင့် ပိုင်ဇီရှန်
တို့နှစ်ယောက်ကတော့ သူ့ရှေ့တွင်
ရှိနေကြသည်။

ပိုင်ဇီရှန် က သားသတ်သမား
ကိုတစ်ချက်မော့ကြည့်လိုက်ပြီး
တိတ်ဆိတ်နေခဲ့သည်။

သားသတ်သမား က ယန်ယွဲ့ကို
တစ်ချက်ကြည့်လိုက်ပြီးနောက် ပိုင်ဇီရှန်

ကိုစိုက်ကြည့်နေသည်။ ထို့နောက် "သူ့ကို ဒူးထောက်ခိုင်းလိုက်။ ပြီးတော့ ငါ့ကို သူ့ဆရာအဖြစ် ဦးညွှတ်ဖို့ပြော"

"အကြီးအကဲ၊ သူ့ကို တပည့်လက်ခံမလို့လား" ပိုင်ဇီရှန် က ခဏကြာ တုံ့ဆိုင်းသွားပြီး "အကြီးအကဲ၊ သူ သတိပြန်မရသေးဘူး၊ ဒါဆို ဘာလို့ မစောင့်တာလဲ"

သားသတ်သမား က ခေါင်းခါလိုက်ပြီး

“အဲဒါ မလိုအပ်ပါဘူး။ သူ့ရဲ့

လက်ရှိအခြေအနေက ကောင်းပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူ့စိတ်က

ရှင်းရှင်းလင်းလင်းမရှိရင်တောင်

ဉာဏ်မရှိတဲ့ လူမိုက်မဟုတ်ဘူးလေ။

ဒါဆို သူ့ကို ဒူးထောက်ခိုင်းလိုက်"

ပိုင်ဇီရှန် က အနည်းငယ်

တုံ့ဆိုင်းသွားသည်။

"မင်း တို့ဆိုင်းနေသေးလား"

ဤအချိန်တွင် သားသတ်သမား က

ရုတ်တရက်ထရပ်ကာ

"ငါ့တပည့်ဖြစ်ချင်လို့ စိတ်ကူးယဉ်နေတဲ့

ညက်ကြီးရှင်တွေ

ဘယ်လောက်များတယ်ဆိုတာ

မင်းသိသလား။ ငါ…”

ယန်ယဲ့က သူ၏ဓားကို ဆွဲထုတ်ပြီး

သားသတ်သမား ဆီသို့

ရုတ်တရက်လှမ်းပိုင်းလိုက်လေသည်။

ပိုင်ဇီရှန်က တုန်လှုပ်သွားသည်။

သားသတ်သမား၏ မျက်နှာကလည်း

တင်းမာသွားသည်။

ဘမ်း…

ခဏအကြာတွက်တော့

ကျောက်တုံးအိမ်ထဲမှ

ပေါက်ကွဲသံထွက်လာပြီး ပုံရိပ်တစ်ခု

လွင့်ထွက်သွားသည်။

ယန်ယဲ့ သာဖြစ်သည်။

သားသတ်သမားက မကျေမနပ်အသံဖြင့်

အော်ပြောလေသည် “သောက်ကျိုးနည်း၊

မင်း လူသတ်တာကို စွဲလမ်းနေပြီလား။

မင်းက အမြဲတမ်းသတ်ချင်နေတာပဲ"

ဤအချိန်တွင် ယန်ယဲ့က လေထဲကို ရုတ်

တရက် ခုန်တက်သွားပြီး

သားသတ်သမား၏အထက်၌

ရောက်ရှိလာသည်။

ထို့နောက် သူ၏ဓားကို
လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်လျက်
သားသတ်သမား၏ခေါင်းကို
ခုတ်ချလိုက်လေသည်။

ဘမ်း...

သိပ်မကြာလိုက်ဘဲ ယန်ယွဲ့သည်
လွင့်ထွက်သွားပြန်သည်။

ဤမြင်ကွင်းကို မြင်သောအခါ ပိုင်ဇီရှန်၏မျက်လုံးများကထိတ်လန့်လာသည်။

သားသတ်သမား၏ခွန်အားက မူလကမ္ဘာအဆင့်ထက်ပင် ကျော်လွန်နေမှန်းသိသာလှသည်။

ဤအချိန်တွင် ယန်ယဲ့က နောက်တစ်ကြိမ် တိုက်ခိုက်ရန်ပြင်နေသည်။

သို့သော်လည်း ပိုင်ဇိရှန် က အမြန်ပြေးသွားကာ သူ့လက်ကို ကိုင်လိုက်သည်။ ထိုအခါမှသာ ယန်ယဲ့သည် ချက်ချင်းငြိမ်သက်သွား၏။

ပိုင်ဇိရှန် က သားသတ်သမားကို စူးစိုက်ကြည့်ပြီး "အကြီးအကဲ၊ နင့်ရဲ့တပည့်ဖြစ်ဖို့ ကျင့်ထုံးတွေကို လုပ်ဖို့ဆိုတာ သူသတိပြန်လည်လာတဲ့အထိ

စောင့်ရမယ်ထင်တယ်"

ဟုပြောလိုက်သည်။

သားသတ်သမားက ပိုင်ဇီရှန်အား

စိုက်ကြည့်ကာ

ဒေါသတကြီးပြန်ပြောသည် "ကောင်းပြီ၊

ကောင်းပြီ။

တပည့်တစ်ယောက်လက်ခံရုံနဲ့

ငါ့အတွက်အရမ်းနစ်နာတယ်။

လွန်ခဲ့တဲ့နှစ်တွေမှာဆိုရင်

ညဏ်ကြီးရှင်တွေက သူတို့ကို

တပည့်အဖြစ်လက်ခံဖို့ အပြင်ဖက်မှာ ၁၀

ရက် ၁၀ ညလောက်

ဒူးထောက်နေရတယ်”

တစ်ချိန်တည်းမှာပင် သူက

ယန်ယဲ့ရှေ့တွင်

ရုတ်တရက်ပေါ်လာသည်။ ထို့နောက်

သူ၏လက်ကိုဖြန့်လိုက်ရာ

အဖြူရောင်အလင်းတန်းတစ်ခု

ထွက်လာပြီး ယန်ယဲ့၏နဖူးထဲသို့

ဝင်ရောက်သွားလေသည်။

သိပ်ပြီးမကြာလိုက်ပါ။

ယန်ယဲ့၏အသိစိတ်ပင်လယ်ထဲတွင်

မရေမတွက်နိုင်သော

အချက်အလက်များစွာ

ဝင်ရောက်လာပါတော့သည်။

သားသတ်သမား က “ကလေး၊ ဒါဟာ မူလဆေဘာနည်းစနစ်ပါ။ ဒါက ငါ့မူလဆေဘာဂိုဏ်းရဲ့ အမြင့်မြတ်ဆုံးနည်းစနစ်ဖြစ်တယ်။ ဒါကို အဆင့်(၃)ဆင့်ခွဲထားတယ်။

မင်းက အဆင့် ၁ ကို လေ့ကျင့်ပြီးသွားရင် ဆန်းကြယ်တဲ့မူလစွမ်းအင်ကို ထုတ်ဖော်နိုင်လိမ့်မယ်။ ဒီစွမ်းအင်ဟာ ငါတို့ရဲ့တည်ထောင်သူဘိုးဘေး

ကိုယ်တိုင် ဖန်တီးခဲ့တဲ့

ဆန်းကြယ်ချီစွမ်းအင်တစ်မျိုးပဲ။

ထိပ်တန်းအဆင့် သဘာဝစွမ်းအင် ၁၀

မျိုးထဲမှာ မပါပေမယ်လို့

ဒါကအရမ်းထူးခြားတယ်။

ဆောဘာနည်းစနစ်ရဲ့စွမ်းအားကိုအကန့်အ

သတ်ထိထုတ်ဖော်နိုင်တယ်။

အဲဒါကို အဆင့် ၃ ထိ

လေ့ကျင့်နိုင်ရင်တောင့် မူလစွမ်းအားက

ထိပ်တန်းအဆင့် သဘာဝစွမ်းအင် ၁၀ မျိုးထဲက တစ်ခုထက်တောင် နိမ့်ကျနေမှာမဟုတ်ဘူး။ တစ်ခုတော့ရှိတယ်၊ ထိပ်ဆုံးအဆင့် သဘာဝစွမ်းအင် ၃ မျိုးကိုတော့ မယှဉ်နိုင်ဘူး”

သူက ခဏရပ်ပြီး “ဆေဘာနည်းစနစ်နဲ့ပတ်သက်လို့ပြောရရင် ငါတို့မူလဆေဘာဂိုဏ်းရဲ့နည်းစနစ်က

ထင်သလောက်မရှုပ်ထွေးဘူး။

မင်းစိတ်တိုင်းကျ လွှဲယမ်းလိုက်ရုံပဲ။

လွှဲယမ်းတာကလည်း နှစ်ချက်ပဲရှိတယ်။

ဒါဟာ

အကွက်နည်းပေမယ်လို့အထင်တော့မ

သေးလိုက်နဲ့၊ ဒီလှုပ်ရှားမှုနှစ်ခုရဲ့

စွမ်းအားက

ကောင်းကင်ဘုံကိုတောင်ဆန့်ကျင်နေတ

ယ်။ ကောင်းပြီ၊ ဒီနည်းစနစ်နှစ်ခုလုံးကို

အခု မင်းရဲ့အသိစိတ်ထဲမှာ

ငါထည့်ထားတယ်။ အဲဒီနှစ်ခုက

"အထီးကျန်ဆေးဘာ" နဲ့

"သံယောဇဉ်ဖြတ်ဆေးဘာ"

" Life Isolation နှင့် RevivalCuts" ပဲ။ ဒါကို

မင်းကိုယ်တိုင် လေ့ကျင့်နိုင်တယ်။

ဒါ့အပြင်

နှစ်ခုစလုံးက

အကန့်အသတ်ထိထုတ်ဖော်ချင်ရင်

မူလစွမ်းအင်လိုတယ်။ လောလောဆယ်

မင်းက အခြေခံသဘောတရားတွေကို

အရင်ဆုံးလေ့ကျင့်ပါ။ ကောင်းပြီ၊

မင်းလေ့ကျင့်တဲ့အခါ ကူညီဖို့

ရှာအနောက်ဖက်တောင်တန်းကို

ငါသွားရဦးမယ်။ သောက်ကျိုးနည်း

တပည့်၊ ငါ အခု အရမ်းဝမ်းနည်းနေသလို

ခံစားရတယ်။ ဘာပဲဖစ်ဖြစ်လေ ငါ့ရဲ့

မိုက်မဲတဲ့ တပည့်အတွက်ပဲ”

ထိုစကားပြောပြီးသည်နှင့်
နောက်ပြန်လှည့်၍ ရွာအနောက်ဖက်ဆီသို့
ပြေးထွက်သွားခဲ့သည်။

ပိုင်ဇီရှန် က ယန်ယဲ့ကို
သူ့ဘေးနားဆွဲခေါ်လိုက်ပြီး "အခု
ကျင့်ကြံလို့ရပြီ" ဟုပြောလိုက်လေသည်။

ယန်ယဲ့က အနည်းငယ် အံ့သြသွားသော
အကြည့်ဖြင့် ပိုင်ဇီရှန်ကိုသာ
စိုက်ကြည့်နေသည်။

ပိုင်ဇီရှန်က ခဏစဉ်းစားလိုက်ပြီး
လက်ဟန်ခြေဟန်ဖြင့် "ကျင့်ကြံတာ၊
ကျင့်ကြံတော့လို့ပြောတာ..."
ဟုပြောလိုက်ပါသည်။

အချိန်အတော်ကြာပြီးနောက် ယန်ယဲ့က ခေါင်းညိတ်ပြသည်။

ထိုအခါမှသာ ပိုင်ဇီရှန် လည်း သက်ပြင်းတစ်ချက်ချလိုက်သည်။ ကံကောင်းထောက်မစွာ၊ ယန်ယဲ့က အရူးဖြစ်နေသည့်တိုင် ကျင့်ကြံနိုင်သေး၏။

ထို့နောက်တွင် ယန်ယဲ့သည် မြေပြင်ပေါ်၌

ထိုင်ချကာ

မူလဆောဘာနည်းစနစ်ကိုစပြီးကျင့်ကြံပါ

တော့သည်။ တစ်ဖက်တွင် ပိုင်ဇီရှန် က

ယန်ယဲ့အဆင်ပြေနေကြောင်းမြင်မှသာ

သူမကိုယ်တိုင် ကျင့်ကြံလိုက်သည်။

ဤအတိုင်းပင်၊ တစ်နေ့တာအချိန်က

လျင်လျင်မြန်မြန်ပဲ

ကုန်ဆုံးသွားတော့သည်…

နောက်တစ်နေ့ နံနက်ခင်းမှာတော့

ယန်ယဲ့သည်

ဓားတစ်ချောင်းကိုင်ထားလျက်

အခန်းထဲကနေ ရုတ်တရက်

ထွက်လာခဲ့သည်။ လမ်းတစ်လျှောက်လုံး

ရှာသူရှာသားများက

ယန်ယဲ့ကိုရှောင်ဖယ်သွားပြသည်။

သူ့စိတ်က ပုံမှန်မဟုတ်မှန်းသိနေသဖြင့်

ဘယ်သူမှစကားလာမပြောကြပေ။

ခဏအကြာတွင်ပဲ ယန်ယွဲ့သည်

ရွာအဝင်ဝသို့ ရောက်ရှိလာသည်။

အဝင်ဝရှိ သစ်သားခုံတန်းလျားပေါ်တွင်

ကလေးမျက်နှာအဘိုးကြီးတစ်ယောက်

အိပ်စက်နေခဲ့သည်။

ယန်ယွဲ့က ကလေးမျက်နှာအဘိုးကြီးကို

စိုက်ကြည့်လိုက်သည်။

ဒီအချိန်မှာသူ၏ခန္ဓာကိုယ်ထဲမှ

အရှုးဆန္ဒများပေါက်ကွဲထွက်လာပြီး

ဓားထဲကိုစီးဝင်လာသည်။ ထို့နောက်

သူ၏ဓားကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်လျက်

ကလေးမျက်နှာအဘိုးအိုး၏ခေါင်းကို

ခုတ်ချလိုက်လေသည်။

ဤအတောအတွင်း အဘိုးကြီးက

ရုတ်တရက် မျက်လုံးပွင့်လာပြီး

“ဟော့ကောင်လေး၊

မင်းဘာလုပ်နေတာလဲ”

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၇၉ - စိတ်ဖောက်ပြန်ပြီလား

......

ဓားက သားသတ်သမား၏ ခေါင်းပေါ်သို့ ခုတ်ချခါနီးတွင် ယန်ယဲ့သည် လွင့်ထွက်သွားခဲ့သည်။ သို့သော်လည်း ဝေးဝေးမရောက်လိုက်ဘဲ ရပ်တန့်သွား၏။ ဝမ်အရှူးမလေး က သူ့နောက်တွင်ပေါ်လာပြီး သူမ၏လက်ဝါးနှစ်ဖက်ဖြင့်တွန်းထားလို့ ပါ။

ထို့နောက် ဝမ်အရှူးမလေးက

သူမ၏လက်များကို လျှော့ချလိုက်ပြီး

ယန်ယွဲ့၏ပေါင်များကို ပုတ်ကာ

"အရှူးယန်၊ သူ့ကို တိုက်ခိုက်ပါ။

ငါနင့်ကိုထောက်ခံတယ်"

ဘေးနားတွင် ရပ်နေသည့် ပိုင်ဇီရှန် က

စကားမပြောနိုင်အောင်

ခံစားလိုက်ရသည်။

ဤအတောအတွင်း ယန်ယဲ့က

ထပ်ပြီးတိုက်ခိုက်ရန်ပြင်နေ၏။

ဒီအချိန်မှာ ပိုင်ဇိရှန်က

သူ့ရှေ့တွင်ပေါ်လာပြီး

တားဆီးလိုက်သည်။ ထို့နောက်

သားသတ်သမားကို စိုက်ကြည့်ရင်း

"အကြီးအကဲ၊ ငါ ဝယ်လိုက်မယ်"

စကားပြောနေရင်း

ထာဝရသလင်းကျောက်များကို

ထုတ်ယူလိုက်၏။

ဤအချိန်တွင် သားသတ်သမားက

ပိုင်ဇီရှန်ကို

လှမ်းရွယ်ကာလက်ခုပ်တီးလိုက်သည်။

ထိုခဏလေးမှာပဲ

မမြင်နိုင်သောစွမ်းအားလှိုင်းများက

ပိုင်ဇီရှန် ကိုချက်ချင်း ဖုံးလွှမ်းသွားသည်။

တစ်ချိန်တည်းမှာပင် သားသတ်သမားက

သူ၏ညာလက်ကို ညင်သာစွာ

ဝှေ့ယမ်းလိုက်ရာ ပိုင်ဇီရှန်ဟာ မီတာ ၃၀

ကျော်အကွာသို့ လွင့်ထွက်သွားခဲ့သည်။

ထို့အပြင်

ပြင်းထန်သောစွမ်းအားလှိုင်းတစ်ခုက

သူ့မကိုဖိနှိပ်ထားသဖြင့် လုံးဝ

မလှုပ်ရှားနိုင်တော့ပေ။

သားသတ်သမား က

သူ့လက်ကိုပြန်ရုတ်လိုက်ပြီး

"သမီးငယ်လေး၊ ဒါက

ထာဝရသလင်းကျောက်ကိစ္စမဟုတ်တော့

ဘူး။ လူသတ်တဲ့ကိစ္စ။ တကယ်ပဲ

ဒီကလေးက ငါ့ကိုလုယက်ရဲတယ်။

ငါ့တစ်သက်လုံး ဒီလိုမျိုး ကြုံဖူးတာ

ဒါပထမဆုံးပဲ။

ငါဒီနေ့သူ့ရဲ့တတိယခြေထောက်ကိုဖြတ်ပစ်မယ်"

ဤစကားပြောနေရင်းဖြင့် သားသတ်သမား၏မျက်နှာက ရုတ်တရက် တုန်လှုပ်သွားလေသည်။

အားလုံးက ယန်ယွဲ့ကို စိုက်ကြည့်နေကြသည်။

ပိုင်ဇိရှန်၏ လှုပ်ရှားမရသောအ

ခြေအနေကို မြင်သောအခါ

ယန်ယဲ့၏မျက်နှာက

ရက်စက်ကြမ်းကြုတ်မှုများ

ချက်ချင်းပေါ်လာတော့သည်။

တစ်ချိန်တည်းမှာပဲ သူ့ထံမှ

ကြောက်မက်ဖွယ်ရာစိတ်ဆန္ဒဖိအားတစ်

ခု ပေါက်ကွဲလာခဲ့သည်။

မူလတာအိုအဆင့် အရှူးဆန္ဒ ...။

ခဏအကြာတွင် ယန်ယဲ့သည်

သားသတ်သမား ရှေ့၌ ပေါ်လာပြီး

သူ၏ဓားဖြင့်

တရကြမ်းခုတ်ချလိုက်လေသည်။

သားသတ်သမားက

ရှောင်ဖို့မကြိုးစားပေ။

လက်ညိုးတစ်ချောင်းဆန့်ထုတ်ကာ

အပေါ်ဖက်သို့ ညွှန်ပြလိုက်သည်။

မမြင်နိုင်သော စွမ်းအင်လှိုင်းတစ်ခု
ပြေးထွက်လာပြီး ယန်ယဲ့၏ဓားကို
ထိမှန်သွားသည်။

သို့သော် သွေးစီးကြောင်းတစ်ခု
ဖြန်းခနဲထွက်လာပြီး သားသတ်သမား
ဟာ ခြေလှမ်းအနည်းငယ်
နောက်ပြန်ဆုတ်သွားခဲ့သည်။

ဤမြင်ကွင်းကြောင့်
ခပ်လှမ်းလှမ်းကနေရပ်ကြည့်နေသော
ကလေးမျက်နှာအဘိုးကြီး၏မျက်နှာပေါ်
တွင် မယုံနိုင်စရာများဖြင့်
ပြည့်နှက်နေသည်။

ရှာသူရှာသားများလည်း
အံ့အားသင့်သွားကြသည်။

သားသတ်သမား၏ မျက်လုံးများက
မယုံကြည်နိုင်စရာများဖြင့်
ပြည့်နှက်နေပြီး "မဖြစ်နိုင်ပါဘူး…
ခဏနေဦး။ အရူးစိတ်… အရူးဆန္ဒ…
ဓားနဲ့တွဲသုံးရင် အရမ်းမိုက်တယ်"

ဤအချိန်တွင် ယန်ယဲ့က
သားသတ်သမား၏အထက်မှာပေါ်လာ
ပြီး ဓားကိုမြှောက်ကာ
နောက်တစ်ကြိမ်ခုတ်လိုက်ပြန်သည်။

ဓားပိုင်းချလာရာ လမ်းကြောင်းရှိ

အာကာသသည်

ရှည်လျားသောအက်ကြောင်းတစ်ခု

ပေါ်လာသည်။

သားသတ်သမားက မရှောင်သေးဘဲ

လက်ကို မြှောက်ပြီး

လက်သီးနဲ့ပင့်ထိုးလိုက်သည်။

လက်သီးက ယန်ယွဲ့၏ဓါးကို တည့်တည့်ထိမှန်သွားသည်။

ဘမ်း…

ပြင်းထန်သော ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီးနောက် ယန်ယွဲ့ သည် လွင့်ထွက်သွားသည်။

သူ့ကိုယ်သူ ရုပ်တန့်လိုက်သည်နှင့်

တပြိုင်နက် ယန်ယွဲ့၏ ပါးစပ်ထောင့်မှ

သွေးများ စိမ့်ထွက်လာသည်။

သို့သော် သူသည် နေရာမှာတင်

ဖျတ်ခနဲပျောက်သွားခဲ့သည်။ ထို့နောက်

သားသတ်သမား ရှေ့တွင်

ရောက်နေခဲ့သည်။

သားသတ်သမားက ယခုအထိ
မရှောင်သေးဘဲ နောက်တစ်ကြိမ်
လက်သီးဖြင့် ထိုးလိုက်သည်။

ခဏအကြာတွင်တော့ ပုံရိပ်တစ်ခုက
လွင့်ထွက်လာခဲ့သည်။

ဤအချိန်တွင် ဝမ်အရှူးမလေးက
ယန်ယွဲ့အနားကို ပြေးသွားပြီး
သူ့ကိုကြည့်ကာ

"အရှုးယန်၊ မေ့လိုက်ပါတော့။ နင်က
သူ့အတွက် ပြိုင်ဖက်မဟုတ်ဘူး၊ ဒါဆို
ပြန်သွားကြရအောင်...”

ယန်ယဲ့သည် စကားပြန်မပြောဘဲ
နေရာမှာတင် ပျောက်သွားပြန်သည်။

ဤအခြေအနေကို မြင်လိုက်သူတိုင်းဟာ
အံ့အားသင့်သွားကာ
စကားမပြောနိုင်တော့ပေ။

ထိုအတိုင်းပင်၊ ယန်ယဲ့ သည်
အကြိမ်ကြိမ်ရိုက်နှက်ခံနေရ၏။

သားသတ်သမား၏ခွန်အားက
ယန်ယဲ့ကိုဖိနှိပ်ထားသည်။ သို့သော်လည်း
ယန်ယဲ့၏
မကြောက်မလန့်တိုက်ခိုက်မှုကိုကြည့်ကာ
ရွာသူရွာသားများအားလုံး
ထိတ်လန့်သွားခဲ့သည်။

ထိုအရှုးလူငယ်က သေခြင်းတရားကို

ကြောက်ရွံ့နေပုံမရပေ။

"အကြီးအကဲက

သူ့ကိုအနိုင်ကျင့်နေတာပဲ" ယန်ယွဲ့၏ပုံရိပ်

ထပ်ပြီးလွင့်ထွက်လာချိန်တွင် ပိုင်ဇီရှန်

က သားသတ်သမားကို စူးစိုက်ကြည့်ကာ

"အကြီးအကဲက ကျင့်ကြံမှုအဆင့်ကို

ဖိနှိပ်ပြီးတော့ သူနဲ့တိုက်ခိုက်ရဲ့သလား"

ဝမ်အရှူးမလေး ကလည်း ကမန်းကတန်း
အော်လိုက်သည် "ဟုတ်တယ်။
သားသတ်သမား၊ နင်သူ့ကို
တရားမျှတတဲ့တိုက်ပွဲမှာ
တိုက်ခိုက်ရဲသလား"

"မှန်ပါတယ်။ သူ့ကို တရားမျှတစွာ
တိုက်ခိုက်ပါ။ သားသတ်သမား၊ မင်း
ဒီကလေးကို တရားမျှတတဲ့ တိုက်ပွဲမှာ

တိုက်ခိုက်ရဲ့သလား" ပတ်ဝန်းကျင်ရှိ ရွာသူရွာသားများကလည်း အော်ဟစ်ကြသည်။

"တရားမျှတစွာတိုက်ခိုက်ရမလား၊ ဘောပဲ..." သားသတ်သမား က ဒေါသတကြီးပြန်ပြောလိုက်သည် "ငါက သူ့ကို အနိုင်ကျင့်ချင်တဲ့သူ မဟုတ်ဘူး၊ ဒီအရူးက ငါ့ကိုလုယက်တဲ့အပြင် သတ်ပစ်ချင်နေတာပဲ၊ မင်းတို့အားလုံး..."

"ဟမ်…" ဝမ်အရှူးမလေး က အေးစက်စွာ နှာခေါင်းရှုံ့ပြီး “နင်ကြောက်ရင် တည့်တည့်ပဲပြော။ သားသတ်သမား၊ ဆင်ခြေတွေ ရပ်လိုက်။ နင့်ရဲ့ ကျင့်ကြံမှုအဆင့်ကို ဖိနှိပ်လိုက်ရင် အရှူးယန်က နင့်ကိုရိုက်နှက်မှာကြောက်နေတာမဟုတ်လား"

သားသတ်သမားက ဝမ်အရှူးမလေးကို

ပြင်းပြင်းထန်ထန် စိုက်ကြည့်ရင်း

"လူတွေကို

ကြက်ဥဘယ်လိုစားရမယ်ဆိုတာ

ငါမပြောတတ်ဘူး။ ဒါပေမဲ့

အနေ့းနဲ့အမြန်ဆိုသလို

မင်းရဲ့အဖိုးလောက်

ကြောက်စရာကောင်းလာလိမ့်မယ်"

ဝမ်အရှူးမလေးက ဂရုမစိုက်ဘဲ

"နင်ကြောက်ရင် ဝန်ခံလိုက်ပါ"

သားသတ်သမားက အေးစက်စွာ

ပြန်ပြောလိုက်သည် “ကြောက်လို့လား။

စောင့်ကြည့်နေလိုက်။ ငါ့ရဲ့

ကျင့်ကြံမှုအဆင့်ကို ဖိနှိပ်ထားမယ့်အပြင်

ဆန်းကြယ်ချီစွမ်းအင်တွေကိုပါယာယီချို

တ်ပိတ်ထားလိုက်မယ်။

လက်သီးပဲသုံးမယ်"

စကားပြောနေစဉ်မှာပဲ

သားသတ်သမား၏ အော်ရာက

ရုတ်တရက် အားနည်းလာသည်။

တစ်ချိန်တည်းမှာပင်

သူ၏ဆန်းကြယ်ချီစွမ်းအင်များ

ပျောက်ကွယ်သွားခဲ့သည်။

ဖန်ဆင်းရှင်အဆင့်...

ဤအခိုက်တွင် သားသတ်သမား၏ ကျင့်ကြံမှုအဆင့်က ဖန်ဆင်းရှင်အဆင့်မှာရှိနေခဲ့သည်။ သို့တိုင် သူ့ထံမှ ထွက်ပေါ်လာသော ဖိအားဟာ မူလတာအိုသခင်ထက်ပင်ပြင်းထန်လှသည်။

သားသတ်သမားက ယန်ယဲ့ကို လက်ဟန်ပြပြီး "မင်းလာခဲ့လိုက်"

ယန်ယဲ့သည် မြေပြင်မှ ဖြည်းညှင်းစွာ
တွားသွားထလာသည်။ ထို့နောက်
အေးစက်သော အလင်းတန်းတစ်ခု
လင်းလက်သွားသည်။

အရှိန်က အလွန်လျင်မြန်သည်။
အေးစက်စက်အငွေ့အသက်များ
ထွက်ပေါ်နေသော ဓားတစ်ချောင်းက
သားသတ်သမား၏နဖူးရှေ့သို့
ချက်ချင်းရောက်လာပါသည်။

သို့သော် လက်နှစ်ချောင်းက ဓားကို ညှပ်ထားသည်။ ထို့အပြင် ဓားမှ ထွက်ပေါ်နေသော အရှုးဆန္ဒကိုပါဖိနှိပ်ထား၏။

သားသတ်သမားက အေးစက်စွာ ရယ်မောရင်း “ကလေး၊ မင်းက အရမ်းငယ်သေးတယ်။ ငါ…”

ဤအချိန်တွင်

ယန်ယွဲ့၏ဘယ်ဖက်လက်ထဲ၌

အနက်ရောင်ဓားတစ်ချောင်း ပေါ်လာပြီး

သားသတ်သမား ကို အလျားလိုက်

ခုတ်ချလိုက်သည်။

ဝှစ်…

စူးရှသော ဓားမြည်သံ နှင့်အတူ

အာကာသကို ဆုတ်ဖြဲသွားသည်။

သားသတ်သမား၏ အမူအရာက ဘာမှမထူးခြားပေ။ သူသည် ယန်ယဲ့၏ဓားကို ဖိညှပ်ထားရာမှ လွှတ်လိုက်ပြီး ခြေတစ်ချက်ဆောင့်ကာ ၃ မီတာအကွာသို့ ပြန်ရွှေ့လိုက်သည်။ သို့သော်လည်း ခဏအကြာတွင် သူက ရှေ့ကို ခုန်ထွက်လာသည်။

ဤအတောအတွင်း

ယန်ယဲ့၏ခန္ဓာကိုယ်သည် ရုတ်တရက်

အသွင်ပြောင်းသွားပြီး

သူ၏အနက်ရောင်ဓားကို

လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက်

ပိုင်းချလိုက်လေသည်။

အနန္တဓားနယ်မြေ...

ဘမ်း...

သားသတ်သမား က မီတာ ၃၀ ကျော်အကွာထိ လွင့်ထွက်သွားခဲ့သည်။ ထို့အပြင် သူ၏လက်ဖဝါးပေါ်မှာ အနည်းငယ် နက်သော ဒဏ်ရာတစ်ခု ပေါ်လာသည်။

ဤမြင်ကွင်းကြောင့် လူတိုင်း၏ မျက်လုံးထဲ၌ ထိတ်လန့်တုန်လှုပ်မှုများ ထွက်ပေါ်လာသည်။

သားသတ်သမား ဒဏ်ရာရသွားသည်ကို

ပထမဆုံးအကြိမ် မြင်လိုက်သဖြင့်

လူတိုင်း ထိတ်လန့်သွားကြသည်။

ထို့အပြင် အရှုးလူငယ်က သန်မာနေ

သောကြောင့် တုန်လှုပ်သွားခဲ့ရသည်။

သားသတ်သမား က သူ့လက်ဖဝါးပေါ်ရှိ

ဓားဒဏ်ရာကို

တစ်ချက်ငုံ့ကြည့်လိုက်သည်။ ထို့နောက်

ယန်ယဲ့ကို မော့ကြည့်ကာ

“ကောင်းလိုက်တဲ့ခွန်အား။

စိတ်ဝင်စားစရာ မင်း…”

ယန်ယဲ့ သည် နေရာမှာတင်

ပျောက်ကွယ်သွား၏။ ထို့နောက်

အလင်းတန်းတစ်ခု လင်းလက်လာသဖြင့်

သူ၏အသံက ရပ်တန့်သွားခဲ့သည်။

သားသတ်သမား၏မျက်လုံးများက

အနည်းငယ် ကျဉ်းမြောင်းသွားပြီး

သူ့လက်ဝါးများကို မြောက်ကာ

လက်ခုပ်တီးသည်။

လက်ခုပ်တီးလိုက်သည့်အချိန်တွင်

ဓားတစ်ချောင်းက အပြင်းအထန်

ခုတ်ချလာသည်။

တစ်ချိန်တည်းမှာပဲ သားသတ်သမားက

သူ့လက်ကိုဆန့်ပြီး ဖမ်းကိုင်လိုက်သည်။

ဘမ်း…

အနက်ရောင်ဓားကြီးကို
ဖမ်းဆုပ်လိုက်သည့်အချိန်မှာ
သားသတ်သမား၏အောက်မှမြေပြင်က
ကွဲထွက်သွားသည်။ ပြင်းထန်သော
စွမ်းအင်လှိုင်းများက ပတ်ဝန်းကျင်ဆီသို့
ရိုက်ခတ်လာသည်။ သို့သော်လည်း
လေထုထဲမှ လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်လှိုင်းများ

ထွက်ပေါ်လာပြီးတားဆီးလိုက်သည်။

ဤအချိန်မှာ သားသတ်သမား

ဖမ်းဆုပ်ထားသော

အနက်ရောင်ဓားကြီးက

ပြင်းထန်စွာ တုန်လှုပ်သွားသည်။

ထို့နောက် မရေမတွက်နိုင်သော

သေလွန်သူဝိညာဉ်များအဖြစ်
ပြောင်းလဲသွားသည်။

ဘမ်း…

သေလွန်သူဝိညာဉ်များမှ ပြင်းထန်သော
စွမ်းအင်လှိုင်းများ ပျံ့လွင့်လာကြသည်။
တစ်ချိန်တည်းမှာပင် ယန်ယွဲ့သည်
သားသတ်သမားရှေ့တွင် ပေါ်လာပြီး
သူ့ဓားဖြင့်ခုတ်ချလိုက်သည်။

သို့သော် သူ၏တိုက်ခိုက်မှုက နည်းစနစ်မရှိ၊ မည်သည့်လှုပ်ရှားမှုမှ မရှိခဲ့ပါ။

သာမန်အတိုင်းသာ ခုတ်ချလိုက်တာဖြစ်သည်။

သို့ရာတွင် သားသတ်သမားက

ထပ်ခါထပ်ခါ

နောက်ပြန်ဆုတ်နေရသည်။

အဓိကကတော့ သားသတ်သမား ဟာ

လက်သီးကိုသာ

သုံးမည်ဟုပြောခဲ့သဖြင့်တော်တော်

လေးဒုက္ခရောက်နေပါသည်။လက်ရှိသူ့ပုံ

စံက အတော်

လေးဆိုးဆိုးရွားရွားဖြစ်နေသည်။

ဒီအချိန်မှ သားသတ်သမားက

တဖြည်းဖြည်း ဖိနှိပ်ခံလာရသည်။

သူ့ခန္ဓာကိုယ်အနှံ့မှာ

ဒဏ်ရာဒဏ်ချက်များ အများအပြား

ပေါ်လာခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့၏ဓားချက်တိုင်းက

ကြောက်စရာအတိဖြစ်နေသည်။

သူက ဘာနည်းစနစ်ကိုမှသုံးမထားဘဲ

ဓားကိုကြံ့ညသလိုသာ ခုတ်နေတာပါ။

သို့သော်လည်း ၎င်း၏စွမ်းအားနှင့်

သက်ရောက်မှုကတော့

အလွန်ကိုကြောက်စရာကောင်းပါသည်။

တခါတရံ ယန်ယဲ့၏ဓားခုတ်ချက်ကြောင့်

သားသတ်သမား ဟာ

အသတ်ခံရနိုင်သည်ဟုပင်ခံစားမိခဲ့သည်

။

ကြောက်စရာအကောင်းဆုံးအပိုင်းဟာ

ယန်ယဲ့၏အရှုးစိတ်က

လုံးဝကိုမြင့်တက်လာတာပါ။

အရူးစိတ် အားကောင်းလာသည်နှင့်အမျှ

ယန်ယဲ့၏

အရူးဆေဘာနည်းစနစ်ကလည်း

ပိုပြီးတော့ကြောက်စရာကောင်းလာခဲ့သ

ည်။

တစ်ရှာလုံးတိတ်ဆိတ်သွားသည် ။

အားလုံးက ယန်ယဲ့ကိုသာ

မျက်တောင်မခတ်စတမ်း

ကြည့်နေကြသည်။

ဒီအချိန်မှာ ယန်ယဲ့၏ အရှူးစိတ်က ပိုပိုပြီး

ပြင်းထန်လာသည်...

နောက်ဆုံးတွင်တော့...

ဘမ်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီး

သားသတ်သမားဟာ မီတာ ၁၀၀

ကျော်အကွာသို့ လွင့်ထွက်သွားခဲ့သည်။

သူ့ခန္ဓာကိုယ်မှာ ဒဏ်ရာဗလပွဖြင့်

ဖုံးလွှမ်းနေသည်။

သူ့လက်နှစ်ဖက်စလုံးကလည်း

ဓားခုတ်ရာအပြည့်ပါ။

သားသတ်သမား၏အမူအရာက

တော်တော်ကို အံ့မှိုင်းလာသည်။ သူက

ယန်ယဲ့ကို လှမ်းကြည့်ပြီး “ဟမ့်၊

ဒီတစ်ခါတော့ လွန်သွားပြီ"

လူတိုင်းဟာ ယန်ယဲ့က

သားသတ်သမားကို

ဆက်ပြီးတိုက်ခိုက်တော့မည်ဟုသာထင် နေသည်။ သို့သော်လည်း ယန်ယွဲ့သည် ရှာသူရှာသားများဖက်ကို ရုတ်တရက် လှည့်ကာ ခုန်ဝင်လိုက်သည်။

ပိုင်ဇိရှန်၏ မျက်နှာက ဖြူဖျော့လာပြီး "သူ ရူးသွားပြန်ပြီ..."

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၆၈၀ - အထီးကျန်ဘဝ

(အထီးကျန်ဆေဘာ)

အဘိုးကြီး ပြောပြီးရုံပင်ရှိသေး

ယန်ယွဲ့၏ဓားက သူ့ခေါင်းကို

ခုတ်ချလာတော့သည်။

ဆူး…

သစ်သားခုံတန်းလျားသည် ချက်ချင်းပင်
အစိတ်စိတ်အမွှာမွှာဖြစ်သွားသည်။

သို့သော်လည်း
ကလေးမျက်နှာအဘိုးကြီးက ယန်ယွဲ့နှင့်
မလှမ်းမကမ်း၌ ပေါ်လာခဲ့သည်။

ယန်ယွဲ့ သည် ဖြည်းညင်းစွာ
လှည့်ပြီးနောက်

ကလေးမျက်နှာအဘိုးကြီး ဆီသို့ ဖြည်းညှင်းစွာ လျှောက်သွားခဲ့သည်။

အဘိုးကြီးက ယန်ယဲ့ကို စိုက်ကြည့်ပြီး "ကလေး၊ မင်းဘာဖြစ်နေတာလဲ။ ငါ မင်းကို မစော်ကားခဲ့ဘူး"

သို့သော်လည်း ယန်ယဲ့ သည် နားမကြားသည့်အလား ဘာမှပြန်မပြောပေ။ ဒီအချိန်မှာပဲ

သူ့ပုံရိပ်က အဘိုးကြီးရှေ့တွင်
ချက်ချင်းပေါ်လာပြီး သူ၏ဓားမဖြင့်
ခုတ်ချလိုက်သည်။

ကလေးမျက်နှာအဘိုးကြီး က
အေးစက်စွာ အော်ဟစ်လိုက်သည်။
သူ့လက်ညှိုးကို ဆန့်ပြီး ဓားမကို
ပုတ်လိုက်သည်။
ယန်ယွဲ့၏ခန္ဓာကိုယ်သည် ပြင်းထန်စွာ
လှုပ်ယမ်းကာ

နောက်ပြန်လှည့်ထွက်သွားသည်။
သို့သော်လည်း သိပ်ပြီးမကြာလိုက်ပေ၊
သူသည် အဘိုးကြီး၏နောက်ကွယ်မှာ
ပေါ်လာခဲ့သည်။ တစ်ချိန်တည်းမှာပင်
သူ၏ဓားက
အဘိုးကြီး၏နောက်ကျောကိုထိုးသွင်းလို
က်လေသည်။

ကလေးမျက်နှာအဘိုးကြီး က

အနည်းငယ် မျက်မှောင်ကြုတ်ကာ

သူ့ညာလက်ကို ဝှေ့ယမ်းလိုက်သည်။

ဘမ်း...

ပြင်းထန်သော စွမ်းအားလှိုင်းများက

ယန်ယွဲ့အား ရှူအပြင်သို့

ရိုက်ထုတ်လိုက်သည်။ သို့သော်လည်း

တစ်ချိန်တည်းမှာပင် ရှူအပြင်ဖက်မှ

တလက်လက်တောက်ပနေသော
ဓားစွမ်းအင်များ ဖြာထွက်လာသည်။

ကလေးမျက်နှာအဘိုးကြီး က
ဘာမှအပြောင်းအလဲမရှိဘဲ
သူ့လက်ချောင်းကို ရှေ့သို့
ပုတ်လိုက်သည်။

ဘမ်း...

လက်ချောင်းထိပ်မှ ပြင်းထန်သော

စွမ်းအင်လှိုင်းတစ်ခု ပြေးထွက်လာပြီး

ဓားသွားစွမ်းအင်များဟာ

ချက်ချင်းပေါက်ကွဲသွားသည်။

သို့သော်လည်း ဓားတစ်ချောင်းက

လေထုကိုထိုးခွဲ၍

ကလေးမျက်နှာအဘိုးကြီး၏ ခေါင်းကို

တည့်တည့်ခုတ်ချလာသည်။

ငှင်းသယ်ဆောင်လာသော အရှူးဆန္ဒက

အာကာသပြင်ကိုပင် အက်ကြောင်းများ

ထပ်သွားစေခဲ့သည်။

မူလတာအိုသခင်များပင်လျှင်

ဤနေရာရှိအာကာသကို

ခွဲထုတ်နိုင်မည်မဟုတ်ပေ။

သို့ရာတွင် ယန်ယဲ့၏တိုက်ခိုက်မှုဟာ

ထာဝရကျေးရွာ၏

အထက်အာကာသကိုအက်ကွဲသွားစေသ

ည်။ တစ်ချိန်တည်းမှာပင် ဓားက

လျင်မြန်စွာဆင်းသက်လာသည်။

ကလေးမျက်နှာအဘိုးကြီးက

အနည်းငယ် မျက်မှောင်ကြုတ်ကာ

နေရာမှာပင် ပျောက်ကွယ်သွားခဲ့သည်။

ဆူး...

မြေပြင်၌ အောက်ခြေမသိနိုင်သော

အက်ကြောင်းကြီးတစ်ခု ပေါ်လာသည်။

ဤအချိန်တွင် အဘိုးကြီးက

ယန်ယဲ့၏နောက်ကျောကနေ

ပေါ်လာခဲ့သည်။ ယန်ယဲ့ သည်

ဘာမှမထူးခြားဘဲ

သူ၏ဓားကိုနောက်ပြန်လှည့်ထိုးလိုက်သ

ည်။

ဘမ်း...

ပေါက်ကွဲသံများ ကျယ်လောင်စွာ

ထွက်ပေါ်လာပြီးနောက် ယန်ယဲ့ သည်

ရှာထဲမှ လွင့်ထွက်လာပြန်သည်။

ဤတစ်ကြိမ်တွင်

ကလေးမျက်နှာအဘိုးကြီးက

အားပိုထည့်ထားသဖြင့် ယန်ယဲ့ဟာ

အချိန်တော်တော်ကြာပြီးမှ

မတ်တပ်ပြန်ထနိုင်သည်။

သို့သော်လည်း သူရပ်လိုက်သည်နှင့်

ကလေးမျက်နှာအဘိုးကြီးကို

ထပ်မံတိုက်ခိုက်လိုက်သည်။

ကလေးမျက်နှာအဘိုးကြီး၏မျက်ခွံများ

လှုပ်ယမ်းသွားကာ "ကလေး၊

မင်းစိတ်ဖောက်ပြန်နေလို့

မင်းကျေနပ်သလို လုပ်နိုင်မယ် မထင်နဲ့"

ထိုစကားပြောပြီးသည်နှင့်

ယန်ယဲ့ကိုချိန်ရွယ်ကာ

လက်ခုပ်တီးလိုက်လေသည်။

အာကာသထဲမှ

အနက်ရောင်လက်သည်းကြီးတစ်ဖက်

ပေါ်လာပြီး ယန်ယဲ့၏ခန္ဓာကိုယ်ကို

ဖမ်းဆုပ်ထားလိုက်သည်။ သို့သော်

ခဏအကြာတွင် ဓားတစ်ချောင်းက

လေထုကိုဆုတ်ဖြဲ၍

အနက်ရောင်လက်သည်းကြီးအား
ပိုင်းဖြတ်ပစ်လိုက်လေသည်။

ဆူး…

အနက်ရောင်လက်သည်းကြီးဟာ
အပိုင်းပိုင်းကွဲထွက်သွားသည်။

ယန်ယွဲ့ သည် သူ၏ညာခြေကို
တစ်ချက်ဆောင့်၍

လေထဲသို့ခုန်တက်လိုက်သည်။ ထို့နောက်

သူ၏ဓားကို

လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်လျက်

အဘိုးကြီး၏ခေါင်းကိုခုတ်ချလိုက်သည်

။

ကလေးမျက်နှာအဘိုးကြီးက

အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။

သူ့ညာဖက်လက်သီးကို

တင်းတင်းဆုပ်ထားပြီး ရှေ့ကို လှမ်းထိုးလိုက်သည်။

ဘမ်း...

ယန်ယဲ့ သည် နောက်တစ်ကြိမ် လွင့်ထွက်သွားသည်။ ရှာဝင်ပေါက်ဆီသို့ ပြုတ်ကျသွား၏။ သို့သော်လည်း ခဏအကြာတွင် ပြန်ထလာသည်။

ယန်ယွဲ့သည် သူ၏ဓားကို

ခါးမှာချိတ်ဆွဲထားလိုက်သည်။ ထို့နောက်

ရွာထဲကို လျှောက်ဝင်လာသည်။

ကလေးမျက်နှာအဘိုးကြီးက

ထပ်ပြီးတိုက်ခိုက်ရန်ပြင်လိုက်သော်လ

ည်း ယန်ယွဲ့သည် နေရာမှာပင်

ပျောက်ကွယ်သွားခဲ့သည်။

အဘိုးကြီးက အနည်းငယ်
အံ့အားသင့်သွားကာ "ဘာလဲ၊ မင်း
ဆက်မတိုက်ခိုက်ချင်တော့ဘူးလား"

သူသည်
ယန်ယဲ့ပျောက်ကွယ်သွားသောနေရာကို
အချိန်အတော်ကြာ စိုက်ကြည့်နေခဲ့သည်။
အချိန်အတော်ကြာမှ ယန်ယဲ့က
မတိုက်ခိုက်ချင်တော့မှန်း နောက်ဆုံးတွင်
အတည်ပြုလိုက်နိုင်သည်။

"ဘယ်လိုကောင်လဲဟ..."

ကလေးမျက်နှာအဘိုးကြီးက မကျေမနပ်ဖြစ်သွားသော်လည်း ယန်ယဲ့ကို လိုက်မရှာခဲ့ပေ။ သူက ကျန်နေသော သစ်သားခုံလေးပေါ်မှာ လဲလျောင်းပြီးအိပ်စက်လိုက်ပါတော့သည်။

အခန်းထဲတွင်...

ယန်ယဲ့သည်

အခန်းထဲကိုပြန်ဝင်လာသည်။ ပိုင်ဇိရှန်က

သူ့ရှေ့တွင်ပေါ်လာသည်။ ယန်ယဲ့ကို

ခဏကြာအောင် စိုက်ကြည့်ပြီး "နင်

တိုက်ခိုက်ပြီးသွားပြီလား"

ယန်ယဲ့၏မျက်နှာက

အံ့သြသွားပုံရသည်။

ပိုင်ဇိရှန်က သက်ပြင်းချရင်း “ဒီမှာ ဒေါသတကြီး မလုပ်ပါနဲ့။ နားလည်လား”

ယန်ယဲ့က ဘာစကားမှ ပြန်မဖြေ။

ပိုင်ဇိရှန် က ဆက်ပြောသည် "သူတို့က နင့်ကို ဘာလို့ ဒီလောက် ဂရုစိုက်နေတာလဲ ငါမသိဘူး။ ဒါပေမဲ့ နင့်အတွက်တော့ ဒါဟာ တကယ့်ကို ကြီးမားတဲ့ ကံကြမ္မာနဲ့ တွေ့ဆုံမှုပါပဲ။

ဒါ့ကြောင့် လက်လွှတ်မခံဘဲနဲ့

ဒီအခွင့်အရေးကို ဆုပ်ကိုင်ထားရမယ်။

နားလည်လား"

ဤအချိန်တွင် ယန်ယဲ့က

ပိုင်ဇီရှန်၏ကိုယ်လုံးလေးကို ဆွဲယူကာ

သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်သည်။

ပိုင်ဇီရှန်၏ခန္ဓာကိုယ်က အနည်းငယ်

တင်းမာလာသည်။

ယန်ယဲ့က ပိုင်ဇီရှန်ကို ပွေ့ဖက်ထားရင်း
သူ့လက်များဟာ သူမ၏ခါးဆီသို့
ရုတ်တရက် လျှောကျသွားသည်။
ပိုင်ဇီရှန်၏အမူအရာက အနည်းငယ်
ပြောင်းလဲသွားပြီး
ချက်ချင်းရုန်းထွက်လိုက်သည်။

ယန်ယဲ့သည် ရုတ်တရက်
မျက်မှောင်ကြုတ်သွားသည်။

တစ်ချိန်တည်းမှာပင် သူ့လက်က

ခါးမှာချိတ်ဆွဲထားသော

ဓားပေါ်သို့တင်ထားလိုက်သည်။

ထို့အပြင် သူ့ထံမှ အရှူးစိတ်များ

တဖြည်းဖြည်း ပေါ်လာသည်။

ပိုင်ဇိရှန် က ချက်ချင်း ထိတ်လန့်သွားပြီး

ယန်ယဲ့ဆီကို

အမြန်လျှောက်သွားလိုက်တော့သည်။

ခဏမျှတုံ့ဆိုင်းသွားပြီး

ယန်ယဲ့၏လက်ကို ကိုင်လိုက်သည်။

သို့သော်လည်း ယန်ယဲ့က ပိုင်ဇီရှန်ကို

ဆွဲဖက်ကာ

သူမ၏တင်ပါးကိုဖြစ်ညှစ်လိုက်

လေသည်။

ပိုင်ဇီရှန်၏ကိုယ်လုံးလေးက

တင်းမာလာသည်။

ခဏာမျှ တို့ဆိုင်းသွားသော်လည်း

နောက်ဆုံးတွင် ရုန်းထွက်မနေတော့ပေ။

ကံကောင်းထောက်မစွာ၊ ယန်ယဲ့ သည်

စိတ်

ခံစားချက်အနည်းငယ်ကို

ဖြေဖျောက်ရုံမှတပါး ဘာမှ မလုပ်ခဲ့ပေ။

ဤအတိုင်းပင် အချိန်တော်တော်ကြာမှ
ယန်ယဲ့သည် ဖြည်းဖြည်းချင်း
ငြိမ်သက်သွားခဲ့သည်။

နောက်ထပ်
ရက်အနည်းငယ်ကြာသည်အထိ
ယန်ယဲ့နှင့် ပိုင်ဇီရှန် တို့ဟာ
အခန်းထဲမှာပင် ကျင့်ကြံနေခဲ့ကြသည်။

ဤအချိန်တွင် ဝမ်အရှုးမလေး၏အဖိုးနှင့်
သားသတ်သမားတို့က
ရွာကိုပြန်မရောက်ကြသေးပေ။

အချိန်များ တရွေ့ရွေ့နဲ့ကုန်ဆုံးလာ၏။

မျက်စိတစ်မှိတ်အတွင်း ၂
ပါတ်ကြာမြင့်သွားသည်။

ဤအတောအတွင်း

ယန်ယဲ့၏ခန္ဓာကိုယ်ဟာ အ

ပြောင်းအလဲအချို့ပေါ်လာသည်။ သူ့ထံမှ

ကြေးဝါရောင်စွမ်းအင်များ

ဖြာထွက်လာသည်။

ကြေးဝါရောင်စွမ်းအင်စီးကြောင်းများ

ဟာ သူ၏သွေးကြောများမှတစ်ဆင့်

ခန္ဓာကိုယ်အနှံ့ စီးဆင်းသွားသည်။

အစပိုင်းမှာတော့

အနည်းငယ်သာရှိခဲ့သည်။ သို့သော်လည်း

စွမ်းအင်က တဖြည်းဖြည်း

များလာတော့သည်။

အချိန်အတော်ကြာပြီးနောက်

ယန်ယဲ့သည် ရုတ်တရက် ထရပ်ကာ

ဝါးအိမ်ထဲမှ ထွက်လာခဲ့သည်။

ယန်ယဲ့က

နောက်တစ်ကြိမ်ပြန်ထွက်လာသည်ကို

မြင်သောအခါ ရှာသူရှာသားများဟာ

ချက်ချင်း ဘေးဖယ်သွားကြသည်။

လောလောဆယ်တွင် သားသတ်သမားက

ရှာမှာမရှိသဖြင့် ပြဿနာမဟုတ်ပေ။

ပြဿနာက အရှူးဖြစ်နေသောယန်ယဲ့ပါ။

ရှာသူရှာသားများက

သာမန်လူများသာဖြစ်ရာ

အရှုးဖြစ်နေသောယန်ယဲ့ကို
မစော်ကားရဲကြပေ။

သိပ်မကြာလိုက်ပေ၊ ယန်ယဲ့သည်
ရွာအဝင်ဝကို ရောက်လာခဲ့သည်။

ဤအချိန်တွင်
ကလေးမျက်နှာအဘိုးကြီးက
သစ်သားခုံတန်းလျားပေါ်တွင်
အိပ်စက်နေခဲ့သည်။

ယန်ယဲ့ သည်

ကလေးမျက်နှာအဘိုးကြီးဆီ ကို

လျှောက်သွားပြီး သူ၏ဓားဖြင့်

ခုတ်ချလိုက်လေသည်။

ဓားက အဘိုးကြီး၏ခေါင်းကို

ထိုးခွဲခါနီးတွင် အိပ်နေရာမှ

မျက်လုံးများပွင့်လာသည်။ ထိုအခါ

ယန်ယဲ့၏ဓားက သူ့ခေါင်းနှင့်

လက်မဝက်အကွာတွင်

ရပ်တန့်သွားသည်။

ဤအချိန်တွင် ယန်ယဲ့က ဓားကို

လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက်

အောက်သို့ ဖိလိုက်သည်။

ဆူး...

အဘိုးကြီးက နေရာမှာပင်
ပျောက်ကွယ်သွားသည်။
သစ်သားခုံတန်းလျားက
တစ်စစီကြွေမွသွားခဲ့သည်။

ယန်ယွဲ့က နောက်သို့
ရုတ်တရက်လှည့်လိုက်ပြီး သူ၏ဓားကို
ပိုင်းချလိုက်သည်။

ဆူး...

ဓား ပိုင်းဖြတ်သွားသည့် နေရာတိုင်းတွင်
ပြင်းထန်သော ဓားလှိုင်းများက
အာကာသကို တုန်လှုပ်သွားစေသည်။

အဘိုးကြီးက သူ့လက်ချောင်းကို
ရှေ့သို့ဆန့်ထုတ်ပြီး ဓားစွမ်းအင်ကို
တည့်တည့် ပုတ်လိုက်သည်။

ဘမ်း...

ဓားစွမ်းအင်များ

ပေါက်ကွဲသွားသော်လည်း

ကလေးမျက်နှာအဘိုးကြီးဟာ ခြေလှမ်း

သုံးလှမ်း နောက်ပြန်ဆုတ်သွားခဲ့သည်။

အဘိုးကြီး သူ့လက်ချောင်းကို

တစ်ချက်ငုံ့ကြည့်လိုက်သည်။

လက်ချောင်းထိပ်ဖျား

ပွင့်ထွက်သွားသည်။ သူက

မျက်မှောင်ကြုတ်ပြီး ယန်ယဲ့ကို
စိုက်ကြည့်ရင်း "မင်းတကယ်ပဲ
မူလစွမ်းအင်ကို ဖန်တီးနိုင်သွားပြီ… "

ဤအချိန်တွင် ယန်ယဲ့က
ခြေထောက်နှစ်ဖက်ကို
အနည်းငယ်ကားလိုက်သည်။ထို့နောက်
ဓားကိုလက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်လိုက်သ
ည်။ တစ်ချိန်တည်းမှာပင်
သိပ်သည်းသော

မှုလစွမ်းအင်များကစားထဲသို့တိုးဝင်လာ

သည်။

ခလွပ်...

ယန်ယွဲ့၏ပတ်ဝန်းကျင်ရှိ

အာကာသသည် တဖြည်းဖြည်း

ကွဲအက်လာသည်။

ကလေးမျက်နှာအဘိုးကြီးက

မျက်မှောင်ကြုတ်ကာ "ကလေး၊

မင်းနည်းနည်းမှ

အသိစိတ်ဝင်မလာသေးရင်

ငါလည်းသေချာဂရုစိုက်ရလိမ့်မယ်"

ဆူး...

ဤအချိန်တွင် ယန်ယွဲ့သည်

တိမ်တိုက်များထဲသို့ ထိုးတက်လာသော

ဓားစွမ်းအင်အလင်းတန်းကြီး
အဖြစ်ပြောင်းလဲသွားခဲ့သည်။ ထို့နောက်
ရောမဓားအလင်းတန်းကြီးဟာ
အထက်ကနေဆင်းသက်လာခဲ့သည်။

ဓားအလင်းတန်း ဖြတ်သန်းသွားသည့်
နေရာတိုင်း အာကာသသည်
ပွင့်ထွက်သွားသည်။
ကောင်းကင်မှမြေပြင်သို့ ထိလုနီးပါး
အက်ကြောင်းကြီးတစ်ခုပေါ်လာသည်။

ကမ္ဘာကြီးကို နှစ်ခြမ်းခွဲလိုက်သလိုပင်။
အလွန်ပင်ထိတ်လန့်တုန်လှုပ်စရာကောင်း
လှသည်။

ဤမြင်ကွင်းကိုမြင်သောအခါ
ကလေးမျက်နှာအဘိုးကြီး၏အမူအရာ
က ပြောင်းလဲသွားသည်
“မူလဆေဘာဂိုဏ်းရဲ့

အထီးကျန်ဘဝ

(အထီးကျန်ဆေဘာ)လား။ ဘာလဲဟ...

ခဏနေ၊ ဒီကလေးက

ဓားနယ်မြေပါပေါင်းစပ်ထားတယ်။

သောက်ကျိုးနည်း"

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက်

အဘိုးကြီးထံမှ

ပြင်းထန်သောစွမ်းအားလှိုင်းတစ်ခု

ပေါက်ကွဲထွက်လာသည်။

စွမ်းအားလျှိုင်းက လေထဲတွင် ရောမလုံကြီးတစ်ချောင်းသဖွယ် စုစည်းလာသည်။

ဤအချိန်မှာ ဓားအလင်းတန်းက လုံကို ထိမှန်သွားသည်။

ဂျုန်း...

မီတာရာချီသော ဧရိယာသည်

ပြင်းထန်စွာ တုန်ခါသွားပြီးနောက်

လုံ့နှင့်ဓားစွမ်းအင်များ

ကွဲထွက်သွားသည်။

အုန်း... အုန်း...

ဧရိယာသည် ရုတ်တရက်

လှုပ်ခတ်လာပြီး အလယ်ဗဟိုတွင်ရှိသော

ထာဝရကျေးရွာနှင့်အတူ

အနောက်ဖက်တောင်တန်းဟာ

ပြင်းထန်စွာ တုန်လှုပ်သွားခဲ့သည်။

ကမ္ဘာဖျက်

လျှင်လှုပ်ခတ်လာသလိုပင်ထင်ရလေ

သည်။ ကြောက်စရာအကောင်းဆုံးမှာ

ထိုစွမ်းအင်နှစ်မျိုးသည် လေထုထဲတွင်

ပေါက်ကွဲသွားပြီး မရေမတွက်နိုင်သော

စွမ်းအားလှိုင်းများက ပတ်ဝန်းကျင်ဆီသို့
ရိုက်ခတ်လာသောခဲ့သည်။

၎င်းတို့သာ ထာဝရကျေးရွာ ထဲသို့
ဆင်းသက်လာပါက ရွာတစ်ခုလုံး
စိစိညက်ညက် ကြေသွားနိုင်လေသည်။

ကလေးမျက်နှာအဘိုးကြီးက
ထိတ်လန့်တုန်လှုပ်သွားသည်။
သူတစ်ခုခုလုပ်ရန်ပြင်လိုက်စဉ်

ပတ်ဝန်းကျင်သည် ရုတ်တရက်
အေးခဲသွားပုံရသည်။

အရာအားလုံးပင် ရပ်တန့်သွားခဲ့သည်။

တိုက်မိရာမှ ပေါက်ကွဲထွက်လာသည့်
စွမ်းအားလှိုင်းများဟာ လေထဲမှာပင်
ရပ်တန့်သွား၏။ ပတ်ဝန်းကျင်သည်
တဖြည်းဖြည်း ငြိမ်သက်သွားသည်။

အချိန်အတော်ကြာတော့

အားလုံးပုံမှန်ပြန်ဖြစ်သွား၏။

ဤအချိန်တွင် ရွာထဲမှ အဘွားအိုတစ်ဦး

ထွက်လာသည်။

ကလေးမျက်နှာအဘိုးကြီးကို

အေးစက်စွာ စိုက်ကြည့်ရင်း "နင် ဒီရွာကို

ဖျက်ဆီးဖို့ ကြိုးစားနေတာလား"

ကလေးမျက်နှာအဘိုးကြီးက

ကောင်းကင်ကို ညွှန်ပြပြီး “အစ်မကြီး၊

အဲဒါ ငါ့ကိုစွမဟုတ်ဘူး။ အဲဒီကလေးပဲ၊

သူက ငါ့ကို အကြောင်းတစ်ခုခုကြောင့်

သတ်ဖို့ ကြိုးစားနေတာ။

မကြာသေးခင်တုန်းက

သူငါ့ကိုသတ်လုနီးပါးပဲ"

အဘွားအိုက ကောင်းကင်ကို

မော့ကြည့်လိုက်ပြီးနောက်

သူမ၏ညာလက်ကို

အပေါ်သို့ဆန့်ထုတ်လိုက်ပြီး အောက်ကို

ဆွဲချလိုက်သည်။

ဘမ်း ...

ပြင်းထန်သော စွမ်းအင်လှိုင်းတစ်ခုက

လုံးကောင်းကင်ပေါ်သို့ လွင့်ပျံလာသည်။

ထို့နောက်တွင် ကောင်းကင်ယံမှ

ပုံရိပ်တစ်ခု ပြုတ်ကျကာ အဘွားအိုရှေ့မှ မြေပြင်ပေါ်သို့ ပြိုကျသွားသည်။

အုန်း...

မြေပြင်တစ်ခုလုံး ပြင်းထန်စွာ တုန်ခါသွားသည် ။

ပြုတ်ကျလာသူက ယန်ယဲ့ပင်ဖြစ်သည်။

ယန်ယဲ့သည် မြေပြင်မှ

တွားသွားထလာကာ

ဓားကိုဆုပ်ကိုင်ထားလျက်ဖြင့် အဘွားအို

ဆီသို့ လျှောက်သွားသည်။ အဘွားအိုက

တည်ငြိမ်နေသောအကြည့်များဖြင့်

ယန်ယဲ့ကို စိုက်ကြည့်နေခဲ့သည်။

ဤအချိန်တွင်

ကလေးမျက်နှာအဘိုးကြီးက

ယန်ယွဲ့ကိုကြည့်ကာ မကြာခင်ကံဆိုးတော့မည်မှန်းသိလိုက်သည်။ သူက ဝမ်းသာအားရ ပြုံးကာ သူ့စိတ်ထဲတွင် "ကလေး၊ မင်း အခု ဒုက္ခရောက်တော့မယ်။ မင်းရဲ့ဆရာနဲ့ အဲဒီသားသတ်သမားတောင် မင်းကိုမကယ်နိုင်ဘူး၊ လူမိုက်ပဲ..."

အချိန်အနည်းငယ်အကြာတွင် ယန်ယွဲ့သည် အဘွားအိုနှင့် ၃

ကီလိုမီတာအကွာသို့ ရောက်လာခဲ့သည်။

ယန်ယဲ့က

အဘွားအိုကိုတိုက်ခိုက်ရန်ပြင်လိုက်ပြီးမှ

ကလေးမျက်နှာအဘိုးကြီးဖက်လှည့်ကာ

ခုန်ဝင်လိုက်သည်။

ဤမြင်ကွင်းကြောင့် အဘွားအိုက

ဘာပြောရမှန်းပင်မသိတော့ပေ။

ဂူ၏အတောအတွင်း အဘိုးကြီးက ခဏမျှ

ထိတ်လန့်သွားပြီး ဒေါသတကြီး

ခုန်ထကာ

“ဒီအရူးက ဘာဖြစ်နေတာလဲ။

ငါ့ကိုပဲပြဿနာရှာနေတယ်"

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၆၈၁ - အရှုးဆေဘာ နည်းစနစ်

ဤအခိုက်အတန့်တွင်
ကလေးမျက်နှာအဘိုးကြီးက
ယန်ယဲ့၏အရှုးစိတ်ကို တော်တော်လေး
မကျေမနပ်ဖြစ်သွားသည်။

သေချာတွေးကြည့်ပါက ယန်ယဲ့ဟာ
အဘွားအို၏ခွန်အားကို

သတိထားမိသောကြောင့်မတိုက်ခိုက်ခဲ့ပေ။ တွေးကြည့်ရုံဖြင့်အရှုံးတစ်ယောက်ဟာ ဆင်ခြင်တုံတရားရှိနိုင်မည်လား။

ဤအချိန်တွင် လက်ဝါးတစ်ဖက်ကယန်ယဲ့၏ပခုံးပေါ်သို့ ရုတ်တရက်ဖိချလိုက်သည်။

ဘမ်း…

ပြင်းထန်သော စွမ်းအင်လှိုင်းများက

ယန်ယဲ့အား ချုပ်နှောင်ထားခဲ့သည်။

အဘွားအိုက ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး "ဒါဟာ

တမင်လုပ်တာမဟုတ်ဘူး" ဟု

ပြောပါသည်။

"မဖြစ်နိုင်ဘူး"

ကလေးမျက်နှာအဘိုးကြီးက

မယုံချင်ပေ။ သူက

အဘွားအို၏စကားကို ငြင်းလိုက်သည်။

"အစ်မကြီး၊ မင်း ကိုယ်တိုင် မြင်တာပဲ။

ဒီကောင်..."

အဘွားအိုက ခေါင်းယမ်းလိုက်ပြီး "ဗီဇ၊

အဲဒါက ပင်ကိုယ်တုံ့ပြန်မှုပဲ"

သူမက ကလေးမျက်နှာအဘိုးကြီးကို စိုက်ကြည့်ရင်း “ဒီကလေးက နင့်ကို ဘာလို့ လာရှာနေတာလဲ”

"အဲ့ဒါအတွက် ငါလည်းအဖြေသိချင်တယ်" ကလေးမျက်နှာအဘိုးကြီးက ဒေါသတကြီးနဲ့ “ဒီကလေးက ငါ့ကို နဲနဲပါးပါး လှီးဖြတ်ဖို့ ကြိုးစားနေတာ တစ်ခုခုတော့ ရှိရမယ်။ ဘာပဲဖြစ်ဖြစ် ငါ

ဒီအရူးကို

တစ်ခါမှရန်စတာမျိုးမရှိပါဘူး”

အဘွားအိုက ယန်ယဲ့ကိုလှည့်ကြည့်ပြီး

"သူ နင်နဲ့ လေ့ကျင့်ချင်တာ

ဖြစ်နိုင်တယ်"ဟုပြောပါသည်။

ကလေးမျက်နှာအဘိုးကြီးက

စကားမပြောနိုင်လောက်အောင်

ဖြစ်သွားခဲ့သည်။

အဘွားအိုက ဆက်ပြောခဲ့သည် “သူ့ရဲ့ ကျင့်ကြံတဲ့အရှိန်က တော်တော်ကောင်းပါတယ်။ သူက ဒီလောက်အချိန်တိုလေးမှာပဲ မူလဆေဘာနည်းစနစ်ရဲ့ အဆင့် ၁ ကိုလေ့ကျင့်နိုင်ခဲ့ပြီ။ သူက တကယ်ပဲ "အထီးကျန်ဘဝ"ကိုတောင် အောင်မြင်ခဲ့တယ်။ ဒါ့အပြင် သူ့ရဲ့ ဓားနယ်မြေနဲ့

အရှုးဆန္ဒကိုပါပေါင်းစပ်ထားတယ်။ ဒါဟာ အထီးကျန်ဘဝရဲ့စွမ်းအားကို ပိုပြီးတော့ထူးခြားစေတာပဲ”

"အစ်မကြီး..." ဤအချိန်တွင် ကလေးမျက်နှာအဘိုးကြီးက “သူက ဓားစိတ်ဆန္ဒနဲ့ ဓားနယ်မြေကိုသုံးနိုင်သေးတာလား” ဟု မေးသည်။

"ဘာလို့မဖြစ်ရမလဲ" အဘွားအိုက
ကလေးမျက်နှာအဘိုးကြီးကို
တစ်ချက်ကြည့်လိုက်ပြီး "မဟာတာအို
မြောက်မြားစွာရှိပေမယ့်
အဆုံးသတ်ကျတော့ အားလုံးဟာ
ဦးတည်ချက်တစ်ခုကိုပဲသွားကြတယ်။
ဟုတ်ပါတယ်၊ ဓားစိတ်ဆန္ဒနဲ့ ဓားနယ်မြေ
ကိုသုံးတာက အထီးကျန်ဘ၀ လောက်
အစွမ်းထက်တာတော့မဟုတ်ဘူး။

ဒါပေမဲ့ သူ့ရဲ့အရူးဆန္ဒက တော်တော်

လေးကြောက်စရာကောင်းတယ်။ ဒါကပဲ

တတိယမောင်လေးနဲ့

ကွဲပြားသွားစေတာပဲ။

တတိယမောင်လေးရဲ့တိုက်ခိုက်မှုတွေက

မြန်ဆန်တယ်၊ တိကျတယ်၊ ရိုးရှင်းတယ်။

ဒါပေမဲ့ ဒီကလေးရဲ့တိုက်ခိုက်မှုတွေက

ဖော်ပြစရာစကားလုံးနှစ်လုံးပဲရှိတယ်၊

ရူးသွပ်တာနဲ့ရက်စက်ကြမ်းကြုတ်တာပဲ"

ကလေးမျက်နှာအဘိုးကြီးက “သူတို့နှစ်ယောက်ထဲမှာ ဘယ်သူက ပိုအလားအလာကောင်းသလဲ” ဟု မေးလိုက်သည်။

အဘွားအို က ခေါင်းခါပြီး “အဲဒါက သူတို့အပေါ်မှာပဲ မူတည်တယ်။ ငါ့အထင်တော့ ဒီကလေးရဲ့ဓားက ပိုကြောက်စရာကောင်းတယ်။ သူ့ဓားကို လူသတ်ဖို့ သုံးတယ်။

အရှုံးစိတ်ထဖောက်လာတာနဲ့ တစ်ဖက်လူမသေမချင်းရပ်တန့်မှာမဟုတ်တော့ဘူး။ နင့်ရဲ့ ခွန်အားက သူ့ထက်သာနေလို့မသိသာတာ၊ တကယ်လို့ သူနဲ့အဆင့်တူဖြစ်နေရင် ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာကို နင် ခံစားမိလိမ့်မယ်"

ကလေးမျက်နှာအဘိုးကြီးက ယန်ယဲ့ကို ငုံ့ကြည့်ကာ ခေါင်းခါလိုက်သည်

“မူလခေတ်မှာတောင် ဒီအရူးက ရှင်သန်နိုင်ပြီး အုပ်စိုးရှင်ဖြစ်လာမှာ သေချာပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ဒီအကျင့်စရိုက်က ... ဟူး...၊ အဲဒါ မူလဆောဘာဂိုဏ်း အတွက် ကောင်းတာပဲဖြစ်မလား ဒါမှမဟုတ် ဆိုးတာလားလို့ တွေးမိတယ်"

အဘွားအိုက မျက်လုံးကို ဖြည်းညှင်းစွာမှိတ်လိုက်ပြီး

"ဘယ်သူသိနိုင်မှာလဲ။ ဟုတ်တယ်၊ သူ
နင်နဲ့ထပ်ပြီး လေ့ကျင့်ရင် သူ့ကို
ဒုက္ခမပေးနဲ့။ သူနဲ့ပဲ လေ့ကျင့်ပါ။ သူဟာ
တတိယမောင်လေးရဲ့
တပည့်ဖြစ်နေတော့
ငါတို့ရဲ့တပည့်တစ်ပိုင်းပဲ”

ကလေးမျက်နှာအဘိုးကြီးက
ခါးသက်သက်ရယ်မောရင်း
“ဟုတ်ပါတယ်။ မဟုတ်ရင် ငါ

ကရုဏာပြမှာ မဟုတ်ဘူး။ ဒါနဲ့ အစ်မကြီး၊ ဒီလူယုတ်မာ အဘိုးကြီးက ဘာလို့ ဒီကလေးအပေါ် ဒီလောက် အထင်ကြီးရတာလဲ"

အဘွားအို က "သူပြန်လာမှပဲ နင်ကိုယ်တိုင်သွားမေးချေ"

ထို့နောက် အဝေးကို လှမ်းကြည့်ကာ "သမီးငယ်လေး၊ ငါနဲ့လိုက်ခဲ့..."

ယန်ယဲ့ လဲကျနေသော နေရာနှင့်
မလှမ်းကမ်းတွင်
မိန်းမပျိုတစ်ဦးပေါ်လာခဲ့သည်။

သူမက ပိုင်ဇီရှန် ပင်။ အမှန်တော့
ရောက်နေတာကြာပြီဖြစ်သည်။
သို့သော်လည်း
ကလေးမျက်နှာအဘိုးကြီးနှင့်
အဘွားအိုက ယန်ယဲ့အား

ဒုက္ခမပေးသဖြင့်

ချက်ချင်းထွက်မလာခဲ့ပေ။

ပိုင်ဇီရှန်က နေရာတွင်ရပ်နေရင်း

ခဏမျှစဉ်းစားပြီးနောက်

အဘွားအိုနောက်သို့လိုက်သွားခဲ့သည်။

ကလေးမျက်နှာအဘိုးကြီးက

သူ့မျက်နှာတွင်

ရှက်ရွံ့မှုအနည်းငယ်ရှိကာ "အစ်မကြီးက အရင်လိုပဲ စိတ်တွေပူနေသေးတယ်"

အဘွားအို ထွက်သွားသည်နှင့် ယန်ယဲ့အား ချုပ်နှောင်ထားသော စွမ်းအင်လှိုင်းများလည်း ပျက်ပြယ်သွားတော့သည်။

ထို့နောက်တွင် သူ၏ဓားကိုလက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်

ကာ ကလေးမျက်နှာအဘိုးကြီးအား

ခုတ်ချလိုက်လေသည်။

ကလေးမျက်နှာအဘိုးကြီးက

စကားမပြောနိုင်လောက်အောင်

ခံစားလိုက်ရသည်။

ထို့နောက်တော့ တိုက်ခိုက်ကြပြန်သည်။

ဤ၊တစ်ကြိမ်တွင်

ကလေးမျက်နှာအဘိုးကြီးက ယန်ယဲ့ကို

နောက်ပြန်ရိုက်မထုတ်တော့ပေ၊ ထိုအစား

ယန်ယဲ့၏တိုက်ခိုက်မှုတိုင်းကို

တားဆီးပါတော့သည်။

ထိုကဲ့သို့ပင် ရှာပြင်မှ အော်ဟစ်သံများ

အဆက်မပြတ် ထွက်ပေါ်လာသည်။

...

ရွာထဲတွင်... ။

အဘွားအိုက
အသီးအပင်များစိုက်ပျိုးထားသော
ဥယျာဉ်ငယ်လေးတစ်ခုဆီကို
ရောက်လာသည်။
သူမ၏လက်ထဲမှခြင်းတောင်းကို ပိုင်ဇီရှန်
အား လွှဲပေးလိုက်ရင်း "သမီးလေး၊ ငါ့ကို
ဟင်းသီး ဟင်းရွက်တွေ
ကူပြီးခူးပေးပါဦး"

ပိုင်ဇီရှန် က အဘွားအိုကို တစ်ချက်ကြည့်လိုက်သည်။ သူမက မပြောင်းဆန်ဘဲ ခြင်းတောင်းကို ယူကာ ဥယျာဉ်ထဲသို့ လျှောက်သွားခဲ့သည်။

ထို့နောက် နှစ်ယောက်သား ခြင်းတောင်းတစ်ခုစီကိုင်ပြီး ဥယျာဉ်ထဲက အသီးအရွက်များကို လိုက်လံခူးဆွတ်ကြသည်။

ခဏကြာပြီးနောက် ပိုင်ဇီရှန် က

အနည်းငယ်တုံ့ဆိုင်းသွားပြီး

"အကြီးအကဲ…"

အဘွားအို က “နင် ငါ့ကို အန်တီယန် လို့

ခေါ်နိုင်တယ်”

ပိုင်ဇိရှန် က ခဏလောက်စဉ်းစားပြီး

"အန်တီယန်၊အန်တို့မှာ

တောင်းဆိုစရာတစ်ခုခုများရှိလား"

အဘွားအိုက ပိုင်ဇိရှန်  ဆီကို

လျှောက်လာပြီး သူ့ဘေးမှာ

ထိုင်ချလိုက်သည်။ ထို့နောက်

"သမီးငယ်လေး၊ အဲဒီအဘိုးကြီးက နင့်ကို

သိုလှောင်လက်စွပ်တစ်ကွင်း ပေးခဲ့တာ

မှတ်မိသေးတယ်၊ ဘာလို့
ငြင်းလိုက်တာလဲ"

ပိုင်ဇိရှန် က တိတ်ဆိတ်သွားသည်။

အဘွားအို က ပြုံးပြီး “နင်က ဒီကလေးကို
ကြိုက်နေတာမဟုတ်လား”

ပိုင်ဇိရှန် က သူ့ခေါင်းကို ခါယမ်းလိုက်ပြီး "အကြီးအကဲ၊ အကြီးအကဲ မသိပေမယ့် ငါက တခြားတစ်ယောက်လို့ ထင်နေတာ"

"အိုး..." အဘွားအိုက လုပ်လက်စကို ရပ်လိုက်ပြီး "အဲဒါကို ပြောပြပါဦး" လို့ ပြောပါသည်။

ပိုင်ဇိရှန် က ခဏတာ နှုတ်ဆိတ်သွားပြီး "သူချစ်တဲ့ အမျိုးသမီးကို ပြင်ပကမ္ဘာရဲ့

အင်အားစုတစ်ခုက

သတ်လိုက်တဲ့အတွက်

သူဒီလိုဖြစ်လာတယ်။

သူကအရမ်းဝမ်းနည်းပြီး

ဒီလိုဖြစ်သွားတာပဲ"

အဘွားအိုက

အနည်းငယ်ခေါင်းညိတ်ပြပြီး

“ဒီလိုလူဖြစ်ဖို့ ငါ မမျှော်လင့်ထားဘူး”

သူက ပိုင်ဇီရှန် ကိုကြည့်ကာ "နင်ကော ဘယ်လိုလဲ"

ပိုင်ဇီရှန် က "ငါလား..."

အဘွားအို က “ငါတို့က ကျင့်ကြံသူတွေဖြစ်လို့ စိတ်ခံစားမှုတွေ ကြုံလာတဲ့အခါတိုင်း ငါတို့ရဲ့ နှလုံးသားစေရာအတိုင်းပဲ လိုက်နာသင့်ပါတယ်။

တစ်ခုခုကိုကြိုက်ရင် ကြိုက်တယ်၊
တစ်ခုခုကို မကြိုက်ရင် မကြိုက်ဘူး။
တစ်ခုခုကို နှစ်သက်တဲ့အခါ ရယူဖို့
ကြိုးစားပါ။ တစ်ခုခုကို မကြိုက်ရင်
အဲဒါကို စွန့်လွှတ်ဖို့ ပြတ်ပြတ်သားသား
ရွေးချယ်ပါ”

ပိုင်ဇီရှန် လည်း တိတ်ဆိတ်သွားသည်။

ဤအချိန်တွင် အဘွားအိုက ပိုင်ဇီရှန်

ထံသို့ လျှောက်လာပြီး သူမဘေးတွင်

ဝင်ထိုင်လိုက်သည်။ သူမက

"အဲဒီအဘိုးကြီးက နင့်ကို

သိုလှောင်လက်စွပ်ပေးပြီး

ဘာလို့ပြန်သွားခိုင်းတာလဲ နင်သိလား"

ပိုင်ဇီရှန်က ခေါင်းခါလိုက်သည်။

အဘွားအိုက ပြုံးပြီး

"ဒီသိုလှောင်လက်စွပ်ကို

နင်ယူခဲ့မယ်ဆိုရင် ဒီနေရာက

ထွက်သွားနိုင်မှာမဟုတ်ဘူးလို့

ငါအာမခံတယ်"

"သူငါ့ကိုသတ်မှာလား"

ပိုင်ဇီရှန်၏အမူအရာက

အနည်းငယ်ပြောင်းသွားပြီး "ဘာလို့လဲ"

ဟုမေးလိုက်သည်။

အဘွားအိုက “ဒီကလေးက

သူရွေးတဲ့လူဆိုတော့။ ဒီကလေးကို

ဘာ့ကြောင့်ရွေးချယ်ခဲ့တာလဲဆိုတာ

ငါမသိပေမယ့် ကလေးမှာ

လျှို့ဝှက်ချက်တစ်ခုခုကို

ဖုံးကွယ်ထားတယ်ဆိုတာ

သေချာပါတယ်။ ဒီတော့ အဖြေက

ရှင်းပါတယ်၊ အဲဒီလူအိုကြီးက

ဒီကလေးအနားမှာ

မကောင်းတဲ့ရည်ရွယ်ချက်ရှိတဲ့

ဘယ်သူ့ကိုမှ ရှိမနေစေချင်ပါဘူး။

ဒါ့ကြောင့် နင့်ကို စမ်းသပ်ဖို့

အဲဒီသိုလှောင်လက်စွပ်ထုတ်ပေးလိုက်

တာပဲ။ကံကောင်းထောက်မစွာနဲ့ နင့်မှာ

သူ့အတွက် ခံစားချက်တချို့ရှိနေတယ်။

အဲ့ဒါကြောင့် နင့်ကိုမသတ်ဘဲ

ထာဝရသလင်းကျောက်တွေပေးခဲ့တာ”

ပိုင်ဇီရှန် က "အန်တီယန်၊ ဘာလို့

ယန်ယွဲ့ကိုမှ ရွေးလိုက်တာလဲ"

အဘွားအို က ခေါင်းကို

အနည်းငယ်ခါယမ်းကာ

“ငါလည်းမသိဘူး”

သူမက ဖြည်းညှင်းစွာထရပ်လိုက်ပြီး

“ငါ့ဥယျာဉ်ကို

ကူညီစီမံပေးမယ့်သူတစ်ယောက်လိုနေတယ်။ နင်က အဲဒီတာဝန်ကိုယူချင်သလား"

ပိုင်ဇီရှန် က မတ်တပ်ထရပ်ပြီး အဘိုးအိုရှေ့တွင် ဒူးထောက်ချကာ "ဆရာ့ကို အရိုအသေပေးပါတယ်"

အဘွားအိုက ကောင်းကင်ကို မျှော်ကြည့်ကာ "ငါဟာ မူလခေတ်က အင်မော်တယ်သတ်ဖြတ်ခြင်းဂိုဏ်းရဲ့

ဆက်ခံသူပါ။ နင်က ငါ့တပည့်ဖြစ်လာရင်

ဒါဟာ ငါ့ရဲ့

အင်မော်တယ်သတ်ဖြတ်ခြင်းဂိုဏ်းကို

ကိုယ်စားပြုတယ်။ နင်ဆန္ဒရှိသလား"

ပိုင်ဇီရှန် က သဘာဝအတိုင်း

ငြင်းမှာမဟုတ်ပေ။ "တပည့်က

ဆက်ခံဖို့ဆန္ဒရှိပါတယ်"

အဘွားအို က အနည်းငယ်

ခေါင်းညိတ်ပြီး လက်ကို

မြှောက်လိုက်သည်။

မမြင်နိုင်သောစွမ်းအားလှိုင်းတစ်ခုက

ပိုင်ဇီရှန်ကို

ချက်ချင်းထရပ်စေလိုက်သည်။

အဘွားအိုက "ဒီအချိန်ကစပြီး

နင်ငါ့အနားမှာပဲနေရမယ်။

နောက်တစ်နှစ်အကြာမှာ နင်သင်ယူနိုင်တဲ့

အနေအထားက နင့်ရဲ့ကံကြမ္မာအပေါ်ပဲ

မူတည်ပါလိမ့်မယ်”

ပိုင်ဇီရှန်က "တစ်နှစ်ကြာမှာလား"

အဘွားအို က ခေါင်းညိတ်ပြီး “တစ်နှစ်။

အခုကစလို့ တစ်နှစ်ကြာလိမ့်မယ်။

ဒီရွာက ပျောက်ကွယ်သွားမှာဖြစ်သလို

ငါတို့လည်း

ပျောက်ကွယ်သွားရတော့မယ်။

ဘာကြောင့်လဲလို့ မမေးပါနဲ့။
ဘယ်အချိန်မှာ သိသင့်တယ်ဆိုတာ
သိလာလိမ့်မယ်"

ပိုင်ဇိုရှန် က အဘွားအိုကို
တစ်ချက်ကြည့်လိုက်ပြီး
ထာဝရကျေးရွာအကြောင်းကို
ပိုလို့တောင် သိချင်လာခဲ့သည်။

...

ထိုနေ့ပြီးနောက်တွင် ပိုင်ဇီရှန် သည် အဘွားအို နှင့် အတူနေထိုင်ခဲ့သည်။ ယန်ယဲ့ကတော့ ကလေးမျက်နှာအဘိုးကြီးနှင့် နေ့တိုင်းတိုက်ခိုက်နေပါသည်။

အချိန်ကြာလာသည်နှင့်အမျှ ယန်ယဲ့၏ ဆေဘာနည်းစနစ် က အရှိန်မြန်မြန်နှင့် ပြင်းထန်လာသည်။

ရွာအဝင်ဝတွင် ...။

ယန်ယဲ့ ရောက်လာတိုင်း ရွာသူရွာသား
အများအပြားက
ရောက်လာပြီးစောင့်ကြည့်နေခဲ့သည်။

ယန်ယဲ့ သည် ဆေဘာတစ်ချောင်းကို
ဆုပ်ကိုင်ထားပြီး
ကလေးမျက်နှာအဘိုးကြီးထံ
လျှောက်လာခဲ့သည်။

အဘိုးကြီးက ယန်ယဲ့ကို လှမ်းကြည့်ကာ

"ကလေး၊ တက်လာခဲ့စမ်း..."

ယန်ယဲ့သည်

နေရာမှာပင်ဖျတ်ခနဲပျောက်သွားသည်။

ထို့နောက်

ကလေးမျက်နှာအဘိုးကြီးရှေ့တွင်

ရောက်နေခဲ့၏။ တစ်ချိန်တည်းမှာပဲ

ယန်ယဲ့သည် မြောက်များစွာသော

ဆောဘာအလင်းတန်းများအဖြစ်ပြောင်း

လဲသွားပါတော့သည်။ လူတိုင်း ဘာကိုမှ

ရှင်းရှင်းလင်းလင်းမမြင်ရတော့ပေ။

"အရှူးဆောဘာ နည်းစနစ်"

ရှာသားတစ်ယောက်က

အော်ဟစ်လိုက်သည်။

"အရှူးဆောဘာ နည်းစနစ်..."

မှန်သည်၊ ရွာသူရွာသားများက
ယန်ယဲ့၏အရူးဆေဘာနည်းစနစ်ကို
ကြည့်ရန် ရောက်လာကြတာပါ။

အချိန်အတော်ကြာ
လေ့ကျင့်နေစဉ်အတွင်း ယန်ယဲ့ဟာ သူ၏
ကိုယ်ပိုင် အရူးဆေဘာနည်းစနစ်ကို
ဖန်တီးနိုင်ခဲ့သည်။
ယန်ယဲ့တိုက်ခိုက်လိုက်တိုင်း
အရူးတစ်ယောက်လိုဖြစ်နေသောကြောင့်

"အရှုးဆေဘာနည်းစနစ်"

ဟုခေါ်ဆိုကြခြင်းပင်။

ခဏအကြာတွင်တော့

ယန်ယဲ့သည်ရုတ်တရက် ရပ်တန့်သွား၏။

သို့သော်လည်း ဆေဘာစွမ်းအင်ကတော့

ရှိနေတုန်းပါ။

ယန်ယဲ့က ဆေဘာကို ပြန်သိမ်းလိုက်၏။
ထို့နောက် ထပ်ပြီးမတိုက်ခိုက်တော့ဘဲ
ထွက်သွားသည်။

ဤအချိန်တွင်
ကလေးမျက်နှာအဘိုးကြီးက သူ့လက်ကို
ဆန့်ထုတ်ကာ သူ့ရှေ့ရှိ အာကာသကို
ထိလိုက်သည်။ ထိုနေရာတွင်
လက်ဝါးအရွယ်ခန့်
အက်ကြောင်းတစ်ခုရှိနေ၏။

အာကာသပြင်က

ကွဲထွက်သွားခဲ့တာဖြစ်သည်။

အာကာသအက်ကြောင်းထဲ၌

ဆောဘာအမှတ်အသား ၁၀၀

ခန့်ရှိလေသည်။

"အချိန်တိုအတွင်း လှူပ်ရှားမှု ၁၀၀... "

ကလေးမျက်နှာအဘိုးကြီးက

ယန်ယဲ့ပျောက်ကွယ်သွားသော နေရာကို

လှမ်းကြည့်လိုက်သည်။ ဒီအချိန်မှာ

သူ့မျက်လုံးထဲ၌ လေးနက်သိမ်မွေ့သော

အရိပ်အယောင်တစ်ခု ရှိနေသည်။

အစပိုင်းတွင် ယန်ယဲ့၏

ဆေဘာနည်းစနစ် က

ကြံ့ရာကျပန်းတိုက်ခိုက်နေသော

သာမန်သာဖြစ်ခဲ့သည်။ သို့သော်

အချိန်ကြာလာသည်နှင့်အမျှ ယန်ယဲ့၏

ဆေးဘာနည်းစနစ် က

အနည်းငယ်ကွာခြားလာသည်ကို

သတိပြုမိခဲ့သည်။

ပထမဦးစွာ၊ အရှိန်မြန်မြန်ဖြင့်

စွမ်းအားမြင့်လာသည်။

ဒုတိယအနေနှင့်တော့ ဆေးဘာကို

လွှဲလိုက်တိုင်း တစ်နေရာတည်းကို

ထိမှန်သွားသည်။ ထို့အပြင် ယန်ယဲ့ သည်

ဆောဘာကို တစ်ချက်ယမ်းလိုက်ရုံဖြင့်

အကြိမ်

၁၀၀ ခန့်တိုက်ခိုက်နိုင်သည်။ သို့သော်

၎င်းက ကြောက်စရာမဟုတ်ပါ၊

ကြောက်စရာအကောင်းဆုံးအပိုင်းမှာ

ကား မည်သို့ပင်ရှောင်တိမ်းနေပါစေ

ယန်ယဲ့၏ဆောဘာပိုင်းချက်က

တူညီသည့်နေရာတစ်ခုတည်းကိုသာကျ

ရောက်သွားမှာဖြစ်သည်။

ဥပမာအားဖြင့် ပြောရလျှင်
ယန်ယွဲ့၏လက်သီးချက်က သူ့လက်ကို
ထိမှသွားလျှင် ဒုတိယ၊ တတိယ၊
ထို့နောက် လက်သီးချက်တိုင်းဟာ
သူ့လက်ကို ထိမှန်သွားပေလိမ့်မည်။

ကြောက်စရာအကောင်းဆုံးအပိုင်းက
တော့ တိုက်ခိုက်မှုတစ်ခုချင်းစီ၏
အမြန်နှုန်းနှင့် ခွန်အားက
အတူတူဖြစ်နေတာပါ။

ထို့ကြောင့် သူက ယန်ယဲ့၏တိုက်ခိုက်မှုကို ပြင်းပြင်းထန်ထန် တားဆီးခဲ့ခြင်း မရှိပေ။ အကြောင်းကတော့ သူဟာ ဘာဒဏ်ရာမှ မရဘဲ တားဆီးလို့မရပေ။ သို့သော် သူ၏ကျင့်ကြံမှုအဆင့်က ယန်ယဲ့ထက်သာလွန်ခဲ့သည်။

မှန်သည်၊ ကလေးမျက်နှာအဘိုးကြီးက ယန်ယဲ့၏ အရှုးဆောဘာနည်းစနစ်ကို

ဒဏ်ရာဒဏ်ချက်မရဘဲ

ချေဖျက်လို့မရပေ။သူက အင်အားသုံး၍

ဖျက်ဆီးမှသာ။ သို့သော်

ထိုသို့လုပ်လိုက်ပါက ယန်ယွဲ့ကို

ဒဏ်ရာအပြင်းအထန်ရသွားစေနိုင်ပါသ

ည်။ ထို့ကြောင့် ရှောင်တိမ်းရန်သာ

ရွေးချယ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ
ကလေးမျက်နှာအဘိုးကြီးဟာ
အတော်လေး တုန်လှုပ်သွားမိသည်။

အကြောင်းမှာ လက်ရှိယန်ယဲ့က
ဖန်ဆင်းရှင်သာဖြစ်နေလို့ပါ။

ဟင်းလင်းပြင်နတ်ဘုရားအဆင့်
တစ်ယောက်ပင်လျှင် ထာဝရကျေးရွာ၏
အထက်အာကာသကို

ချိုးဖျက်နိုင်မှာမဟုတ်ပေ။

သို့သော်လည်း ယန်ယွဲ့၏

အရှုးဆေးဘာနည်းစနစ်က

အာကာသကိုပွင့်ထွက်သွားစေခဲ့သည်။

ယင်းက

ယန်ယွဲ့၏တိုက်ခိုက်ရေးစွမ်းအားဟာ

ဟင်းလင်းပြင်နတ်ဘုရားအဆင့်မှာရှိနေ

ကြောင်းဆိုလိုပါသည်။

သို့သော်လည်း တကယ်တမ်းကျ သူဟာ ဖန်ဆင်းရှင် တစ်ပါးသာဖြစ်နေသေး၏။

နောက် ၃ ရက်ခန့်အကြာ...

ယန်ယွဲ့ သည် သူ၏ဆေဘာကို

ဆုပ်ကိုင်လျက်

ရွာအဝင်ဝသို့ရောက်လာခဲ့ပြန်သည်။

ဤအချိန်တွင်

ကလေးမျက်နှာအဘိုးကြီးက

သစ်သားခုံတန်းလျားပေါ်ကနေ

ချက်ချင်းခုန်ထလာသည်။ သူက

ယန်ယွဲ့အား

အတော်လေးကိုသတိထားနေ၏။

သူ့ရှေ့ရှိ အရှုးလူငယ်က

တစ်ခါတစ်လေအလစ်ဖမ်းတိုက်ခိုက်တ

တ်လို့ပါ။ တစ်ခါက သူ အရက်မူးပြီး

အိပ်ပျော်သွားချိန်မှာ

ယန်ယွဲ့၏ဆေဘာက သူ့လည်ပင်းကို

ပိုင်းဖြတ်လုနီးပါးပင်။ ထို့နောက်တွင်

ယန်ယဲ့နှင့်တွေ့တိုင်း

လျှော့မတွက်ရဲတော့ဘဲသတိအပြည့်ထား

နေလေတော့သည်။

ယန်ယဲ့က

ရောက်လာချိန်ကစလို့စကားတစ်ခွန်းမှ

မပြောခဲ့သောကြောင့်

ကလေးမျက်နှာအဘိုးကြီးဟာ သူ့အား

သတိဖြင့် စိုက်ကြည့်နေသည်။

ဤအချိန်မှာပဲ ယန်ယဲ့သည် နေရာမှာပင်
ဖျတ်ခနဲပျောက်သွားပြီးနောက်
အဘိုးကြီးရှေ့တွင်ရောက်နေခဲ့သည်။
ယခင်အတိုင်းပင်၊ မြောက်များစွာသော
ဆေဘာအလင်းတန်းများဟာ
ကလေးမျက်နှာအဘိုးကြီးထံသို့
ပြေးဝင်လာသည်။

ဆေဘာတစ်ချက် တိုက်ခိုက်မှု ၁၀၀ ။

သို့သော်လည်း

ကလေးမျက်နှာအဘိုးကြီး က

အသာအယာပင် ရှောင်တိမ်းနိုင်ခဲ့သည်။

အဘိုးကြီး၏ ပါးစပ်ထောင့်တွင်

အပြုံးတစ်ခု ပေါ်နေသည်။

သို့သော်လည်း ခဏအကြာတွင်တော့

သူ၏အမူအရာက ပြောင်းလဲသွားသည်။

အဘိုးကြီးက တုံ့ဆိုင်းမနေဘဲ

သူ့ခန္ဓာကိုယ်ကို မြွေတစ်ကောက်ကဲ့သို့

တွန့်လိမ်ပြီး မီတာ ၃၀

ကျော်အကွာသို့ ခုန်ထွက်သွားသည်။

အဘိုးကြီး၏ဝမ်းဗိုက်မှာ

အနည်းငယ်နက်သော

ပြတ်ရှရာတစ်ချက်ရှိနေခဲ့သည်။

ကလေးမျက်နှာအဘိုးကြီးက

ခဏတာအံ့အားသင့်သွား၏။ ထို့နောက်

ယန်ယဲ့ကို မော့ကြည့်ကာ ဒေါသတကြီး ကျိန်ဆဲလိုက်သည် "သောက်ကျိုးနည်း အရူး၊ မင်းရဲ့ဓားကိုပါ သုံးနေတာလား"

ဤအချိန်တွင် ယန်ယဲ့ သည် အဘိုးကြီးနှင့် မလှမ်းမကမ်း၌ ရပ်နေခဲ့သည်။ သူ၏ဘယ်ညာနှစ်နှစ်ဖက်စလုံးက ဓားတစ်ချောင်းနှင့် ဆေဘာတစ်ချောင်းကိုကိုင်ထားခဲ့သည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၆၈၂ -

"တောင်တန်းရွေ့လျားခြင်းအဆင့်"

မှန်ပါသည်၊ ယန်ယွဲ့ သည်

အရှူးဆေဘာနည်းစနစ်ကို

လှေကျင့်နေသည့်တိုင် သူသည်

ဓားသမားတစ်ဦးသာဖြစ်ခဲ့သည်။

" အရှူးဓားသမား... "

ကလေးမျက်နှာအဘိုးကြီးက

ယန်ယွဲ့၏နောက်ထပ်အဆင့်အတန်းကို

သတိမထားမိလိုက်ပေ။

အကြောင်းကတော့ ယန်ယွဲ့ဟာ

ဆေဘာကိုသာ

ဆက်တိုက်ထုတ်သုံးနေသောကြောင့်ပင်
ဖြစ်သည်။ သို့သော် ယခုလေးတင်ပဲ
ယန်ယဲ့၏ဓားချက်က သူ့အား
ဒဏ်ရာရသွားစေခဲ့သည်။

ထို့ကြောင့် ကလေးမျက်နှာအဘိုးကြီးက
တော်တော်လေးတုန်လှုပ်သွားမိသည်။

ယန်ယဲ့၏ အရှုးဆေဘာနည်းစနစ်ဟာ
တစ်ချက်လွှဲရုံဖြင့် တိုက်ခိုက်မှု အကြိမ်

၁၀၀ ထုတ်ဖော်နိုင်သည်။ ၎င်းက

တစ်ခုနှင့်တစ်ခု  ထပ်နေပါသည်။

ဆေဘာကို တစ်ချက်လှဲလိုက်တိုင်း

ခွန်အားအပြည့်ရှိသောကြောင့်

ယန်ယွဲ့၏အကန့်အသတ်ဟုလည်းဆိုနိုင်

၏။

မှန်သည်၊ ဆေဘာတစ်ချက်လှဲတိုင်း

တိုက်ခိုက်မှု ၁၀၀ က ယန်ယွဲ့၏

ကန့်သတ်ချက်ဖြစ်သည်။

ကလေးမျက်နှာအဘိုးကြီးက

ထိုအတိုင်းပင်တွေးထားခဲ့တာဖြစ်သည်။

သို့သော် လက်တွေ့မှာတော့

သူထင်ထားသလိုမဟုတ်ခဲ့ပေ။ ယန်ယဲ့က

ဆေဘာအစားဓားကိုဆက်သုံးခဲ့သည်။

အရှူးဆေဘာနည်းစနစ်ဟာ

များပြားသောမူလစွမ်းအင်လိုအပ်သည်။

တစ်ချက်တိုက်ခိုက်ပြီးတိုင်း ယန်ယဲ့

ပြန်ထွက်သွားရသည့်အကြောင်းအရင်း

လည်းဖြစ်သည်။ အကြောင်းကတော့
သူ့တွင် မူလဆန်းကြယ်စွမ်းအင်
မရှိတော့လို့ပါ။

သို့သော် သူ၏ဓားက
မူလဆန်းကြယ်စွမ်းအင်ကို
အသုံးပြုစရာမလိုခဲ့ပေ။
တစ်နည်းဆိုရသော် ယန်ယဲ့ဟာ
အရှုးဆေဘာနည်းစနစ်ကို သုံးပြီး
ဓားမြှောက်လိုက်သောအခါ

နည်းစနစ်အသစ်တစ်ခုဖန်တီးလိုက်သလို
ပင်။

၎င်းက သူ၏နည်းစနစ်ကို
ပြီးပြည့်စုံစေသော
လှုပ်ရှားမှုတစ်ခုဟုပင်ဆိုနိုင်ပါသည်။

"သူက မင်းကို
ဒဏ်ရာရအောင်လုပ်နိုင်တာလား"
ကလေးမျက်နှာအဘိုးကြီး၏

ဘေးနားကနေ အသံတစ်သံ ရုတ်တရက်ထွက်လာသည်။

သူက တစ်ချက်လှည့်ကြည့်လိုက်ရာ သားသတ်သမားကို တွေ့လိုက်သည်။ ဤအချိန်တွင် သားသတ်သမား၏ပုံစံက အတော်လေးကိုစုတ်ပြတ်သက်နေပါသည်။ မျက်နှာတွင် ဒဏ်ရာဗလပွနှင့်သွေးများထွက်နေခဲ့သည်။ ထို့အပြင် သားသတ်သမား၏

ခန္ဓာကိုယ်အနှံ့ ဒဏ်ရာဒဏ်ချက် ၁၀ ခုထက်မနည်းရှိခဲ့သည်။ တစ်ခုစီတိုင်းက အတော်လေးနက်လှသည်။

သူ့လက်ထဲမှာတော့ အနက်ရောင်အိတ်ကြီးတစ်လုံးကို ကိုင်ဆောင်ထားသည်။ သို့သော်လည်း လက်ရှိမှာတော့ သားသတ်သမား၏မျက်လုံးများက အံ့ဩစရာများဖြင့် ပြည့်နှက်နေပါသည်။

ကလေးမျက်နှာအဘိုးကြီးက “ငါ သတိမထားခဲ့မိဘူး…” ဟူ၍ ဂရုမစိုက်ဘဲ ပြန်ဖြေသည်။

ဤအချိန်တွင် သားသတ်သမားက ယန်ယဲ့ထံသို့ လျှောက်သွားပြီး ခဏကြာစိုက်ကြည့်နေလိုက်သည်။ ယန်ယဲ့က သူ၏ဆေဘာကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး တိုက်ခိုက်ရန်ပြင်နေသည်။ သို့သော်

နောက်ဆုံးတွင် မတိုက်ခိုက်တော့ဘဲ
ထွက်ခွာသွားခဲ့သည်။

"သူက တမင်သက်သက် လုပ်နေတယ်လို့
ခံစားနေရတယ်"
ကလေးမျက်နှာအဘိုးကြီးက
ဆက်ပြောသည် “ဒါကို မင်းမြင်လား။
သူက လုံး၀ အသိစိတ်ရှိတယ်။
သူ့အတွက် ယှဉ်ပြိုင်ရခက်ခဲတဲ့သူတွေကို
မတိုက်ခိုက်ဘူး။ သူ့ရဲ့

ဆန်းကြယ်ချီစွမ်းအင်တွေ

ကုန်သွားတဲ့အခါ

ဆက်ပြီးမတိုက်ခိုက်တော့ဘူး။

သောက်ကျိုးနည်း၊ ဘယ်အရူးက

ဒီလောက်ညဏ်ကောင်းလဲ”

သားသတ်သမားက

“ငါထွက်သွားတဲ့ခဏလေးအတွင်းမှာ

သူက အဆင့် ၁ ကို

အောင်မြင်သွားမယ်လို့ ငါ

မမျှော်လင့်ထားပါဘူး။ ဒါ့ထက်
ဒီစားနည်းစနစ်ဟာ... သူကိုယ်တိုင်
နားလည်ထားတဲ့ အရာတစ်ခုပဲ။
ရိုးရိုးသားသားပြောရရင်
မင်းဘယ်လိုထင်လဲ"

ကလေးမျက်နှာအဘိုးကြီးက ခဏတာ
ငြိမ်သက်သွားပြီး "ဒါဟာ
ငါ့လိုလူအတွက် ကြီးမားတဲ့
ခြိမ်းခြောက်မှုတော့ မဟုတ်ဘူး။ ဒါပေမဲ့

မူလတာအိုအဆင့် ဒါမှမဟုတ်

ဟင်းလင်းပြင်နတ်ဘုရားအဆင့်

တွေအတွက်တော့

အိပ်မက်ဆိုးတစ်ခုဖြစ်လိမ့်မယ်။

တကယ်တော့ သူ့ရဲ့ဓားနဲ့ဆေဘာကို

တစ်သားတည်းအဖြစ်

ပေါင်းစပ်နိုင်တာဟာ ငါ့ကို

ပိုပြီးအံ့သြစေတယ်။

သူ့ဓားကိုသုံးပြီးတိုက်ခိုက်တာက

တကယ့်ကို ပြီးပြည့်စုံတယ်”

သူက သားသတ်သမား ကို

စိုက်ကြည့်ရင်း “ဒီကလေးက လုံးဝကို

ရက်စက်ကြမ်းကြုတ်သလို သူ့ရဲ့

တိုက်ခိုက်ရေး ဗီဇကလည်း

ကြောက်စရာကောင်းတယ်။

သူ့ရဲ့အကျင့်စရိုက်ကိုက

ဒီလိုဖြစ်နေတာသေချာတယ်။

ဒီလိုမှမဟုတ်ရင် သူ့ကျင့်ကြံမှုအဆင့်မှာ

ဒီလိုဗီဇကို ပိုင်ဆိုင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။

တိုတိုပြောရရင် မင်းကံကောင်းတယ်။

ဒီကလေးက မင်းတို့ဂိုဏ်းရဲ

တည်ထောင်သူဘိုးဘေးကို

မကျော်နိုင်ရင်တောင်

မူလဆေဘာဂိုဏ်းကို

အရှက်ခွဲမှာမဟုတ်ဘူး။ ပြီးတော့

မူလခေတ်ရဲ့ မူလဆေဘာဂိုဏ်း ဟာ

လောကကို နောက်တစ်ကြိမ်
လှူပ်ခတ်သွားစေမှာ သေချာတယ်"

သားသတ်သမား က တဟားဟားရယ်ပြီး
ကလေးမျက်နှာအဘိုးကြီးကို ကြည့်ကာ
"ဒုတိယညီ၊ သူ့အပေါ်
မင်းရဲ့အကဲဖြတ်မှုက အရမ်းမြင့်တယ်"

ကလေးမျက်နှာအဘိုးကြီးက
“ရိုးရိုးသားသား ပြောရရင် သူ့ကို

ဒီလောက်ကြာအောင် သိပြီးတဲ့ နောက်မှာ

ဒီကလေး ကို တကယ် သဘောကျတယ်”

သူက သားသတ်သမား ကိုစိုက်ကြည့်ပြီး

“သရုပ်ဆောင်နေတာတွေကို ရပ်လိုက်ပါ။

မင်းသူ့ကို လက်မခံချင်ဘူးထင်ရပေမယ့်

မင်းစိတ်ထဲမှာကျ တကယ်ကို

အရမ်းပျော်နေခဲ့တာပဲမဟုတ်လား"

သားသတ်သမားက ခေါင်းညိတ်ကာ

“ငါဝန်ခံပါတယ်။

ငါသူ့ကိုတကယ်သဘောကျတယ်၊ ဒါပေ

မဲ့ သူ့ရဲ့ သတ်ဖြတ်ခြင်းတာအို

နဲ့ပတ်သက်ရင် ငါတကယ် စိတ်ပူတယ်။

သူ့ရဲ့ ဓားနဲ့ဆေးဘာတာအိုက

သတ်ဖြတ်ဖို့ပဲအဓိကထားနေတာ။

ကောင်းကင်ဘုံက သတ်ဖြတ်ခြင်းတာအို

ကို ထိပ်ဆုံးရောက်ခွင့်မပေးဘူးဆိုတာ

မင်းလည်းသိနေသားပဲ။ ပြီးတော့

အဲဒီလမ်းစဉ်မှာ ဘယ်သူကမှ

ကြေကွဲဖွယ်အဆုံးသတ်ကို

မရှောင်နိုင်ခဲ့ကြဘူး”

"ဒီကလေးက ခြားနားမယ်ထင်တယ်"

ကလေးမျက်နှာအဘိုးကြီးက

“မူလခေတ်တုန်းက

သတ်ဖြတ်ခြင်းတာအို

ကိုလျှောက်လှမ်းသူတွေအများကြီးပဲလေ

။ သူတို့က သတ်ဖြတ်ခြင်းတာအို ရဲ့

သဘောသဘာဝကို

သတိပြုမိခဲ့ကြတယ်။ ဒီတော့

ပိုပြီးအားကောင်းလာဖို့အတွက်

သတ်ဖြတ်ကြတာပဲ။ ဒါပေမဲ့ ဒီကလေးက

သတ်ဖြတ်တာကို

ရပ်တန့်ဖို့အတွက်အသုံးပြုတယ်။

အဲဒါမှမဟုတ်ရင် အစ်မကြီးက သူ့ကို

မင်းရဲ့တပည့်အဖြစ် လက်ခံခိုင်းတာ

ဒါမှမဟုတ် ငါ့ကို

သူနဲ့လေ့ကျင့်ခိုင်းတာမျိုး

လုံးဝခွင့်မပြုဘူး။ နောက်ဆုံးတော့

သူ့အရည်အချင်းက မဆိုးပေမယ့်

အရမ်းကြီးထူးချွန်တဲ့အထဲမှာမပါဘူး

လေ”

သားသတ်သမားက တဟားဟားရယ်ရင်း

“သူ့ရဲ့ စရိုက်က ကောင်းပါတယ်။

မဟုတ်ရင် ဒီကောင်မလေးက ဘာလို့

သူ့ဘေးမှာ ရှိနေရတာလဲ။ ရပါတယ်၊

ဒီလောက်ဆို ဒီကလေးက

သူ့ခန္ဓာကိုယ်ကို ပြုပြင်နိုင်လောက်မှာပါ။

ငါ ဒီကလေးရဲ့လက်တွေကို

တောင်တန်းရွှေ့လျားခြင်း

အဆင့်ရောက်အောင်

မြှင့်တင်ပေးလိုက်မယ်”

ကလေးမျက်နှာအဘိုးကြီးက
“ဒီဟင်းလင်းပြင်မျောက်ဝံကို
မင်းသတ်လိုက်တာလား”

သားသတ်သမားက ခေါင်းညိတ်ပြီး
ပြန်ပြောသည် "တကယ်တော့
ဒီတိရစ္ဆာန်ကို ငါမသတ်ချင်ပေမယ့်
ငါ့ဆီရောက်လာခဲ့တာ။ ဒါ့ကြောင့်
သတ်ဖို့ကလွဲပြီး
ရွေးချယ်စရာမရှိတော့ဘူးလေ"

ကလေးမျက်နှာအဘိုးကြီးက သားသတ်သမားကို တစ်ချက်ကြည့်လိုက်ပြီး “ဒါပေမဲ့ မင်းရဲ့ခွန်အားနဲ့…”

သားသတ်သမားက “ဒီလူယုတ်မာအဘိုးကြီးက ငါ့ကို လက်တစ်ဖက် ငှားလိုက်တာ”

ကလေးမျက်နှာအဘိုးကြီးက မယုံကြည်ဟန်ဖြင့် “ဒါတကယ်ပဲလား၊ သူက မင်းကို ကူညီခဲ့တာလား”

သားသတ်သမားက "အဲဒါက ကလေးရဲ့လက်တွေကို အဆင့်မြှင့်တင်ပေးဖို့လို့ ငါပြောလိုက်တယ်၊ ဒါ့ကြောင့် သူကူညီခဲ့တာပဲ"

ကလေးမျက်နှာအဘိုးကြီးက

အနည်းငယ် မျက်မှောင်ကြုတ်ကာ

“ဒီကလေးမှာ ဘာကိုမြင်လိုက်တာလဲ။

ဒါမှမဟုတ် အဲဒီကလေးက

သူ့ရဲ့တရားမဝင်သားများ ဖြစ်နိုင်မလား”

သားသတ်သမား က ခေါင်းခါလိုက်ပြီး

“အဲဒါကို မေ့လိုက်ပါ။ ဒီကလေးကို

ငါသွားတွေ့လိုက်ဦးမယ်။ ငါ သူ့အတွက်

တကယ့်ကို အံ့သြစရာကောင်းတဲ့

အံ့အားသင့်စရာတွေ ပေးမှာလို့

ပြောရမယ်။ ဟားဟား..."

သားသတ်သမားက နေရာမှာပင်

ပျောက်သွားသည်။

ကလေးမျက်နှာအဘိုးကြီးက

ခေါင်းယမ်းကာ ရွာဝင်ပေါက်သို့

ပြန်လာခဲ့သည်။

...

ကျောက်တုံးအိမ်တစ်လုံးထဲတွင် ...။

ယန်ယဲ့သည် ကြမ်းပြင်ပေါ်တွင် တင်ပျဉ်ခွေထိုင်လျက် ကျင့်ကြံနေ၏။

သားသတ်သမား နှင့် ပိုင်ဇီရှန် တို့နှစ်ယောက်က မလှမ်းမကမ်း၌ ရပ်နေကြသည်။ သူတို့အလယ်တွင်

အိုးကြီးတစ်အိုးရှိနေသည်။ ပိုင်ဇိုရှန် က ထင်းတုံးများကို ယူကာ အိုးအောက်ကို အဆက်မပြတ်ထိုးထည့်နေသည်။

အိုးကြီးထဲ၌ မဲနက်နေသောအသားတုံးများရှိနေ၏။

ပိုင်ဇိုရှန် က သားသတ်သမား ကို တစ်ချက်ကြည့်လိုက်ပြီး "အကြီးအကဲ၊ ဒါက ဘာလဲ"

သားသတ်သမားက အိုးထဲက

အသားတုံးများကို မွှေပြီး “မင်းဟာ

အစ်မကြီးရဲ့ တပည့်ဆိုတော့ ငါတို့ထဲက

တစ်ယောက်ပဲ။ ငါတို့က

ဂိုဏ်းတစ်ခုတည်းကမဟုတ်ပေမဲ့

မင်းငါ့ကို တတိယသိုင်းဦးလေးလို့

ခေါ်နိုင်တယ်"

ပိုင်ဇိုရှန် က အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး

"တတိယသိုင်းဦးလေး..."

သားသတ်သမား က ခေါင်းညိတ်ကာ

“ဒါက

ဟင်းလင်းပြင်မျောက်ဝံရဲ့အသားပဲ။

ဒီသတ္တဝါက မူလနတ်ဆိုးမျိုးနွယ်ကနေ

ဆင်းသက်လာတဲ့မျိုးစိတ်ဖြစ်တယ်။

ပြင်ပကမ္ဘာမှာ ကျင့်ကြံမှုအဆင့်ကို

အခြေခံပြီးပြောရမယ်ဆိုရင်

မူလကမ္ဘာအဆင့်ထက်သာလွန်တယ်။

သူ့ရဲ့ မူလနတ်ဆိုးသွေးမျိုးဆက်က

ရှားပါးပြီးမသန့်စင်ပေမယ်လို့

နည်းနည်းတော့ရှိနေသေးတယ်။

ဒါ့ကြောင့် အထူးသဖြင့်

ဒီကလေးအတွက် အရမ်းအကျိုးရှိတယ်။

ဒီအသားအိုးက သူ့လက်တွေကို

အဆင့်တစ်ဆင့် မြှင့်တင်ပေးလိမ့်မယ်၊

ဒါမှမဟုတ် ငါ့မူလဆောဘာဂိုဏ်းရဲ့

"တောင်တန်းရွေ့လျားခြင်းနည်းစနစ်"

လို့ပြောရမယ်"

"တောင်တန်းရွေ့လျားခြင်း လား"

ပိုင်ဇီရှန် က

"ခန္ဓာကိုယ်သန့်စင်ခြင်းနည်းစနစ်တစ်ခု

လား"

သားသတ်သမား က ခေါင်းခါလိုက်ပြီး

"မဟုတ်ဘူး၊ ဒါဟာ ငါ့ရဲ့

မူလဆောဘာဂိုဏ်းမှာ

လက်တွေကိုကျင့်ကြံတဲ့နည်းစနစ်တစ်ခု

ပဲ။ ငါတို့ဂိုဏ်းမှာ ခန္ဓာကိုယ်ကို

ကျင့်ကြံတာဆိုလို့ အရမ်းနည်းပါးတယ်။

အများစုက လက်နှစ်ဖက်ကိုပဲ

ကျင့်ကြံတာ။ မင်းရဲ့လက်နှစ်ဖက်က

သန်မာလေလေ

ဓားကအားကောင်းလေလေပဲ။ ဒါ့ကြောင့်

ငါတို့ရဲ့တည်ထောင်သူဘိုးဘေး က

လက်တွေကို

ကျင့်ကြံတဲ့နည်းစနစ်တစ်ခုဖန်တီးခဲ့တယ်

။ အဆင့် (၃) ခုနဲ့ ခွဲခြားထားတယ်။

"အဆင့် (၁) က

တောင်တန်းရွှေ့လျားခြင်း၊ အဆင့် (၂)

မြေကမ္ဘာပြောင်းလဲခြင်း နဲ့ အဆင့် (၃) က

ကောင်းကင်ကိုဆွဲယူတာ... "

ပိုင်ဇီရှန် က ထပ်မေးလိုက်သည်

“သူ့ခန္ဓာကိုယ်က မူလတာအိုအဆင့်

မှာရှိပြီးသားပါ။ ဒီလိုလုပ်တာက သူ့ရဲ့

ဓားနည်းစနစ်ကို အကျိုးရှိလား”

သားသတ်သမား က “ဒါပေါ့။

အကျိုးပြုရုံတင်ဘယ်ကမလဲ။

လုံးဝကိုအကျိုးရှိပါတယ်။ တကယ်တော့

သူ့ခန္ဓာကိုယ်ကို ဒီလောက်အဆင့်အထိ

ကျင့်ကြံနိုင်တဲ့အတွက် ငါတကယ့်ကို

ချီးကျူးမိပါတယ်။

ခန္ဓာကိုယ်ကျင့်ကြံသူတွေဟာ

ဒီလောကရဲ့ကျင့်ကြံသူတွေထဲမှာ

အခက်ခဲဆုံးပဲ။ ဒါ့ကြောင့်

သူ့ခန္ဓာကိုယ်ကို

ဒီလောက်အတိုင်းအတာအထိ

ကျင့်ကြံနိုင်တာဟာ ဒီကလေးက

အခက်အခဲမှန်သမျှကိုဖြတ်ကျော်လာတာ

လို့ သက်သေပြနေတယ်”

ပိုင်ဇိုရှန် ဟာ ယန်ယဲ့ကို ငုံ့ကြည့်ပြီး ပြုံးသက်သွားသည်။

“ကောင်းပြီ...” ဤအချိန်တွင် သားသတ်သမား က "သူ့ဒါကိုစားပါစေ"

"ငါလည်းစားချင်တယ်" သူတို့ဘေးနားမှာ ကလေးမလေးတစ်ယောက် ရုတ်တရက် ပေါ်လာသည်။ ဝမ်အရှူးမလေးပင် ဖြစ်သည်။

သားသတ်သမား က ကလေးမလေးကို တစ်ချက်ကြည့်လိုက်ပြီး "သွားစားချေ။ မင်းတို့နှစ်ယောက်လုံးအတွက် လုံလောက်တယ်"

ဝမ်အရှူးမလေး က တခစ်ခစ်ရယ်ကာ အိုးအနားယသို့ ပြေးသွားပြီး အသားတစ်ပိုင်းကို ယူကာ စားလိုက်သည် ။

ပိုင်ဇီရှန် က ယန်ယွဲ့၏ါနံဘေးကို

လျှောက်သွားပြီး သူ့ကို ပုခုံးပေါ်

အသာအယာ ပုတ်လိုက်သည်။ ယန်ယွဲ့က

ချက်ချင်း မျက်လုံးပွင့်လာသည်။

ပိုင်ဇီရှန် က အိုးကြီးကိုညွှန်ပြရင်း "

အိုးထဲက အသားတွေကို ယူစားလိုက်”

ဟုပြောပါသည်။

ယန်ယဲ့ သည် ရောမအိုးကြီးကို ကြည့်ကာ မတ်တပ်ရပ်လိုက်ပြီး အသားတစ်ပိုင်းကို လှမ်းယူလိုက်သည်။ သို့သော် သူသည် တစ်ခုခုကို တွေးမိသည့်အလား စားခါနီးမှ အမြန်လှည့်ပြီး ပိုင်ဇီရှန် ကို ပေးလိုက်သည်။

ပိုင်ဇီရှန် ဟာ အတော်လေးအံ့သြသွားသည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က သူမကို

"အရင်စားပါ" ဟူသောအမူအရာဖြင့်

စိုက်ကြည့်နေလေသည်။

ပိုင်ဇိရှန် ဟာ ယန်ယဲ့ကို

စူးစိုက်ကြည့်နေရင်း

မျက်လုံးထောင့်ကနေ

ကြည်လင်သောမျက်ရည်စီးကြောင်းနှစ်

ခုစီးကျလာပါသည်။ ဤအချိန်တွင်

သူမ၏နှလုံးသားက တဖြည်းဖြည်း

အရည်ပျော်သွားသည်။

"မင်းလည်းစားလို့ရတယ်" ဤအချိန်တွင်

သားသတ်သမား က

ရုတ်တရက်ပြောလိုက်သည်

"မင်းတို့သုံးယောက်လုံးအတွက်

လုံလောက်မှာပါ။ ဒါဟာ

မင်းအတွက်လည်း

အရမ်းအကျိုးရှိပါတယ်"

ပိုင်ဇိရှန် က ယန်ယွဲ့ပေးတာကို

ယူလိုက်ပြီး ညင်သာစွာဝါးပါတော့သည်။

မျောက်ဝံအသားက အရသာဆိုးသည်ဟု

မပြောနိုင်သော်လည်း ပိုင်ဇိရှန် ကတော့

ထူးထူးခြားခြား ချိုမြိန်တယ်လို့

ခံစားရသည်။

ဤအချိန်တွင် ဝမ်အရှူးမလေးက

စားနေရင်းဖြင့် ကျိန်ဆဲလိုက်သည်

"သားသတ်သမား၊ နင်က

အရသာကိုနည်းနည်းပိုကောင်းအောင်

ချက်လို့မရဘူးလား။ အရမ်းအရသာရှိတဲ့

အသားတစ်ခုကို

နင်ဘယ်လိုလုပ်လိုက်တာလဲ!"

သားသတ်သမား က

"မင်းမစားတော့ဘူးလား"

ဝမ်အရှုးမလေး က သားသတ်သမား ကို စိုက်ကြည့်ရင်း "ငါဗိုက်ပြည့်သွားရင် ထပ်မစားတော့ဘူး"

သားသတ်သမား က ဘာပြောရမှန်းမသိတော့ပေ။

သိပ်မကြာလိုက်ပေ၊ သုံးယောက်သား ယူစားလိုက်ရာ အိုးကြီးထဲမှ

အသားများအားလုံး

ကုန်သွားပါတော့သည်။

စားပြီးတာနဲ့ ဝမ်အရှူးမလေးက

သူမ၏ဗိုက်ကလေးကို ပွတ်သပ်ပြီး

“ငါအိပ်တော့မယ်။ သားသတ်သမား၊

နောက်တစ်ခါခေါ်ဖို့မမေ့နဲ့"

ထိုစကားပြောပြီးတာနဲ့ အဝေးကို

ပြေးထွက်သွားသည်။

ပိုင်ဇိုရှန် က ဝမ်အရှူးမလေး
ပြေးထွက်သွားတာကို
ငေးကြည့်နေရင်းက "သူမက တကယ်ကို
သန်မာပါတယ်"

သားသတ်သမားက “သူမရဲ့
မူလဇာစ်မြစ်က သာမန်မဟုတ်ဘူး” ဟု
တိုးတိုးလေးပြောခဲ့သည်။

သူက ယန်ယဲ့ကို စိုက်ကြည့်လိုက်သည်။

ထို့နောက် ကျောက်စိမ်းပုလင်းတစ်လုံးကို

ထုတ်ယူလိုက်ပြီး "ဒါဟာ မျောက်ဝံရဲ့

သွေးအဆီအနှစ်ပဲ။ သူ့ကို တိုက်လိုက်ပါ၊

သူ့ခန္ဓာကိုယ်ထဲက စွမ်းအင်တွေကို

ချက်ချင်း လှုံ့ဆော်ပေးလိမ့်မယ်"

ပိုင်ဇိရှန် က ခေါင်းညိတ်ပြသည်။

ထို့နောက် ကျောက်စိမ်းပုလင်းကိုယူကာ

ယန်ယဲ့၏

ပါးစပ်ထဲသို့

သွေးများလောင်းထည့်လိုက်သည်။

အသက်ရှူချိန် ၃

ရှိုက်စာလောက်အကြာတွင်

ယန်ယဲ့၏ခန္ဓာကိုယ်သွေးကြောများ

ဖောင်းကြွလာတော့သည်။

ပိုင်ဇိရှန် လည်း ထိတ်လန့်သွားပြီး

သားသတ်သမား ကို

အမြန်လှည့်ကြည့်လိုက်သည်။

သားသတ်သမား က ယန်ယဲ့အနားသို့

လျှောက်လာသည်။ ထို့နောက်

သူ၏ညာလက်ကိုဆန့်ကာ

ယန်ယဲ့၏ခေါင်းပေါ်တင်ထားလိုက်သည်

။ ယန်ယဲ့ထံမှ

ပြင်းထန်သောစွမ်းအင်စီးကြောင်းများ

ထွက်လာပြီး

သားသတ်သမား၏လက်ထဲသို့

တိုးဝင်လာသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၆၈၃ - တိုက်ပွဲတွေလိုအပ်တယ်

အချိန်ကြာလာသည်နှင့်အမျှ

ယန်ယဲ့၏လက်မောင်းနှစ်ဖက်ဟာ

တဖြည်းဖြည်းကြီးမားလာလေတော့သ

ည်။

သားသတ်သမားက

ယန်ယဲ့၏ခန္ဓာကိုယ်ထဲမှ

ပေါက်ကွဲထွက်လာသော
စွမ်းအားများကိုသူ့မောင်းနှစ်ဖက်ဆီသို့
ပို့ဆောင်ပေးနေခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့၏လက်နှစ်ဖက်က
ထူးဆန်းစွာ ပြောင်းလဲလာခဲ့သည်။

ပိုင်ဇီရှန် က ဤမြင်ကွင်းကို
တိတ်တဆိတ်စောင့်ကြည့်နေခဲ့သည်။

သူမ ရှိနေမှသာ ယန်ယဲ့သည်

စိတ်ဖောက်ပြန်ခြင်းမရှိလို့ပါ။

ထိုသို့မဟုတ်ရင်တော့

ယန်ယဲ့အနားရောက်လာသူတိုင်းဟာ

အရှုံးဆောဘာနည်းစနစ်ဖြင့်

မိတ်ဆက်သွားရပေမည်။

အချိန်တော်တော်ကြာမှ သားသတ်သမား

က သူ၏လက်ကိုပြန်ရုတ်လိုက်သည်။

ဤအချိန်တွင်

ယန်ယွဲ့သည်မျက်လုံးများကို

တင်းတင်းစေ့ထားကာ သူ့လက်သီးနှစ်ကို

တင်းကြပ်ကြပ်ကြပ်ဆုပ်ထားလေသည်။

သူ၏လက်မောင်းနှစ်ဖက်ဟာ

မရေမတွက်နိုင်သော

မြွေငယ်လေးများလို

သွေးကြောများထောင်ထနေခဲ့သည်။

ထို့နောက် မျက်လုံးများ

ရုတ်တရက်ပွင့်လာပြီး

သားသတ်သမားကို စိုက်ကြည့်ပြီးနောက်

လက်သီးဖြင့် ထိုးချလိုက်တော့သည်။

သားသတ်သမား က အခြေအနေကို

မျှော်လင့်ထားပုံရ၏။ သူ့အမူအရာက

ပြောင်းမသွားဘဲ

လက်သီးကိုမြှောက်ပြီးပြန်ထိုးလိုက်သည်

။

ဘမ်း...

ကျယ်လောင်သော ပေါက်ကွဲသံတစ်ချက် ထွက်ပေါ်လာသည်။

ဘုန်း... ဘုန်း...

သားသတ်သမားက နောက်ကို
ခြေလှမ်းငါးလှမ်းလောက်
ဆုတ်သွားရသည်။

ယန်ယဲ့ သည် ရှေ့တက်လာပြီး
နောက်တစ်ကြိမ် တိုက်ခိုက်လိုက်သည်။

ပိုင်ဇီရှန် က ယန်ယဲ့ကို
တားရန်ပြင်လိုက်၏။ သို့သော်လည်း
သားသတ်သမားက ခေါင်းခါလိုက်သည်

"သမီးငယ်လေး၊ သူ့ကိုမတားနဲ့။ သူက သူ့လက်နှစ်ဖက်ထဲမှာရှိတဲ့ အပိုစွမ်းအင်တွေကို ထုတ်ပေးဖို့ လိုတယ်"

ပိုင်ဇိရှန်လည်း ခဏမျှ တုံ့ဆိုင်းသွားပြီး နေရာတွင် ရပ်လိုက်သည်။

ဤအချိန်တွင် ယန်ယဲ့က သူ၏လက်သီးနှစ်ဖြင့်

သားသတ်သမားကို

ပြေးထိုးလိုက်လေသည်။

သားသတ်သမား က

ပြန်ပြီးတိုက်ခိုက်ခြင်းမရှိပေ၊ ထိုအစား

တားဆီးလိုက်ရုံသာ။ သို့သော်လည်း

ယန်ယဲ့၏ခွန်အားက ပြင်းထန်လှသည်။

သားသတ်သမား၏ခန္ဓာကိုယ်က

တစ်ချက်တုန်ခါသွားပြီး

ခြေလှမ်းအနည်းငယ်ပြန်ဆုတ်လိုက်ရသည်။

ထိုကဲ့သို့ပင် ယန်ယဲ့ သည်
တစ်နာရီလောက်
မရပ်မနားတိုက်ခိုက်နေပြီး
ရပ်တန့်သွားခဲ့သည်။ သူက
ဆက်ပြီးတိုက်ခိုက်ရန် အားမရှိတော့ပေ၊
ပင်ပန်းသွားပြီဖြစ်သည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့ဟာ
သူ၏လက်နှစ်ဖက်က ပြင်းထန်သော
စွမ်းအင်အားလုံးကို
ဖယ်ထုတ်ပစ်လိုက်သည်။ နောက်ဆုံးတွင်
အားကုန်သွားသလိုဖြင့်
မောပန်းနွမ်းနယ်သွားသည်။

သားသတ်သမား က ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး "သူက
ဒီခွန်အားကို အပြည့်အဝ

အသုံးမချနိုင်သေးပါဘူး။ သူ့ကို
သေချာဂရုစိုက်ပါ။
သူပြန်ကောင်းလာတဲ့အခါ
ငါပြန်လာမယ်"

ထိုစကားပြောပြီးနောက်
သားသတ်သမားက နောက်လှည့်ပြီး
ကျောက်တုံးအိမ်ထဲမှ ထွက်သွားသည်။

ပိုင်ဇီရှန် ဟာ ဘာမှမပြောသေးဘဲ

ယန်ယဲ့ကို စိုက်ကြည့်နေသည်။

ဤအချိန်တွင် ယန်ယဲ့သည်

မြေပြင်ပေါ်တွင် လဲလျောင်းနေခဲ့၏။

သူသည် လုံးလုံးအားကုန်သွားပုံရ၏။

ပိုင်ဇီရှန် က ခေါင်းယမ်းလိုက်ပြီး

ယန်ယဲ့ကို ပွေ့ချီလိုက်သည်။ ထို့နောက်

ကျောက်ကုတင်ပေါ်တင်ကာ

ထွက်သွားရန် ပြင်သည်။ သို့သော်လည်း

ယန်ယဲ့က ပိုင်ဇီရှန်၏လက်ကို

တင်းတင်းဆုပ်ကိုင်ထားသည်။

ပိုင်ဇီရှန် က

အနည်းငယ်အံ့ဩသွားသည်။

ခဏတုံ့ဆိုင်းသွားကာ ကုတင်ဘေးတွင်

ဝင်ထိုင်လိုက်သည်။

ကုတင်ပေါ်မှ ယန်ယဲ့ကို စိုက်ကြည့်ရင်း

သူမ၏မျက်လုံးများက တဖြည်းဖြည်း

အမှောင်ကျသွားသည် ။

တစ်ရက်အကြာတွင် ယန်ယဲ့သည်

လက်ထဲမှာ

ဆေဘာတစ်ချောင်းကိုကိုင်ထားရင်း

ရှာအဝင်ဝ၌ ပေါ်လာသည်။

အရှူးဆားသမား... ရောက်လာပြီဟေ့..။

ရွာသူရွာသားများဟာ ခပ်ဝေးဝေးသို့ ဖယ်သွားကြသည်။

သိပ်မကြာလိုက်ပေ၊ ယန်ယဲ့ သည် ရွာအဝင်သို့ ရောက်လာခဲ့၏။ ကလေးမျက်နှာအဘိုးကြီးက ယန်ယဲ့အား သတိထားမိပုံဖြင့် သစ်သားခုံတန်းလျားပေါ်ကနေ ခုန်ထလာသည်။ သူက ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး နေရာမှာပင်
ဖျတ်ခနဲပျောက်သွားခဲ့သည်။

ယန်ယဲ့က မျက်နှာတွင်
ဘာခံစားချက်မှမရှိဘဲ သူ၏ဆေဘာကို
မြှောက်ပြီး ပိုင်းချလိုက်သည်။

ကလေးမျက်နှာအဘိုးကြီးက
လက်ညှိုးတစ်ချောင်းဆန့်ပြီး
ဆေဘာကိုပုတ်လိုက်လေသည်။

သို့ရာတွင် သူ၏အမူအရာက

ချက်ချင်းပင် ပြောင်းလဲသွားသည်။

ဘမ်း...

ယန်ယဲ့ သည် နောက်သို့

အကြိမ်ကြိမ်ပြန်ဆုတ်သွားရသည်။

ခြေလှမ်း ဒါဇင်ကျော်

နောက်ပြန်ဆုတ်ပြီးမှသာ

ရပ်တန့်သွားခဲ့သည်။

ကလေးမျက်နှာအဘိုးကြီးကတော့

နေရာမှာပင်ရပ်နေ၏။ သို့သော်

သူ့ပတ်ပတ်လည်ရှိအာကာသဟာ

အက်ကွဲသွားသည်။ တစ်ချိန်တည်းမှာပင်

သူ့လက်ချောင်းထိပ်မှာ ရှည်လျားသော

ဖြတ်တောက်ရာတစ်ခုပေါ်လာသည်။

အနည်းငယ် နက်သွားပါက

လက်ညိုးတစ်ချောင်းလုံး

အဖြတ်ခံရနိုင်၏။

အဘိုးကြီးက ယန်ယဲ့၏လက်နှစ်ဖက်ကို

စိုက်ကြည့်လိုက်ပြီး

"တောင်တန်းရွှေ့လျားခြင်းအဆင့်၊

တောင်ပေါင်းမြောက်မြားစွာကို

ရွှေ့လျားနိုင်သောလက်များ"

ယန်ယဲ့က ထပ်မံတိုက်ခိုက်ရန် ပြင်နေစဉ် သားသတ်သမား နှင့် ပိုင်ဇိရှန် တို့နှစ်ယောက်ဟာ သူ့ရှေ့မှာ ပေါ်လာကြသည်။

သားသတ်သမားက ယန်ယဲ့ကို ခဏကြာအောင်စိုက်ကြည့်နေပြီးနောက် ပြုံးပြီး "မဆိုးပါဘူး၊ မဆိုးပါဘူး။ မင်းရဲ့ခွန်အား ထိန်းချုပ်မှုက တကယ်မဆိုးပါဘူး။ လာ၊

မင်းရဲ့ဓားနည်းစနစ်ကို

လေ့ကျင့်လိုက်ရအောင်။

မင်းသဘောကျမှာပါ"

စကားပြောပြီးသည်နှင့် နောက်လှည့်၍

ရွာအနောက်ဖက်တောင်တန်းများဆီသို့

လျှောက်သွားခဲ့သည်။

ပိုင်ဇိုရှုန် လည်း ခဏာမျှ တုံ့ဆိုင်းသွားပြီး ယန်ယွဲ့၏လက်ကိုကိုင်ကာ နောက်ကနေလိုက်လာခဲ့သည်။

ဤအတောအတွင်း ကလေးမျက်နှာအဘိုးကြီးက သားသတ်သမား၏နံဘေးမှာ ပေါ်လာပြီး "သူ့ကို အနောက်ဖက်တောင်တန်းတွေဆီ ခေါ်သွားမှာ သေချာလား"

သားသတ်သမား က

အနည်းငယ်ခေါင်းညိတ်လိုက်ပြီး

"စစ်မှန်တဲ့တိုက်ပွဲမှပဲ

သူ့ဆေဘာနည်းစနစ်ရဲ့

ချို့ယွင်းချက်တွေကို ရှာတွေ့နိုင်မှာပါ။

စစ်မှန်တဲ့တိုက်ပွဲဟာ သူ့ရဲ့စွမ်းရည်ကို

အပြည့်အဝထုတ်ဖော်နိုင်လိမ့်မယ်"

ကလေးမျက်နှာအဘိုးကြီး က “အန္တရာယ်များတယ်” ဟု လေးနက်စွာပြောခဲ့သည်။

သားသတ်သမား က ပြုံးပြီး "ဒီနေရာက အန္တရာယ်မရှိရင် သူ့ကို ခေါ်မသွားဘူး" သူက ခဏရပ်ပြီး “ဒုတိယညီ၊ ငါတို့မှာ အချိန်သိပ်မကျန်တော့ဘူးဆိုတာ မင်းလည်းသိမှာ သေချာပါတယ်။ ငါတို့က သူ့ကို ပိုသန်မာအောင် မလုပ်ရင်

သူ့ အပြင်ထွက်တာနဲ့ ချက်ချင်း

အသတ်ခံရလိမ့်မယ်”

ကလေးမျက်နှာအဘိုးကြီးက ယန်ယဲ့အား

စိုက်ကြည့်ကာ ခေါင်းညိတ်လိုက်သည်

“မှန်ပါတယ်။ ဘာပဲဖြစ်ဖြစ်သတိထားပါ”

သားသတ်သမား က

ခေါင်းညိတ်လိုက်သည်။ ထို့နောက်

ယန်ယဲ့နှင့် ပိုင်ဇီရှန် တို့အား

ရွာအနောက်ဖက်က တောင်တန်းတွေဆီ

ခေါ်သွားလိုက်သည်။

.....

ရွာ၏တောင်ဖက်ပိုင်း....။

ဤအခိုက်အတန့်တွင်

ဝါးအိမ်တစ်လုံးရှေ့၌ အဘွားအိုတစ်ဦး

ရပ်နေသည်။ အဘွားအိုက အန်တီယန်

ပါ။

ဝါးအိမ်အဝင်ဝ၌ အဘိုးကြီးတစ်ယောက်

ရပ်နေခဲ့သည်။ သူက ရွာအနောက်ဖက်ရှိ

တောင်တန်းတွေကနေ

ပြန်ရောက်နေသော

ဝမ်အရှူးမလေး၏အဖိုးဖြစ်သည်။

အဘိုးကြီးက မလှမ်းမကမ်းတွင် ရပ်နေသည့် အန်တီယန် ကိုတစ်ချက်ကြည့်လိုက်ပြီး "မင်းတစ်ခုခုလိုသေးလား" ဟု မေးလိုက်သည်။

အဘွားအိုက သူ့ကိုကြည့်ကာ "လူအိုကြီး၊ ဒီကလေးကို ကူညီဖို့ နင်တတ်နိုင်သမျှ ဘာလို့လုပ်နေရတာလဲ"

အဘိုးကြီးက ပြုံးပြီး “ဒါပေါ့၊ အမှန်တရားကို လိမ်ညာရမလား”

"အမှန်တိုင်းလား၊ ဒါပေါ့..." အဘွားအိုက “နင်ငါ့ကိုပြောပြဖို့ ဆန္ဒရှိတယ်ဆိုရင်” ဟုဆက်ပြောပါသည်။

အဘိုးကြီးက အဝေးကို လှမ်းကြည့်လိုက်သည်။ ထိုနေရာတွင်

လက်သီးများဖြင့် လေ့ကျင့်နေသော မိန်းမငယ်လေးတစ်ဦးရှိနေသည်။

ဝမ်အရှူးမလေး ပင်။

အဘိုးကြီးက “ငါ သူမကို ဒီနေရာကနေ ထွက်သွားစေချင်တယ်” ဟု တိုးတိုးလေး ပြန်ဖြေသည်။

အဘွားအိုရဲ့မျက်လုံးများက
အနည်းငယ်အံ့အားသင့်သွားပြီး
"သူနဲ့လား"

အဘိုးကြီးက ခေါင်းညိတ်လိုက်သည်။

အဘွားအိုက လက်သီးများကို
ဖြည်းညှင်းစွာ ဆုပ်လိုက်ပြီး "ဘာလို့လဲ၊
နင်သူ့ကိုဘာလို့ရွေးခဲ့တာလဲ"

အဘိုးကြီးက ခေါင်းခါယမ်းလိုက်သည်

"ဒါတော့ ငါမင်းကို မပြောနိုင်ဘူး”

အဘွားအိုက စူးစူးရဲရဲနှင့် စိုက်ကြည့်ပြီး

"ဘာလို့လဲ"

အဘိုးကြီးက ခေါင်းကို

အနည်းငယ်ခါယမ်းကာ ဝါးအိမ်ထဲသို့

ဝင်သွားခဲ့သည်။

အဘွားအို တစ်ယောက်တည်းသာ

နေရာတွင်

မျက်မှောင်ကြုတ်လျက်ကျန်နေခဲ့သည်။

ဘာတွေးနေမှန်းတော့မသိနိုင်ပေ။

...

ထာဝရကျေးရွာ၏

အနောက်ဖက်တောင်တန်းနယ်မြေ... .။

ပိုင်ဇီရှန် က သွားနေရင်းဖြင့် "တတိယသိုင်းဦးလေး၊ ရွာအနောက်ဖက်တောင်တန်းတွေက ဘယ်လိုနေရာလဲ" ဟုမေးလိုက်သည်။

သားသတ်သမား က "အနောက်တောင်တန်းတွေက ငါတို့ရွာနောက်ဖက်မှာကာဆီးထားတဲ့ တောင်တန်းကြီးတစ်ခုလေ။ အဲဒီမှာ အစွမ်းထက်တဲ့ သတ္တဝါတချို့ ရှိတယ်။

သူတို့ထဲက အများစုက မူလခေတ်က မူလနတ်ဆိုးမျိုးနွယ်ရဲ့ မျိုးဆက်တွေ။ သူတို့က အရမ်းသန်မာတယ်”

ပိုင်ဇီရှန် က "သိုင်းဦးလေး၊ နင်က ယန်ယဲ့ကို အဲဒီသက်ရှိတွေနဲ့ လေ့ကျင့်ခိုင်းမလို့လား"

သားသတ်သမား က ခေါင်းညိတ်ပြီး "သူတို့က ဒီမှာကြီးပြင်းလာတယ်၊

ဒါ့ကြောင့် ဒီနေ့အထိ

အသက်ရှင်နိုင်တာဟာ ရက်စက်ပြီး

အစွမ်းထက်တဲ့ သက်ရှိတွေဆိုတာ

သက်သေပြနေတယ်။ သူတို့ဟာ

ဒီကလေးအတွက် အကောင်းဆုံး

လေ့ကျင့်ဖော်တွေပဲ။ မင်စိတ်ထဲမှာ

ဘာတွေစိတ်ပူနေလဲ ငါသိတယ်၊ ဒါပေမဲ့

သေခြင်းရှင်ခြင်း တိုက်ပွဲတွေမှာ သူ

မလေ့ကျင့်ဘူးဆိုရင် သူ့ကိုယ်သူ ဘယ်လို တိုးတက်အောင်လုပ်မလဲ"

ပိုင်ဇိရှန် လည်း တိတ်ဆိတ်သွားသည်။

သားသတ်သမား က ဆက်ပြောသည် “သူ အခု တိုက်ပွဲလိုတယ်၊ တိုက်ပွဲတွေ အများကြီးလိုအပ်နေတယ်"

သားသတ်သမား က စကားနေရင်း ရုတ်တရက် ရပ်လိုက်ပြီး "ငါတို့ ဒီမှာရောက်ပြီ" ဟာပြောလိုက်သည်။

ပိုင်ဇီရှန် လည်း မော့ကြည့်လိုက်သည်။ ထိုအခါ သူတို့ရှေ့တွင် သစ်ပင်ခြုံနွယ်များပိန်းပိတ်နေသော တောင်တန်းကြီးတစ်ခုအားမြင်လိုက်ရလေသည်။

သားသတ်သမားက မြေကြီးပေါ်မှာ

ကျနေသေ. ကျောက်တုံးတစ်တုံးကို

ကောက်ယူပြီး တောထဲကို

ပစ်ထည့်လိုက်သည်။

တစ်ချိန်တည်းမှာပင် သူ၏ညာလက်ကို

ဝှေ့ယမ်းကာ ပိုင်ဇိုရှန် နှင့်အတူ မီတာ

၃၀၀ အကွာသို့ ပြန်ဆုတ်ခွာသွားခဲ့သည်။

ပတ်ဝန်းကျင်ဟာ ခဏကြာ

တိတ်ဆိတ်သွားသည် ။

ဘုန်း....

တောအုပ်ထဲမှ ပြင်းထန်သော

အရှိန်အဝါတစ်ခု

ရုတ်တရက်ထွက်လာပြီး ယန်ယဲ့ ရှေ့တွင်

ပုံရိပ်များစွာ ပေါ်လာသည်။

ဤအချိန်တွင် ယန်ယဲ့က

သူ၏ဆေဘာကိုမြှောက်ပြီး

ပိုင်းချလိုက်တော့သည်။

ဘမ်း...

ပေါက်ကွဲသံတစ်ချက်

ထွက်ပေါ်လာပြီးနောက် ပုံရိပ်တစ်ခု

လွင့်ထွက်သွားသည်။

ယန်ယဲ့ ပင်ဖြစ်သည်။

မြေပြင်ပေါ်ကို ပြုတ်ကျသည်နှင့်
သူ့အောက်က မြေပြင်ဟာ ပြင်းထန်စွာ
တုန်ခါသွားသည်။

သူ့ရှေ့တွင် ဝံပုလွေနှင့်တူသော
နတ်ဆိုးသားရဲတစ်ကောင် ရပ်နေခဲ့သည်။
၎င်းသည် သာမန်ဝံပုလွေထက်
အနည်းငယ်ကွာခြားသည်။

၎င်း၏ခန္ဓာကိုယ်က ကြီးမားခြင်းမရှိပေ။

ဦးခေါင်းပေါ်မှာ ဓားတစ်လက်ကဲ့သို့

ချွန်မြနေသော ချိုနှစ်ချောင်းနှင့်

အလွန်ရှည်လျားသောအမြီးတစ်ချောင်း

ပါရှိသည်။

"ကောင်းကင်ပျံသန်းခြင်းဝံပုလွေ..."

သားသတ်သမားက

တိုးတိုးလေးပြောခဲ့သည် "

ပေါက်ကွဲအားပြင်းပြင်းနဲ့

အရမ်းကိုမြန်တယ်။ ဒါပေမဲ့ သူ့ရဲ့
ခုခံကာကွယ်မှုကတော့ အားနည်းတယ်။
ဒါတောင်မှ ဒီကလေးထိုးဖောက်နိုင်တဲ့
အားနည်းချက်မဟုတ်သေးဘူး။
တကယ်လို့ သူက အဲဒီသတ္တဝါရဲ့အရှိန်နဲ့
ပေါက်ကွဲအားကို အသုံးချနိုင်ရင်
ဟင်းလင်းပြင်နတ်ဘုရားအဆင့်တွေကို
ထည့်တွက်နေစရာမလိုတော့ဘား။

ဒါ့အပြင် သူကတောင်

ပြန်ပြီးသတ်နိုင်ဦးမယ်”

ပိုင်ဇီရှန်က အနည်းငယ် ခေါင်းညိတ်ပြီး

မော့ကြည့်လိုက်သည်။

ကောင်းကင်ပျံသန်းခြင်းဝံပုလွေ က

စူးရှရှမျက်လုံးများဖြင့် ယန်ယဲ့ကို

စိုက်ကြည့်နေသည်။ ယန်ယဲ့က

ဆေဘာကိုမြှောက်ပြီး နောက်တစ်

ကြိမ်တိုက်ခိုက်ခါနီးတွင် ဝံပုလွေက

သူ့ရှေ့ကို ရိပ်ခနဲခုန်ဝင်လာသည်။

ဆူး ...ဆူး... ဆူး... ဆူး...

ကြောက်မက်ဖွယ်ရာ ဆုတ်ဖြဲသံများ

ဆက်တိုက် ထွက်ပေါ်လာသည် ။

အထက်အာကာသဟာ

ဆုတ်ပြဲသွားခဲ့သည်။

အရှုံးဆောဘာနည်းစနစ် ။

ဆောဘာတစ်ချက်ဖြင့် လှုပ်ရှားမှု အကြိမ်

၁၀၀ ။

ယန်ယဲ့၏ နောက်ဆုံး ဆောဘာပိုင်းချက်

ကျဆင်းလာသည်နှင့်တပြိုင်နက်

ကောင်းကင်ပျံသန်းခြင်းဝံပုလွေဟာ

မီတာ ၃၀၀ အကွာသို့

လွင့်ထွက်သွားခဲ့သည်။

၎င်း၏ဦးချိုများပေါ်၌ အလွန်နက်သော
ဒဏ်ရာတစ်ခုရှိခဲ့သည်။ သို့သော်
သွေးတစ်စက်မှထွက်မလာခဲ့ပေ။ ယန်ယဲ့
သည်
ကောင်းကင်ပျံသန်းခြင်းဝံပုလွေ၏အရေ
ပြားအလွှာကို လှီးဖြတ်ရုံသာ
ဖြစ်သောကြောင့်ပင်။

ကောင်းကင်ပျံသန်းခြင်းဝံပုလွေက
ဒေါသထွက်သွားပုံပါ။

ကျယ်လောင်သော ဝံပုလွေအူသံ
ထွက်ပေါ်လာပြီးနောက် ပတ်ပတ်လည်၌
ပုံရိပ်များ အများအပြား ပေါ်လာသည်။

ကောင်းကင်ပျံသန်းခြင်းဝံပုလွေ၏
ပုံရိပ်ယောင်များပင်ဖြစ်သည်။

ဘမ်း...ဘမ်း...ဘမ်း...ဘမ်း..

ပေါက်ကွဲသံများ အဆက်မပြတ်

ထွက်ပေါ်လာသည်။

ပိုင်ဇိုရှန်၏မျက်လုံးများဟာ အနည်းငယ်

ကျဉ်းမြောင်းလာသည်။

သူမ၏လက်သီးများကို

တင်းတင်းဆုပ်ထားခဲ့သည်။

ဤအတောအတွင်း ယန်ယဲ့ သည်

အကြိမ်ကြိမ် နောက်ပြန်ဆုတ်နေရ၏။

သူသည်
ကောင်းကင်ပျံသန်းခြင်းဝံပုလွေ၏အရှိန်
ကို လိုက်မမှီနိုင်ခဲ့ပေ။ ထို့ကြောင့်
ပြန်ပြီးမတိုက်ခိုက်နိုင်ဘဲ
ဖိနှိပ်ခံနေရသည်။

သိပ်ပြီးမကြာလိုက်ပါ၊
ယန်ယဲ့၏ခန္ဓာကိုယ်အနှံ့
ဝံပုလွေကုတ်ရာများ ပေါ်လာသည်။

ထိုအတိုင်းပင်၊ အသက်ရှူချိန်
ဒါဇင်အနည်းငယ်ကြာသွား၏။

ဘမ်း…

ယန်ယွဲ့သည် ရုတ်တရက်
လွင့်ထွက်သွားပြီး မီတာ ၃၀၀
ကျော်အကွာမှ မြေပြင်ပေါ်သို့
ပြုတ်ကျလာသည်။

ကောင်းကင်ပျံသန်းခြင်းဝံပုလွေက

သူ့အပေါ်ကနေ ခုန်ဆင်းလာပြီး

ယန်ယဲ့၏ခန္ဓာကိုယ်ကို

ကုတ်ဆွဲလေသည်။

ပိုင်ဇီရှန်၏အမူအရာက

ချက်ချင်ပြောင်းသွားသည်။ သူမ

ရှေ့ထွက်ရန်ပြင်လိုက်စဉ်

သားသတ်သမားက ခေါင်းခါလိုက်သည်။

သူက အဝေးသို့ အေးစက်စွာ

ငေးကြည့်ရင်း “ဒီဝံပုလွေက

ပိုသန်မာလား ဒါမှမဟုတ်

ပြင်ပကမ္ဘာမှာရှိတဲ့ သူ့ရန်သူတွေက

ပိုအားကောင်းသလား”

ပိုင်ဇီရှန် ဟာ စကားပြန်မပြောဘဲ

တိတ်ဆိတ်သွားသည်။

သားသတ်သမား က ဆက်ပြောသည်

“ငါတို့မှာ အချိန်သိပ်မကျန်တော့ဘူး။

အချိန်တန်ရင် ဒီနေရာက

ပျောက်ကွယ်သွားတော့မှာ၊

မင်းတို့နှစ်ယောက်လည်း

ထွက်သွားရလိမ့်မယ်။

မင်းတို့ရဲ့လက်ရှိအင်အားနဲ့ ဒီနေရာက

ထွက်သွားရင် အသတ်ခံရလိမ့်မယ်။

ဒါဆို

သူ့ကိုသေချာလေ့ကျင့်ပေးရမှာပေါ့...”

စကားပြောနေရင်းဖြင့်

သားသတ်သမား၏အသံက ရုတ်တရက်

ရပ်သွားကာ သူ့မျက်နှာဟာ အံ့အားသင့်မှု

များ ပေါ်လာခဲ့သည်။

ပိုင်ဇီရှန် လည်း အံ့အားသင့်သွားသည် ။

သိပ်မကြာလိုက်ပေ၊ သူတို့မျက်နှာတွင် မမြင်နိုင်သောအမှုအရာများပေါ်လာကြသည်။

ကောင်းကင်ပျံသန်းခြင်းဝံပုလွေဟာ နာကျင်စွာအူလျက် မြေပြင်ပေါ်တွင် လူးလိမ့်နေသည်။ ယန်ယဲ့သည် ခရမ်းရောင်အရာတစ်ခုကိုကိုင်လျက် ခပ်လှမ်းလှမ်းမှာရပ်နေခဲ့သည်။

ဒီအချိန်မှာ

ကောင်းကင်ပျံသန်းခြင်းဝံပုလွေ၏

အောက်ပိုင်းမှ တစ်စုံတစ်ခု

ပျောက်ကွယ်သွားပုံရသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၈၄ -

ရှက်စရာကောင်းလိုက်တာ

သားသတ်သမားနှင့် ပိုင်ဇီရှန်

တို့နှစ်ယောက်ဟာ ဝံပုလွေထံမှ

ပျောက်ဆုံးနေသောအရာကို

သဘာဝကျကျ သိလိုက်သည်။

သားသတ်သမား၏မျက်နှာက

မည်းမှောင်နေသည်။

ပိုင်ဇိရှုန်၏မျက်နှာလှလှလေးကတော့
ရှက်ရွံ့မှုကြောင့် နီရဲနေပါသည်။

ကောင်းကင်ပျံသန်းခြင်းဝံပုလွေဟာ
ခဏကြာသည်အထိ
နာကျင်စွာလူးလိမ့်နေပြီးနောက်
တောအုပ်ထဲသို့
ပြေးဝင်သွားလေတော့သည်။

ဤအချိန်တွင် ယန်ယဲ့က ပိုင်ဇိရှန်အနားကိုပြန်လျှောက်လာခဲ့သည် ။

သားသတ်သမား က ယန်ယဲ့ကို ပြင်းပြင်းထန်ထန် စိုက်ကြည့်ကာ ထွက်သွားသည်။

အမှန်တော့ သူဟာ ယန်ယဲ့၏ တိုက်ပွဲဝင်လိုစိတ်ကို

နှိုးဆွရန်ရည်ရွယ်ချက်ဖြင့်

ကောင်းကင်ပျံသန်းခြင်းဝံပုလွေကို

တိုက်ခိုက်စေတာဖြစ်သည်။ သို့သော်

တိုက်ပွဲအခြေအနေက

ထိုအတိုင်းဖြစ်သွားမည်ဟုတော့

မထင်ခဲ့ပေ။

ယန်ယဲ့က

ကောင်းကင်ပျံသန်းခြင်းဝံပုလွေ၏ပစ္စ

ည်းကို လှီးဖြတ်လိုက်ရာ

ဘာမှမလုပ်နိုင်တော့ပေ။

သားသတ်သမား က

သိပ်တော့စိတ်မဆိုးခဲ့ပါ။

တစ်ချိန်တည်းတွင် သူက

ယန်ယဲ့၏လုပ်ရပ်ကို

အနည်းငယ်သဘောကျမိသည်။

ကောင်းကင်ပျံသန်းခြင်းဝံပုလွေ၏ခွန်

အားဟာ မူလကမ္ဘာအဆင့် ဖြစ်သည်။

၎င်းက ယန်ယဲ့ထက်

အဆင့်ကြီးနှစ်ဆင့်ပင်မြင့်မားခဲ့သည်။

ယန်ယဲ့ဟာ

ကောင်းကင်ပျံသန်းခြင်းဝံပုလွေကို

တစ်ချက်တောင်ပြန်ပြီးမတိုက်ခိုက်နိုင်ခဲ့

ပေ။ တစ်ချိန်လုံးသာဖိနှိပ်ခံထားရသည်။

အစပိုင်းတွင် သားသတ်သမား၏
ရည်ရွယ်ချက်ဟာ ယန်ယဲ့အား
ဆိုးဆိုးရွားရွား ရှုံးနိမ့်စေလိုခဲ့သည်။
ထိုမှသာ ယန်ယဲ့ဟာ အန္တရာယ်ကို
ခံစားသိရှိနိုင်မည်ဖြစ်သည်။ ထို့အပြင်
သူ၏ချို့ယွင်းချက်များကို
သတိပြုမိသွားပေမည်။

သားသတ်သမား၏ အမြင်မှာ
ယန်ယဲ့အတွက် စိတ်ဆင်းရဲဖွယ်ရာ

အားနည်းချက်အချို့ကို သတိပြုမိတာက
အကျိုးရှိပေသည်။

လက်ရှိမှာတော့
သူ့အကြံအစည်အားလုံးက
ရေမြောင်းထဲကျသွားပါပြီ။

ယန်ယွဲ့၏လုပ်ရပ်အပေါ်
ချီးမွမ်းခံသည့်အကြောင်းကတော့ သူဟာ
ကောင်းကင်ပျံသန်းခြင်းဝံပုလွေ၏

အားနည်းချက်ကိုရှာဖွေနိုင်လိုက်လို့ပါ။

ရန်သူများနှင့်တိုက်ခိုက်နေချိန်တွင်

မည်သူက တရားမျှတမှုကို

ဂရုစိုက်သနည်း။

သေခြင်းရှင်ခြင်းတိုက်ပွဲမှာဆိုရင်တော့

ထည့်တွက်နေစရာပင်မလိုတော့ပေ။

အခြားတစ်ဖက်တွင်မူ

ကောင်းကင်ပျံသန်းခြင်းဝံပုလွေ

အတွက်တော့

လုံးဝစိတ်မကောင်းဖြစ်စရာပင်။

အနည်းငယ်သတိလွတ်သွားသဖြင့်

ဂှင်း၏ညီငယ်

လေးကိုအဖြတ်ခံလိုက်ရသည်မဟုတ်ပါ

လား။

ဤအတောအတွင်း ပိုင်ဇီရှန် က

ယန်ယဲ့ကို ရွာထဲသို့ ပြန်ခေါ်သွားခဲ့သည်။

ဝါးအိမ်ထဲတွင် ။

ယန်ယဲ့ သည် ဝါးကုတင်ပေါ်၌
လဲလျောင်းနေခဲ့သည်။ ဤအချိန်တွင်
ဝမ်အရှူးမလေး၏အဖိုးဖြစ်သူက
အခန်းထဲကိုဝင်လာသည်။ ပိုင်ဇီရှန် က
မတ်တပ်ရပ်ကာ "အကြီးအကဲ..."

အဘိုးကြီးက အနည်းငယ်
ခေါင်းညိတ်ပြပြီး ယန်ယဲ့ကို
စိုက်ကြည့်ကာ “မဆိုးပါဘူး။ သူ့ရဲ့

ခန္ဓာကိုယ် နဲ့ တိုက်ခိုက်ရေးအင်အားက

အရင်နဲ့စာရင် အများကြီး ပို

အားကောင်းလာတယ်"

ဟုပြောလိုက်သည်။

ပိုင်ဇီရှန် က

အသံတိုးတိုးဖြင့်ပြန်ပြောသည်

"သူ့ကိုယ်စား ကျေးဇူးတင်ခွင့်ပြုပါ"

သူမက ခဏရပ်ပြီး “ငါတို့

တစ်ယောက်နဲ့တစ်ယောက်

သိတာမကြာသေးဘူး၊ ဒါပေမဲ့

သူ့အကျင့်စရိုက်အကြောင်းတော့

နည်းနည်း သိတယ်။

သူသတိပြန်ရလာတဲ့အခါ

အကြီးအကဲရဲ့ကျေးဇူးကို သေချာပေါက်

ပြန်ဆပ်လိမ့်မယ်”

အဘိုးကြီးက သူမကို စိုက်ကြည့်ကာ

ပြုံးပြီး “ငါ ရိုးရိုးသားသားပြောပါ့မယ်။

ငါသူ့အကူအညီလိုတယ်။ ဒါပေမဲ့

အနာဂတ်အတွက်က ပိုအရေးကြီးတယ်။

အခုလောလောဆယ် ဒီမှာနေပါ။

ကျင့်ကြံမှုနဲ့ပတ်သက်လို့တော့

ငါ့ရဲ့နည်းစနစ်တွေက သူ့အတွက်

အသုံးမဝင်ပါဘူး၊ ပြီးတော့ သူ့မှာ

သားသတ်သမား က

သင်ပေးဖို့ဆန္ဒရှိနေတယ်။ ဒီတော့ သူက

ဘာပဲဖြစ်ဖြစ် ငါ့အမွေအနှစ်ကို

မလိုအပ်ဘူး။ ဒါပေမဲ့ သူ့ခန္ဓာကိုယ်နဲ့

ပတ်သက်လာရင် ငါ သူ့ကို

နည်းနည်းလောက်

ကူညီပေးနိုင်ပါသေးတယ်”

သူက စကားပြောနေရင်း

လက်သီးဆုပ်အရွယ်

ကျောက်စိမ်းပုလင်းကို ထုတ်ယူလိုက်ပြီး

“ဒါက ငါကိုယ်တိုင်လုပ်ထားတဲ့

ရိုးတွင်းချင်စီ သန့်စင်ခြင်းဆေးရည်ပါ။

သူ့ခန္ဓာကိုယ်ကို သန့်စင်ပေးနိုင်တယ်။

သူ့ရဲ့ခန္ဓာကိုယ်ကို နောက်တစ်ဆင့်

ရောက်သွားအောင်

မလုပ်နိုင်တော့ပေမယ့်

ဒါဟာသူ့ရဲ့ခန္ဓာကိုယ်ခွန်အားကိုထိန်းညှိ

ပေးနိုင်တယ်။

ကောင်းပြီ၊ ဒီဆေးရည်ကို

သူ့ခန္ဓာကိုယ်အနှံ့ သုတ်လိမ်းပေးလိုက်။

ဆေးရည်တွေခြောက်သွားတာနဲ့

နောက်တစ်ကြိမ် ထပ်လုပ်ပါ။ တစ်နေ့ကို နှစ်ကြိမ်လောက်ဆိုရင် လုံလောက်ပါတယ်။ သူ့ခန္ဓာကိုယ်က အခု မူလတာအိုအဆင့် မှာရှိနေပေမယ့် သိပ်ပြီးမတည်ငြိမ်သေးဘူး။ ဒီဆေးရည်က သူ့အတွက် အများကြီး အထောက်အကူဖြစ်မှာပါ”

ပိုင်ဇိရှန် က ခဏတုံ့ဆိုင်းသွားပြီး "နေရာတိုင်းမှာ လိမ်းပေးရမလား"

အဘိုးကြီးက ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ နောက်မှ သူ့အတွက်

တခြားဆေးရည်တွေ ထပ်လုပ်လိုက်မယ်

။ ဒါမှ သူ့ခန္ဓာကိုယ်က အပြည့်အဝ

တည်ငြိမ်နေမှာပါ"

ထိုစကားပြောပြီးတာနဲ့ အခန်းထဲက

လှည့်ထွက်သွားသည်။

ပိုင်ဇိုရှန်၏အမူအရာက တော်တော်

လေးကိုဆိုးရွားလှသည်။

ယန်ယွဲ့ရဲ့ တစ်ကိုယ်လုံးကို

ဆေးလိမ်းပေးရမယ်။

သူမလို မိန်းမပျိုတစ်ယောက်ဟာ

ယန်ယွဲ့၏တစ်ကိုယ်လုံးအား

ဆေးလိမ်းပေးရမည်လား။

ပိုင်ဇိုရှန်အတွက်

အတော်လေးခံရခက်နေသည်။ သို့သော်
အခြားမည်သူလုပ်နိုင်မည်နည်း။

ခဏအကြာတွင် ပိုင်ဇီရှန် ဟာ ဝါးအိမ်မှ
ထွက်လာခဲ့သည်။ သို့သော် သိပ်မကြာဘဲ
အထဲကို ပြန်ဝင်သွား၏။ ထို့နောက်
အထဲမှ
ပြန်ထွက်လာပြန်သည်။

ဤတစ်ကြိမ်မှာ အထဲကို ပြန်မဝင်ခင်
အပြင်မှာ တစ်နာရီလောက်ကြာခဲ့သည်။

ပိုင်ဇိရှန် ဟာ ဝါးကုတင်အနားသို့
လျှောက်သွားကာ ယန်ယဲ့အား
ငြိမ်သက်စွာ စိုက်ကြည့်နေသည်။ သူမ
တွေးနေသည့်အရာကိုတော့
ဘယ်သူမှမသိနိုင်ပေ။
တစ်ချိန်တည်းမှာပဲ ယန်ယဲ့က

သူ့လက်ကိုဆန့်လိုက်ရာ ပိုင်ဇီရှန်ဟာ

အနည်းငယ်နောက်ပြန်ဆုတ်သွားသည်။

ဆူး...

ယန်ယွဲ့ထံမှ အရူးစိတ်များ

ထွက်ပေါ်လာသည်။

ပိုင်ဇီရှန် က ယန်ယွဲ့ကို

စိုက်ကြည့်ပြီးနောက် သူ့လက်ကို

ကိုင်ထားလိုက်သည်။ ထိုအခါမှသာ အရူးစိတ်က တဖြည်းဖြည်း ငြိမ်သက်သွားသည်။ ခဏအကြာတွင် ပိုင်ဇိရှန်က အသက်ပြင်းပြင်းရှူကာ ယန်ယွဲ့၏အဝတ်အစားများအားလုံးကို အမြန်ဖယ်ရှားလိုက်သည်။

ထို့နောက် အဘိုးကြီးပေးထားသော ကျောက်စိမ်းပုလင်းကို ထုတ်ယူလိုက်ပြီး သူ့ရင်ဘတ်ပေါ် ဖြည်းညှင်းစွာ

လောင်းချလိုက်သည်။

အစိမ်းရင့်ရောင်ဆေးရည်တစ်စက်က

ယန်ယဲ့၏ ရင်ဘတ်ပေါ်ကို ကျသွားသည်။

ပိုင်ဇီရှန်ဟာ ခဏမျှ

တုံ့ဆိုင်းသွားပြီးနောက်

သူမ၏လက်ဝါးကို သူ့ရင်ဘတ်ပေါ်

တင်ကာ ညင်သာစွာ

ပွတ်သပ်လိုက်သည်။ သိပ်မကြာလိုက်ပါ၊

အစိမ်းရင့်ရောင် အရည်စက်လေးကနေ

အစိမ်းရောင်စွမ်းအင် ချည်မျှင်များ

ထွက်လာပါသည်။

ပိုင်ဇိရှန် ဟာ သူမ၏လက်ဝါးကို

ညင်သာစွာ ပွတ်သပ်ပြီး

ယန်ယွဲ့၏အပေါ်ပိုင်းတစ်ခုလုံးကို

ဆေးလိမ်းပေးလိုက်သည်။

ခဏအကြာတွင်

ယန်ယွဲ့၏ခန္ဓာကိုယ်အပေါ်ပိုင်းတစ်ခုလုံး

ကို အစိမ်းရောင်အလွှာပါးပါးဖြင့်
ဖုံးအုပ်ထားသည်။

ဤအချိန်တွင် ပိုင်ဇီရှန် က
အတော်ကြာတုံ့ဆိုင်းနေပြီး
သူမ၏လက်ကို
အောက်သို့ရွှေ့လိုက်သည်။
တစ်ချိန်တည်းမှာပင် သူမ၏
အသက်ရှူသံများ မြန်လာကာ
သူမ၏မျက်နှာလေးက နီရဲလာသည်။

အမှန်တော့ ပိုင်ဇိရှန် ကဲ့သို့ ကျင့်ကြံမှုအဆင့်ရှိလူတစ်ယောက်အတွက် လိင်ဆက်ဆံမှုအပါအဝင် ဘာမှအရေးမကြီးပေ။ သို့သော် လက်ရှိက ခြွင်းချက်ပါ။ လက်ရှိမှာတော့ လူတစ်ယောက်တည်းအတွက် လုပ်ပေးနေရသဖြင့် မတူပေ။

သို့သော်လည်း သူမ၏စိတ်ထဲမှာတော့
ယန်ယွဲ့၏ခန္ဓာကိုယ်က
ညစ်ပတ်နေသည်ဟု မခံစားမိပါ။

အခန်းက အရမ်းတိတ်ဆိတ်နေ၏။
သူတို့၏ အသက်ရှူသံများကိုသာ
ကြားနိုင်သည်။ ပိုင်ဇီရှန်၏လက်များက
လျင်မြန်လာသည်။ ထိုအတိုင်းပင်၊
အချိန်အတော်ကြာမှ

ယန်ယဲ့၏ခန္ဓာကိုယ်အောက်ပိုင်းကို
ဆေးလိမ်းပြီးသွားခဲ့သည်။

ပိုင်ဇိရှန် က လက်ကို ချက်ချင်း
ရုတ်လိုက်သည်။ သူမ၏
ညာဘက်လက်ကို စိုက်ကြည့်ရင်း
လှပသည့် မျက်နှာလေးက ချက်ချင်း
နီရဲပြီး နီရဲနေပါတော့သည်။ ထို့နောက်
ကုတင်ပေါ်ရှိ ယန်ယဲ့ကို အပြင်းအထန်
စိုက်ကြည့်လိုက်သည်။

ဤအတောအတွင်း

ယန်ယဲ့၏တစ်ကိုယ်လုံးကို

အစိမ်းရောင်အရည်များဖြင့်

ဖုံးလွှမ်းသွားခဲ့သည်။

သို့သော် ဆေးရည်များက

ယန်ယဲ့၏ခန္ဓာကိုယ်ထဲသို့ စိမ့်မဝင်ဘဲ

သူ့အရေပြားပေါ်တွင်သာကျန်ရှိနေခဲ့သ

ည်။ ထိုကဲ့သို့ပင် သူ၏အရေပြားက

အနည်းငယ်တုန်ယင်လာသည်။

အချိန်တော်တော်ကြာပြီးမှ

သူ့ခန္ဓာကိုယ်ထဲသို့ စိမ့်ဝင်သွားသည်။

ပိုပြီးတိကျအောင်ပြောရရင်တော့

ဆေးရည်များက

ယန်ယဲ့၏ရိုးတွင်းချင်စီထဲကို

စိမ့်ဝင်သွားတာပါ။

ယန်ယဲ့၏ခန္ဓာကိုယ်ဟာ

မူလတာအိုအဆင့် မှာရှိခဲ့သော်လည်း

မူလတာအိုအဆင့်ရုပ်ခန္ဓာနှင့်
ဝေးကွာနေသေး၏။ အကြောင်းကတော့
သူ၏ခန္ဓာကိုယ်ကို
အတင်းအကြပ်မြှင့်တင်ထားလို့ပါ။

ယန်ယဲ့၏အခြေခံအုတ်မြစ်က
ပြီးပြည့်စုံသည့်တိုင်အောင်
တစ်ဆင့်ပြီးတစ်ဆင့်
မတိုးတက်သေးပေ။
တစ်နည်းအားဖြင့်တော့

သူ့ရုပ်ခန္ဓာအဆင့်က မတည်ငြိမ်ပါ။

ထို့ကြောင့် ဝမ်အရှုးမလေး၏အဖိုးက

ယန်ယဲ့အတွက်

ဆေးများဖော်စပ်နေခြင်းဖြစ်သည်။

ဤအတိုင်းပင်၊ အချိန်များ

တရွေ့ရွေ့ကုန်ဆုံးလာသည်။

နှစ်ရက်အကြာတွင်

ယန်ယွဲ့၏ဒဏ်ရာများဟာ

လုံးဝပျောက်ကင်းလုနီးပါးဖြစ်ခဲ့သည်။

ထို့နောက် သားသတ်သမား က ယန်ယွဲ့နှင့်

ပိုင်ဇိရှန် ကို

ရွာအနောက်ဖက်တောင်တန်းများဆီ

ခေါ်သွားပြန်သည်။

ယခင်အတိုင်းပင်၊ တောအုပ်ရှေ့ကို

ရောက်လာကြပြန်သည်။

သားသတ်သမား က

လုပ်နေကျအတိုင်းသာ

ကျောက်တုံးတစ်တုံးကို ကောက်ယူကာ

တောထဲသို့ ပစ်ထည့်လိုက်လေသည်။

ဝုန်း...

တောအုပ်ထဲမှ

ကြောက်မက်ဖွယ်ကောင်းသောအရှိန်အ

ဝါများ ထွက်ပေါ်လာပြီးနောက်

လျှင်မြန်သောအရိပ်တစ်ခုက

ယန်ယဲ့ထံပြေးဝင်လာသည်။

သို့သော်လည်း အရိပ်က

ရုတ်တရက်ရပ်တန့်သွား၏။

၎င်းက

ကောင်းကင်ပျံသန်းခြင်းဝံပုလွေဖြစ်သ

ည်။

ယန်ယွဲ့ကို မြင်လိုက်သောအခါ

ကောင်းကင်ပျံသန်းခြင်းဝံပုလွေ၏မျက်

လုံးထဲမှ ရက်စက်ကြမ်းကြုတ်သော

အလင်းတန်းတစ်ခု ထွက်ပေါ်လာသည်။

၎င်းက ယန်ယွဲ့အား အခုထိ

မှတ်မိနေသေးပုံရ၏။

ဤအခိုက်အတန့်တွင်

သူ၏ညီငယ်လေးက

အကောင်းပတိပြန်ဖြစ်နေခဲ့သည်။

ကောင်းကင်ပျံသန်းခြင်းဝံပုလွေ ကဲ့သို့

မူလကမ္ဘာအဆင့်

နတ်ဆိုးတစ်ကောင်အတွက်

ပြတ်တောက်သွားသော

အစိတ်အပိုင်းအချို့ကိုပြန်ယူခြင်းဟာ

ကြီးကြီးမားမားကိစ္စမဟုတ်ပေ။

သို့သော်လည်း ယန်ယဲ့၏လုပ်ရပ်ဟာ

ၿငင်းအတွက် ရှက်စရာ၊

နာကျင်စရာကောင်းလှသည်မှာ

သိသာပါသည်။

ကောင်းကင်ပျံသန်းခြင်းဝံပုလွေ က

ဒေါသတကြီးအူလိုက်ပြီးနောက်

ယန်ယဲ့ထံခုန်အုပ်လိုက်လေသည်။

ယန်ယဲ့က ရှေ့ကို မော့ကြည့်ပြီး

သူ၏ဆေဘာကို

ရုတ်တရက်မြှောက်လိုက်သည်။

ဆူး...

အာကာသထဲတွင်

အနည်းငယ်ကြီးမားသော

အက်ကြောင်းတစ်ခု

ချက်ချင်းပေါ်လာသည်။

ဘမ်း...

ပေါက်ကွဲသံ ပဲ့တင်ထပ်ပြီး ယန်ယွဲ့ သည်

လွင့်ထွက်သွား၏။ သူ့တစ်ကိုယ်လုံး

အက်ရာများဖုံးလွှမ်းထားခဲ့သည်။

သူ့ရုပ်တန့်လိုက်သည်နှင့် တပြိုင်နက်

ကောင်းကင်ပျံသန်းခြင်း ဝံပုလွေက

ယန်ယွဲ့ကို ထပ်မံ၍

ခုန်အုပ်လိုက်ပြန်သည်။

အရှိန်က အလင်း၏အမြန်နှုန်းထက်ပင်

လျင်မြန်ပါသည်။

ယန်ယဲ့သည် လုံးဝမရှောင်နိုင်တော့ပါ။
ထိပ်တိုက်ရင်ဆိုင်ရုံသာတတ်နိုင်တော့သ
ည်။

ဘမ်း...

သူ့ထံမှ ပြင်းထန်သော အရှုးဆန္ဒ
ပေါက်ကွဲထွက်လာသည်။
သူ၏ညာခြေကိုတစ်ချက်ဆောင့်၍
လေထဲသို့ ခုန်တက်လိုက်သည်။

ထို့နောက် ဆေဘာကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်ကာ အောက်သို့

ပိုင်းချလိုက်သည်။

ဆူး...

အာကာသဟာ

ချက်ချင်းပွင့်ထွက်သွားသည်။

အာကာသအက်ကြောင်းထဲ၌

ဆောဘာအမှတ်အသား ၁၀၀

တိုတိုပေါ်လာသည်။

ဘမ်း...

သို့သော်လည်း ပေါက်ကွဲသံ

ထွက်ပေါ်လာပြီးနောက် ယန်ယွဲ့ သည်

လွင့်ထွက်သွားပြန်သည်။

ကောင်းကင်ပျံသန်းခြင်းဝံပုလွေလည်း

နောက်အတော်ဝေးဝေးထိ

လွင့်ထွက်သွား၏။

သူ့ကိုယ်သူ ရပ်လိုက်သည်နှင့်

တပြိုင်နက်

ယန်ယွဲ့ သည် ရှေ့ကို

ရုတ်တရက်ပြေးတက်သွားသည်။

ကောင်းကင်ပျံသန်းခြင်းဝံပုလွေ ဟာ

ဒေါသတကြီး

အူလျက်ယန်ယွဲ့ကိုခုန်အုပ်လိုက်သည်။

ဘမ်း...

တိုက်မိသည်နှင့် တပြိုင်နက်

နှစ်ဖက်စလုံး လွင့်ထွက်သွားသည်။

ကောင်းကင်ပျံသန်းခြင်းဝံပုလွေက

ဒဏ်ရာအနည်းငယ်သာ ရခဲ့သည်။

ယန်ယဲ့ ကတော့ ပါးစပ်ထဲမှ သွေးများ အန်ထွက်လာခဲ့သည်။

ပိုင်ဇီရှန် က "သူတို့ရဲ့ ကျင့်ကြံမှုအဆင့် ကွာဟချက်က အရမ်းများတယ်။ ခွန်အားနဲ့ အရှိန်ကွာဟချက်က ပိုတောင်ဆိုးသေးတယ်။ အဆင့်တူမဟုတ်ဘူး"

သားသတ်သမား က “သူနဲ့

အဆင့်တူနယ်ပယ်မှာ ပြိုင်ဖက်တွေ

အများကြီး မရှိနိုင်ဘူး။ သူ့ကို တိုက်ပွဲမှာ

အဆင့်ကျော်တိုက်ခိုက်စေချင်တယ်၊

ငါသူ့ကိုအခုထက်ပိုပြီးသန်မာလာစေချင်

တာ…”

ဤအချိန်တွင် နာကျင်နေသော

အသံတစ်သံ ရုတ်တရက်

ထွက်ပေါ်လာသည်။

သားသတ်သမား နှင့် ပိုင်ဇိရှန် တို့လည်း

နောက်တစ်ကြိမ်

အဲ့အားသင့်သွားကြသည်။

ယန်ယဲ့ သည် လွင့်ထွက်သွားသည်။

သူ့ရင်ဘတ်မှာ တော်တော်နက်သော

ဒဏ်ရာတစ်ခု ရှိနေ၏။

ကိုယ်တွင်းအင်္ဂါများပင် မြင်နိုင်ပါသည်။

သို့သော် သူ့လက်ထဲမှာတော့

ခရမ်းနက်ရောင်အရာတစ်ခုကို

ကိုင်ထားလေသည်။

ဤအချိန်တွင်

ကောင်းကင်ပျံသန်းခြင်းဝံပုလွေက

မြေကြီးပေါ်မှာ

အဆက်မပြတ်လူးလှိမ့်နေသည်။

ဤမြင်ကွင်းကြောင့်

သားသတ်သမား၏မျက်နှာက

မမြင်နိုင်လောက်အောင်

ဖြစ်သွားလေတော့သည်။ သူက

ယန်ယဲ့ဆီကို လျှောက်သွားပြီး

ဒေါသတကြီးအော်ငေါက်လိုက်သည်

"သောက်ကျိုးနည်း၊ မင်း သူ့ပစ္စည်းကို

ဘာလို့ခုတ်ထစ်ပစ်တာလဲ"

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၈၅ - မင်းကရဲတင်းလွန်းတယ်

ဤတစ်ခါတော့ သားသတ်သမား က

အမှန်ပင် ဒေါသထွက်သွား၏။

ယန်ယဲ့ သည်

ထိုအရှက်မဲ့သောနည်းလမ်းကိုသာ

ထပ်ပြီးအသုံးပြုခဲ့သည်။

သို့သော် ၎င်းသည်

အထိရောက်ဆုံးနည်းလမ်းပင်ဖြစ်သည်။

အရှက်ရစရာဖြစ်သော်လည်း

ကောင်းကင်ပျံသန်းခြင်းဝံပုလွေ၏

တစ်ခုတည်းသော အားနည်းချက်ပါ။

သို့ရာတွင် ထိုအကြောင်းသာ

သတင်းပြန့်သွားပါက

မူလဆောဘာဂိုဏ်း၏

မူလဆောဘာနည်းစနစ်ဟာ

လူရယ်စရာဖြစ်သွားပေမည်။

တစ်ချိန်တည်းတွင် သားသတ်သမား က

အလွန်သိချင်နေမိသည်။ နောက်ဆုံးတော့

သူ၏မူလဆောဘာဂိုဏ်းက

ထိုလှုပ်ရှားမှုကို သင်မပေးခဲ့ပေ။

ဤအချိန်တွင် ပိုင်ဇိုရှန်က ယန်ယဲ့ဆီသို့

အလျင်အမြန်လျှောက်လာသည်။

ထို့နောက် သားသတ်သမား၏မျက်နှာမှ

ဒေါသကိုမြင်သောအခါ

အမြန်ပြောလိုက်လေသည်

“သိုင်းဦးလေး၊ သတ်နိုင်သရွေ့တော့

ဘာလုပ်ရှားမှုမှ

အရေးမကြီးဘူးထင်တယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒါက

လျှပ်ရှားမှုတစ်ခုပဲလေ။ သိုင်းဦးလေး၊

ဘယ်လိုထင်လဲ"

သားသတ်သမားက ခေါင်းခါလိုက်ပြီး

“ဒီကောင်... အဲဒါကို မေ့လိုက်ပါ၊ သူ

ပြန်သက်သာလာဖို့ ခေါ်သွားလိုက်။

ငါတစ်ယောက်တည်း

အချိန်တစ်ခုလိုတယ်"

ထိုစကားပြောပြီးသည်နှင့် အဝေးဆီသို့

ပျောက်ကွယ်သွားသည်။

ပိုင်ဇိရှုန် က ယန်ယွဲ့ကို ငုံ့ကြည့်ပြီးနောက်

ပွေ့ချီပြီး ရှာထဲကို ပြန်ဝင်သွားသည်။

ဝါးအိမ်ထဲတွင်.... ။

မူလခရမ်းရောင်စွမ်းအင်သည်

သူ၏ခန္ဓာကိုယ်ကို

အဆက်မပြတ်ပြုပြင်နေခဲ့သည်။
သို့သော် မူလစေတီမရှိသဖြင့်
သူ၏ပြန်လည်ကုရေးအရှိန်က
အလွန်နှေးကွေးခဲ့သည်။

ဆေးလိမ်းမယ်....

ပိုင်ဇီရှန်က ကျောက်စိမ်းပုလင်းကို
ထုတ်ယူလိုက်ပြီး ယန်ယွဲ့၏ကိုယ်ပေါ်
လောင်းချလိုက်သည်။

ယန်ယဲ့ က မသိသလိုပင်ငြိမ်နေခဲ့သည်။

သို့သော် အခန်းထဲရှိ အခြေအနေက

အနည်းငယ်ရှက်စရာကောင်းနေခဲ့သည်။

...

ရွာအဝင်ဝတွင် က

လေးမျက်နှာအဘိုးကြီး၊

သားသတ်သမား နှင့် အန်တီယန်

တို့ရှိနေကြသည်။

သားသတ်သမားက မြေကြီးပေါ်မှာ

ထိုင်နေခဲ့သည်။ သူက လူတိုင်းအား

လက်သီးဆုပ်ကာ “အစ်မကြီး၊ ဒုတိယညီ၊

ဒါဟာ ငါ့ကိုယ်ပိုင်ပြဿနာဆိုပေမယ့်

အဲဒီနေရာက တကယ်ကို

အန္တရာယ်များလွန်းတယ်။

ငါတစ်ယောက်တည်းသွားရင်

အောင်မြင်ဖို့ မယုံကြည်ဘူး။ ဒီတော့
ငါမင်းတို့ရဲ့အကူအညီကို လိုတယ်"

အန်တီယန် က အနည်းငယ်
မျက်မှောင်ကြုတ်ကာ "ဒီဆေးဘာတွေကို
သွားယူဖို့ စိတ်ကူးရှိသလား"

သားသတ်သမားက ခေါင်းညိတ်ပြီး
"ဒီဆေးဘာ က ထူးခြားနေရင်တောင်
အဲဒီကလေးနဲ့ မလိုက်ဖက်ဘူး၊

သူ့ရဲ့ရုပ်ခန္ဓာခွန်အားက တော်တော်

လေးသန်မာတယ်။

မူလနတ်ဆိုးမျိုးနွယ်ရဲ့

မျိုးစိတ်အချို့ထက်တောင် သာတယ်။

သူက လေးလံတဲ့ဓားကိုသုံးတယ်။

ငါ့မူလဆောဘာဂိုဏ်းရဲ့ ဆောဘာ ၃

ချောင်းက ပိုပြီးသင့်တော်တယ်”

ကလေးမျက်နှာအဘိုးကြီးက

“အစပိုင်းမှာတော့ မင်းအပျော်သဘောနဲ့

သူ့ကို တပည့်အဖြစ်

လက်ခံခဲ့တာမဟုတ်လား။ အခုလိုမျိုး

မင်း အလေးအနက်ထားဖို့

ငါဘယ်တုန်းကမှ မမျှော်လင့်ထားဘူး”

"ငါက ဘယ်လိုလုပ်

အလေးအနက်မထားဘဲနေမှာလဲ"

သားသတ်သမား က ခေါင်းခါလိုက်ပြီး

"ဒီနေရာမှာ ငါတို့တောင်

ဘယ်လောက်ကြာကြာ

နေနိုင်မှာမို့လို့တုန်း။

ငါက ငါ့မူလဆေဘာဂိုဏ်းရဲ့

အမွေအနှစ်ကို အဲဒီကလေးဆီ

လက်လွှဲမပေးရင် ငါတို့ဂိုဏ်းတစ်ခုလုံး

ပျောက်ကွယ်သွားလိမ့်မယ်။ ပြီးတော့

သာမန်အမွေအနှစ်တင်မဟုတ်ဘူး၊

ငါ့မူလဆေဘာဂိုဏ်းတစ်ခုလုံးကို

အမွေဆက်ခံသူဆီကို

အပြီးလွှဲပြောင်းပေးလိုက်တာ "

"ငါတို့မသွားနိုင်ဘူး" အန်တီယန် က

ဆတ်ခနဲ ပြောလိုက်သည်။

သားသတ်သမားက "ဘာလို့လဲ"

အန်တီယန် က

ရွာအနောက်ဖက်တောင်တန်းများဆီသို့

လှမ်းကြည့်ကာ "ဟိုမှာ ပိုပိုပြီး
မတည်မငြိမ်ဖြစ်လာတယ်။
အပြင်ဖက်နယ်မြေကတော့
အဆင်ပြေနိုင်သေးတယ်၊
အတွင်းပိုင်းကိုဝင်သွားရင်တော့..."

အန်တီယန် က
အနည်းငယ်မျက်မှောင်ကြုတ်ကာ
"သူတို့ကတစ်ခုခုတော့ ဖြစ်နိုင်တယ်"

သားသတ်သမားနှင့်

ကလေးမျက်နှာအဘိုးကြီးတို့၏

မျက်နှာပေါ်တွင် လေးနက်သော

အမူအရာများ ရှိနေကြသည်။

သားသတ်သမား က “အခု

သူတို့ဘာတွေလုပ်နေလဲ” ဟု

မေးလိုက်သည်။

“ဒီနေရာကို လာချင်နေတာ။

ကံကောင်းစွာနဲ့ပဲ သူတို့တွေ

အဆင်သင့်မဖြစ်သေးဘူး”

"ဘာလို့လဲ " သားသတ်သမား က

လေးနက်စွာပြောခဲ့သည် "ငါ့အသိအရ...."

အန်တီယန် က သားသတ်သမားကို

စိုက်ကြည့်ရင်း "ဒီနှစ်တွေလုံးလုံး

သူတို့က စားပြီး အိပ်နေတာလို့

နှင်ထင်လို့လား။ ငါတို့က အဆက်မပြတ်

တိုးတက်နေတယ်။ ဒါဆို သူတို့လည်း

အတူတူပဲမဟုတ်ဘူးလား"

သားသတ်သမား က “သူတို့နဲ့ပူးပေါင်းလို့

ငါတို့မှာ အကျိုးမရှိဘူး”

ဟုပြောလိုက်၏။

အန်တီယန် က ခေါင်းခါယမ်းကာ

“ငါတို့အကြောင်းကို သိသွားရင်

ဒီလူယုတ်မာက အခွင့်အရေးယူပြီး

အခုချက်ချင်းလှုပ်ရှားတော့မှာ”

ထိုစကားပြောပြီးနောက် ဖြည်းညှင်းစွာ

ထရပ်လိုက်ပြီး “ငါတို့မှာ

အချိန်သိပ်မကျန်တော့ဘူး။

တတိယမောင်လေး၊

သင်စရာတွေရှိသေးရင်

တတ်နိုင်သမျှမြန်မြန်လုပ်ပါ။

အဲဒီကလေးနှစ်ယောက်ကို

ဒီနေရာမှာကပ်ဘေးမကျခင်
အပြင်ပြန်ပို့ပေးဖို့လိုတယ်။
နင်တို့မူလဆောဘာဂိုဏ်းရဲ့ ဆောဘာ ၃
ချောင်းနဲ့ပတ်သက်ရင်တော့
အခုလောလောဆယ် မေ့ထားလိုက်ပါ"

ဟု ပြောရင်း တရွေ့ရွေ့နှင့်
ထွက်ခွာသွားခဲ့သည်။

သားသတ်သမား က “ဒီရွာလေးဟာ
သာယာနေတာကြာပြီ” ဟူ၍
တိုးညှင်းစွာရေရွတ်လိုက်ပါသည်။

ထို့နောက် အဝေးဆီသို့
ပျောက်ကွယ်သွား၏။

...

ယန်ယဲ့၏ ဒဏ်ရာများ

ပြန်သက်သာလာသည်နှင့်

သားသတ်သမားက ရွာ

အနောက်ဖက်တောင်တန်းများဆီသို့

ခေါ်သွားပြန်သည်။

ခါတိုင်းလိုပဲ၊

တောအုပ်ရှေ့သို့ရောက်နေကြသည်။

သားသတ်သမားက တောအုပ်ဖက်ကို

တစ်ချက်ကြည့်လိုက်ပြီး

"နှစ်ခါနာပြီးသွားရင် မင်းဟာ

သင်ခန်းစာမယူတတ်ဘူးလို့ ငါမယုံဘူး"

စကားပြောပြီးနောက် ညာခြေကို

တစ်ချက်ဆောင့်နင်းလိုက်သည်။

ဘမ်း...

တောအုပ်ကြီးတစ်ခုလုံးသည်

ပြင်းထန်စွာ တုန်ခါသွားသည်။ ထို့နောက်

သားသတ်သမား က သူ၏ညာလက်ကို

ဝှေ့ယမ်းကာ ပိုင်ဇီရှန် နှင့်အတူ

မီတာအတော်ဝေးဝေးထိ

ပြန်ဆုတ်သွားလိုက်ကြသည်။

ဘုန်း...

တောအုပ်ထဲမှ အနက်ရောင်အရိပ်တစ်ခု
ပြေးထွက်လာသည်။
ကောင်းကင်ပျံသန်းခြင်းဝံပုလွေ ပါ။

ယန်ယဲ့ကို မြင်လိုက်သောအခါ
၎င်း၏မျက်နှာက
ပြင်းထန်သောမုန်းတီးမှုအရာတစ်ခု
ချက်ချင်းဖုံးလွှမ်းသွားသည်။
ဝံပုလွေမျက်လုံးအစုံဟာ
ပြင်းထန်စွာတောက်ပလာသည်။

ယန်ယဲ့က သူ၏အမေဖြစ်သူကို
သတ်လိုက်သည့်အတိုင်း
အဆက်ပြတ်အူနေလေသည်။

ယန်ယဲ့ သည် မတိုက်ခိုက်သေးဘဲ
သူ၏ဆေဘာကို
တင်းတင်းဆုပ်ကိုင်ပြီးသတိအပြည့်ဖြင့်
ရပ်နေခဲ့သည်။

ကောင်းကင်ပျံသန်းခြင်းဝံပုလွေဟာ

အူရှိုသာ အူနေခဲ့သည်။ မတိုက်ခိုက်ခဲ့ပေ။

သားသတ်သမားက မျက်မှောင်ကုတ်ကာ

“ဘာလုပ်နေတာလဲ”

ဤအချိန်တွင် ယန်ယဲ့ သည်

ရှေ့တက်လာပြီး

ကောင်းကင်ပျံသန်းခြင်းဝံပုလွေ ဆီသို့

ပြေးဝင်သွားသည်။ သို့သော်လည်း

ဝံပုလွေဟာ မတိုက်ခိုက်ဘဲ ခုန်ထကာ တောအုပ်ထဲသို့ ပြေးဝင်သွားတော့သည်။

ဤမြင်ကွင်းကြောင့် သားသတ်သမား နှင့် ပိုင်ဇိရှန် တို့နှစ်ယောက်စလုံး အံ့အားသင့်သွားခဲ့သည်။

"ထွက်ပြေးသွားတာလား"

သားသတ်သမားက

မယုံနိုင်သောလေသံဖြင့် “အဲဒီသတ္တဝါက

ထွက်ပြေးသွားပြီလား။

ဘာကောင်တုန်းဟာ..."

ပိုင်ဇီရှန် ကတော့ စကားမပြောနိုင်အောင်

ဖြစ်နေပါသည်။

အချိန်အနည်းငယ်ကြာမှသာ

သားသတ်သမားက

ကောင်းကင်ပျံသန်းခြင်းဝံပုလွေထွက်

ပြေးသွားတာကို

အတည်ပြုလိုက်ပါသည်။

မူလကမ္ဘာအဆင့် နတ်ဆိုးတစ်ကောင်က

ဖန်ဆင်းရှင်တစ်ပါးကို

ကြောက်လန့်ပြီးထွက်ပြေးသွား၏။

မူလနတ်ဆိုး၏ သွေးမျိုးဆက်ကို

ဆက်ခံထားသော နတ်ဆိုးတစ်ကောင်ဟာ

ခဏာပင်မတိုက်ခိုက်ဘဲ
ထွက်ပြေးသွားတာပါ။

သားသတ်သမားက အဝေးရှိ ယန်ယဲ့
စိုက်ကြည့်လိုက်သည်။
ကောင်းကင်ပျံသန်းခြင်းဝံပုလွေက
ထိုအရှူး၏လက်ချက်ဖြင့် သူ့ညီငယ်လေး
ထပ်အဖြတ်ခံရမှာကို
ကြောက်နေတာသေချာပါသည်။

သားသတ်သမား က ယန်ယဲ့ကို
လက်မထောင်ပြပြီး "မင်းက
ပေါက်ရုနည်းလမ်းတွေ
အရမ်းသုံးတတ်တယ်။ ဘာပဲဖြစ်ဖြစ်
မင်းမှာ ဘောတွေရှိတာကောင်းပါတယ်"

ယန်ယဲ့က ဘာမှပြန်မဖြေဘဲ
ငြိမ်သက်နေခဲ့သည်။

သားသတ်သမားက ရွာသို့မပြန်ဘဲ တောနက်ထဲသို့ လျှောက်ဝင်သွားသည်။ တစ်ချိန်တည်းပင် သူက “သူ့ကိုခေါ်ပြီး ငါနဲ့လိုက်ခဲ့။ သူ့အတွက် ပြိုင်ဖက်အသစ်ရှာပေးရမယ်"

ပိုင်ဇီရှန် က ယန်ယဲ့ကို စိုက်ကြည့်ကာ "သွားကြမယ်။ ဟိုမှာ ကိုယ့်ကိုယ်ကိုဂရုစိုက်ပါ"

ထို့နောက် ယန်ယဲ့၏လက်ကိုဆွဲကာ
နောက်မှ လိုက်သွားခဲ့သည်။

ခဏအကြာတွင် တောအုပ်ကို
ဖြတ်ကျော်ပြီးသောအခါ သူတို့ရှေ့၌
အဆုံးမရှိသော တောင်တန်းကြီးတစ်ခု
ဘွားခနဲ ပေါ်လာသည်။ ပိုင်ဇီရှန်ဟာ
အဆိုပါတောင်တန်းကြီးမှ
ကြောက်မက်ဖွယ်ကောင်းသော
အော်ရာအမြောက်အမြားကို

ချက်ချင်းခံစားလိုက်ရသည်။

သေချာသည်မှာ ထိုတောင်တန်းရှိ

နတ်ဆိုးများက

မူလကမ္ဘာအဆင့်များသာဖြစ်နိုင်တော့သ

ည်။

ပိုင်ဇိရှန်က

တော်တော်လေးတုန်လှုပ်နေခဲ့၏။

ထာဝရနယ်စပ်တစ်ခုလုံးက

ထာဝရလျှို့ဝှက်နယ်မြေသည်

ထူးခြားဆန်းကြယ်သည်ဟုသာ

သိထားကြသည်။အခြားအရာများကို

ဘာမှမသိခဲ့ကြပေ။

ဤအချိန်တွင် ယန်ယွဲ့သည် ပိုင်ဇီရှန်၏

လက်ကို ရုတ်တရက်

ဆုပ်ကိုင်လိုက်သည်။ ပိုင်ဇီရှန် က

ချက်ချင်းပင် လှည့်ကြည့်လိုက်သည်။

ယန်ယွဲ့ဟာ ဘာမှပြန်မပြောပေ။

သို့သော်လည်း သူ့ထံမှ ပြင်းထန်သော အရှူးဆန္ဒ ထွက်ပေါ်လာသည်။

သေချာသည်မှာ ယန်ယွဲ့လည်း အန္တရာယ်ကို ခံစားမိပုံပါ။ ထို့ကြောင့် ပိုင်ဇီရှန်အား ကာကွယ်ပေးနေတာဖြစ်သည်။

ပိုင်ဇီရှန် က ယန်ယွဲ့ကို အကြာကြီး စိုက်ကြည့်နေသည်။ ကြည့်နေရင်းက

သူမ၏လက်ကိုဆန့်ကာ

ယန်ယွဲ့၏မျက်နှာကို ညင်သာစွာ

ထိကိုင်လိုက်ပြီး “စိတ်ခံစားချက်တွေဟာ

နင့်ရဲ့ကျရှုံးခြင်းပဲ” ဟု

တိုးတိုးလေးပြောလိုက်ပါသည်။

"မင်းမှားတယ်..." သားသတ်သမားက

ရုတ်တရက် နောက်လှည့်ကြည့်ပြီး

ပြောခဲ့သည် "ဒီလိုစိတ်ခံစားချက်တွေကို

မြတ်နိုးပြီး

သစ္စာတရားကိုလက်ကိုင်ထားတဲ့သူတွေ

ဟာ သူတို့ရဲ့ဘဝမှာ

ချည်နှောင်မှုအချို့ရှိကောင်းရှိနိုင်တယ်။

ဒါပေမဲ့ တကယ်တော့ ဒါဟာ

ဆိုးရွားတဲ့အရာတော့ မဟုတ်ပါဘူး။

ဒီကလေးလိုပါပဲ။ သူက ဘာမှမဟုတ်ဘဲ

ရက်စက်တဲ့သူဆိုရင် အဲဒီလူအိုကြီးက

သူ့ကို သေချာပေါက် သတ်ပစ်မှာပဲ။

ငါတောင် သူ့ကို သတ်ပစ်လိမ့်မယ်။

မင်းသတိမထားမိပေမယ့်

ဝမ်အရှူးမလေးကသာ

သူ့ကိုရှာထဲခေါ်မလာရင်

သူသေသွားနိုင်တယ်”

ပိုင်ဇိရှန် က "ဘာလို့လဲ"

သားသတ်သမား က ပြုံးပြီး “ငါတို့ရွာက

လူတွေဟာ သူတော်စင်တွေ

မဟုတ်ကြပေမဲ့  သွေးဆာနေတဲ့

လူသတ်သမားတွေလည်း မဟုတ်ဘူး။

ဒါပေမဲ့ ဒီကလေးက

လူသတ်ချင်စိတ်အပြည့်ရှိနေတဲ့အပြင်ကို

မှ အရှူးဆန္ဒပါရှိနေသေးတယ်။

ငါထင်သလောက်တော့ သူက

လူကောင်းမဟုတ်ဘူး။

သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို

နားလည်ထားတဲ့သူတွေဟာ စိတ်ဆန္ဒကို

အဆင့်မြှင့်ဖို့အတွက်

လူသတ်လေ့ရှိကြတယ်။ ဒီလိုလူတွေဟာ သူတို့ရဲ့ သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို အဆင့်မြှင့်တင်နိုင်ရင်တောင်

လောကရဲ့မျှခြေကို ပျက်စီးစေတယ်”

သူက ပြုံးပြီး ဆက်ပြောလိုက်သည်
“ဒါ့အပြင် ဒီကလေးဟာ အရူးဆန္ဒရှိနေလို့ သတ်ဖြတ်ရုံနဲ့တင်မပြီးဘူး။ ဒါ့ကြောင့် အစတုန်းကတော့ သူက

သတ်တာများလွန်းလို့ရှုးသွားပြီ

ထင်ခဲ့တာ”

ပိုင်ဇိရှုန် ဟာ

ဘာပြန်ပြောရမှန်းမသိတော့ပေ။

သားသတ်သမား က ဆက်ပြောခဲ့သည်

“ဒီလောကမှာ မတရားမှုတွေ

များလွန်းတယ်။ အဲဒါကို ခုခံချင်ရင်

သတ်ပစ်ရမယ်၊ ဒီကလေးက

အပေးအယူလုပ်မယ့်သူ ဒါမှမဟုတ် ရှုံးနိမ့်တာကို ဝန်ခံမယ့်သူ မဟုတ်ဘူးဆိုတာ သိသာပါတယ်။ ဒါဟာ သူ့စရိုက်ကပဲ သူ့ဘဝကို ဘယ်တော့မှ မငြိမ်းချမ်းစေနိုင်ဘူး”

ဤအထိပြောပြီးနောက် သားသတ်သမား က ခေါင်းခါယမ်းလိုက်ပြီး "အတိုချုပ်ပြောရရင် သူက

လူကောင်းမဟုတ်ပေမယ့်  လူဆိုးလည်း မဟုတ်ဘူး"

ပိုင်ဇီရှန် လည်း တိတ်ဆိတ်သွားသည်။

လူကောင်းလား ဒါမှမဟုတ် လူဆိုးလား

ယန်ယွဲ့၏နတ်ရတနာများကို
လုယက်ရန်တွေးတောစဉ်က

ထိုလူငယ်ဟာ သူမအတွက်

လူကောင်းမဟုတ်ခဲ့ပေ။

သို့သော်လည်း လက်ရှိတွင်

ယန်ယဲ့နှင့်အတူ

အချိန်တော်တော်ကြာအောင်ရှိနေပြီးနော

က် ထိုလူငယ်ဟာ

သစ္စာတရားကြီးမားသူမှန်းသိလိုက်ရသ

ည်။

အမှန်တော့ အကောင်းနှင့်အဆိုးကို

အဆုံးအဖြတ်ပေးမည့်သူ၏

အကျိုးစီးပွားဖြင့် ဆုံးဖြတ်လေ့ရှိသည်။

ထိုလူက သင့်ကို အကူအညီဖြစ်စေလျှင်

ထိုလူဟာ လူကောင်းဖြစ်လိမ့်မည်။

ထိုလူက

အန္တရာယ်တစ်စုံတစ်ရာပြုရန်ကြံစည်နေ

ရင်တော့

ကောင်းတာများများလုပ်ထားသည့်တိုင်

လူကောင်းမဟုတ်တော့ပေ။

အုန်း...

ဤအချိန်တွင် သူတို့ရှေ့ရှိ

တောင်တန်းကြီးဟာ ပြင်းထန်စွာ

တုန်ခါသွားသည်။

အဝေးကို လှမ်းကြည့်လိုက်ရင်း

သားသတ်သမား၏ အမူအရာသည်

သိသိသာသာပင် ပြောင်းသွားခဲ့သည်။

ပိုင်ဇိုရှန်၏မျက်နှာလှလှလေးက

ဖြူဖျော့သွားလေသည်။

အဝေးကနေ

ရောမတောင်တန်းကြီးတစ်ခုသည်

ဖြည်းညှင်းစွာ ရွေ့လျားလာနေခဲ့သည်။

သို့သော် ၎င်းသည်

တောင်တန်းကြီးမဟုတ်ပါ၊

တောင်တန်းကြီးတမျှကြီးမားသော

နတ်ဆိုးကြီးတစ်ကောင်သာဖြစ်ခဲ့သည်။

ခြေတစ်လှမ်း

လှမ်းလိုက်တိုင်းအောက်မြေပြင်သည်

ကမ္ဘာဖျက်ငလျင်လှုပ်ခတ်သည့်အလား

ပြင်းထန်စွာလှုပ်ခါနေခဲ့သည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၆၈၆ -

လျှို့ဝှက်ဆန်းကြယ်သောနေရာ

ရောမနတ်ဆိုးကြီးဟာ ခြေတစ်လှမ်းတိုင်း

တောင်တန်းများနှင့် မြေပြင်ကို

အဆက်မပြတ် တုန်လှုပ်သွားစေခဲ့သည်။

ပိုင်ဇိုရှန် က လေးနက်စွာမေးလိုက်သည်

"အဲဒါဘာလဲ"

သားသတ်သမား က

လေးနက်မှုအပြည့်ဖြင့် ပြန်ပြောသည်

"မှုလတိုက်တန်ပဲ။ သွားကြရအောင်"

စကားပြောပြီးသည်နှင့် သူ့အမူအရာက

ပြောင်းသွားပြီး လက်ဝါးကို

ဓားသွားပုံစံပြောင်းကာ

ရှေ့သို့ခုတ်ပိုင်းလိုက်သည်။

ဆူး…

ဓားအလင်းတန်းတစ်ချက်

လင်းလက်သွား၏။

ဘမ်း…

ပုံရိပ်တစ်ခု လွင့်ထွက်လာသည်။

အခြားမဟုတ်ဘဲ

ကောင်းကင်ပျံသန်းခြင်းဝံပုလွေ

ပင်ဖြစ်သည်။

သို့သော် သားသတ်သမားက

ဝံပုလွေကိုဂရုမစိုက်အားဘဲ

မှူလတိုက်တန်ကြီးဖက်ပြန်လှည့်လိုက်သ

ည်။ မှူလတိုက်တန်က

တိုက်ခိုက်ရန်ပြင်နေမှန်းသတိထားမိသော
အခါ သူ့အမူအရာက
ချက်ချင်းပြောင်းသွားခဲ့သည်။

ဤအချိန်မှာပဲ မူလတိုက်တန်ကြီးက
၎င်း၏ရောမလက်သီးကြီးကိုမြှောက်ကာ
သားသတ်သမားကို လှမ်းထိုးလိုက်သည်။

သားသတ်သမား၏ အကြည့်က
တဖြည်းဖြည်း အေးခဲလာသည်။

သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်ရာ
ယန်ယွဲ့၏ခါးမှ ဆေဘာက သူ့လက်ထဲသို့
ချက်ချင်းရောက်လာသည်။ ထို့နောက်
ဆေဘာကိုမြှောက်ပြီး
ခုတ်ပိုင်းလိုက်တော့သည်။
အလွန်ရှည်လျားသော
ဆေဘာအလင်းတန်းတစ်ခု
လင်းလက်လာပြီးတိမ်တိုက်များကြားမှ

တစ်ဆင့်

အောက်သို့ဆင်းသက်လာသည်။

အထီးကျန်ဘဝ

ဆောဘာအလင်းတန်း

ဆင်းသက်လာသည်နှင့်

ကောင်းကင်နှင့်မြေပြင်ဟာ

ဆိတ်သုဉ်းသွားသလိုပင်။

ယန်ယဲ့ သည်

ကလေးမျက်နှာအဘိုးကြီးနှင့်တိုက်ခိုက်

ချိန်က ထိုလှုပ်ရှားမှုကို

လုပ်ဆောင်ခဲ့ဖူးသည်။ သို့သော်လည်း

သူ့အရှိန်နှင့်စွမ်းအားက

အတော်လေးနိမ့်ကျခဲ့သည်။

သားသတ်သမား ထုတ်ဖော်လိုက်သော

အထီးကျန်ဆေဘာ က

ကောင်းကင်နှင့်မြေကြီးကို

ပိုင်းခြားပစ်နိုင်ပုံရသည်။

မူလတိုက်တန်ကြီးဟာ အန္တရာယ်ကို

သတိပြုမိသည့်အလား

၎င်း၏လက်သီးကြီးကိုဖြန့်ကာ

လက်ဝါးပုံစံပြောင်းပြီးကာထားလိုက်သ

ည်။

ဤအချိန်တွင် ကောင်းကင်ယံမှ

ဆောဘာအလင်းတန်းကြီး

ကျဆင်းသွားသည် ။

ဘမ်း...

မူလတိုက်တန်ဟာ ကီလိုမီတာ ၃၀ ကျော်အကွာသို့ လွင့်ထွက်သွား၏။ သို့သော်လည်း သားသတ်သမား၏ ဆောဘာစွမ်းအင်ဟာ သူ့လက်ဝါးအလယ်မှာပင် ရပ်တန့်သွားခဲ့သည်။

သားသတ်သမား၏မျက်လုံးများက
အနည်းငယ် ကျဉ်းမြောင်းသွားသည်။
သူ၏မျက်လုံးထဲမှ
လေးနက်သောအရိပ်အယောင်များ
ပေါ်လာသည်။

သားသတ်သမားက ယန်ယွဲ့နှင့်
ပိုင်ဇီရှန်တို့နှစ်ယောက်ကို စိုက်ကြည့်ရင်း
"ဟိုဖက်ခြမ်းက ရွာကိုပြန်သွားကြတယ်။
ငါဒီအကောင်ကို

အချိန်ဆွဲထားလိုက်မယ်။ လမ်းမှာ

ဆန်းကြယ်ချီစွမ်းအင်ကို

ထုတ်မသုံးမိစေနဲ့ ဒါမှမဟုတ်

ပျံသန်းသွားလို့မရဘူးဆိုတာ

သတိရပါ"

ပိုင်ဇိရှန်က ခေါင်းညိတ်လိုက်သည်။

ထို့နောက်

ယန်ယွဲ့၏လက်ကိုဆွဲကာထွက်သွားရန်ပြ

င်၏။ သူတို့ ဆက်ရှိနေရင်လည်း

ဘာအကူအညီမှဖြစ်မည်မဟုတ်ကြောင်း

သိနေသဖြင့်

ထွက်သွားတာသာအကောင်းဆုံးပါ။

သို့သော်လည်း ယန်ယွဲ့က

ထွက်သွားချင်ပုံမရပေ။

သားသတ်သမား က အနည်းငယ်ပြုံးပြီး

“ကလေး၊ မင်းက မဆိုးပါဘူး။ ဒါပေမဲ့

မင်းရဲ့ဆရာက

ငါ့တပည့်လေးရဲ့အကူအညီကို

မလိုအပ်ဘူး…”

ဤအချိန်တွင် ယန်ယဲ့ သည်

သားသတ်သမား ဆီကို လျှောက်လာပြီး

သူ၏ဆေဘာကိုပြန်ဆွဲယူလိုက်သည်။

ထို့နောက် ပိုင်ဇီရှန်၏လက်ကိုဆွဲကာ

ထွက်ခွာသွားခဲ့သည်။

သားသတ်သမား၏မျက်နှာက

မည်းမှောင်သွားသည်။ ထို့နောက်

ဒေါသတကြီးကျိန်ဆဲလေတော့သည်

"သောက်ကျိုးနည်းတပည့်မိုက်။ မင်း

အရင်ဘဝမှာ ဓားပြလား။

အခုအချိန်မှာတောင်

လုယက်ဖို့တွေးနေသေးတယ်...”

တစ်ချိန်တည်းမှာပင် ပြင်းထန်သော

အော်ရာက အနောက်ကနေ

တိုးဝင်လာသဖြင့် သားသတ်သမား ဟာ

ဆက်ပြီးကျိန်ဆဲမနေတော့ပေ။ သူက

နောက်ကိုချက်ချင်းလှည့်ပြီး

လက်ဝါးနှစ်ဖက်ကိုပူးကပ်ထားလိုက်သ

ည်။ ထိုခဏလေးမှာပဲ သူ့လက်ထဲမှာ

ဆေဘာတစ်ချောင်း ပေါ်လာခဲ့သည်။

၎င်းက သားသတ်သမား၏

သုံးနေကျလက်နက်ပါ။

သားသတ်သမားက အချိန်မဆွဲဘဲ

ဆောဘာကိုမြှောက်ပြီး ရှေ့သို့

ပိုင်းချလိုက်သည်။

ဆူး...

သူ့ရှေ့ရှိ အာကာသပြင်ဟာ ချက်ချင်း

ပွင့်ထွက်သွားသည်...

ဤအချိန်တွင် ပိုင်ဇီရှန်က

ယန်ယဲ့၏လက်ကိုကိုင်ကာ

ထာဝရကျေးရွာ ဆီသို့

အမြန်လျှောက်နေခဲ့သည်။

လမ်းတစ်လျှောက်လုံးတွင်

သူမ၏မျက်နှာလှလှလေးက

လေးနက်မှုအပြည့်ပါ။

အကြောင်းကတော့ ပတ်ဝန်းကျင်မှ

ပြင်းထန်သောအော်ရာအများအပြားကို ခံစားမိသောကြောင့်ပင်။

ဤအချိန်မှာပဲ ယန်ယဲ့သည် ရုတ်တရက် ရပ်တန့်သွားသည်။

သူက ပိုင်ဇီရှန်ကို စိုက်ကြည့်ရင်း သူ့နောက်ကို ဆွဲခေါ်လိုက်သည်။ တစ်ချိန်တည်းမှာပင် သူတို့ရှေ့၌ ပုံရိပ်တစ်ခု ပေါ်လာသည်။

ကောင်းကင်ပျံသန်းခြင်းဝံပုလွေ…

ဘမ်း…

ယန်ယွဲ့ထံမှ ပြင်းထန်သော
စိတ်ဆန္ဒဖိအားလှိုင်းကြီးတစ်ခု
ထွက်လာသည်။

မူလတာအိုအဆင့် အရှုံးဆန္ဒ ။

အရှူးဆန္ဒက ဆောဘာထဲသို့

အဆက်မပြတ်တိုးဝင်လာသည်။

ထို့နောက် ယန်ယွဲ့သည်

ညာခြေကိုတစ်ချက်ပုတ်ကာ

လေထဲသို့ခုန်တက်လိုက်ပြီး

ဆောဘာကိုလက်နှစ်ဖက်ဖြင့်ကိုင်လျက်

ပိုင်းချလိုက်သည်။

ဘမ်း....

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

ယန်ယွဲ့ သည် လွင့်ထွက်သွားသည်။

ကောင်းကင်ပျံသန်းခြင်းဝံပုလွေလည်း

မီတာ ၃၀၀ နီးပါးအကွာသို့

လွင့်ပျံထွက်သွား၏။ သို့သော်လည်း

၎င်းက ချက်ချင်းပြန်ထလာပြီး

ဒေါသတကြီးအူကာ ယန်ယွဲ့အား

ခုန်အုပ်လိုက်သည်။

ဆူး...

ကောင်းကင်ပျံသန်းခြင်းဝံပုလွေဟာ
နေရာမှာပင် ပျောက်သွားပြီး
များပြားလှသော ဝံပုလွေပုံရိပ်များ
ထွက်ပေါ်လာတော့သည်။

၎င်း၏အရှိန်က လုံးဝကိုမြန်ဆန်ခဲ့သည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့ သည်
သူ၏ဆေဘာကိုမြှောက်ပြီး
ရှေ့တည့်တည့်ခုတ်ချလိုက်လေသည်။

အရှူးဆေဘာနည်းစနစ် ။

ဆေဘာတစ်ချက် လှူပ်ရှားမှု ၁၀၀ ။

ယန်ယဲ့၏ တိုက်ခိုက်မှုဟာ
ဝံပုလွေ၏မျက်လုံးနှစ်လုံးဆီသို့တိုးဝင်

သွားသည်။ သူက ဝံပုလွေခေါင်းကို

မတိုက်ခိုက်ခဲ့ပေ။

ဝံပုလွေ၏အရေပြားဟာ

အလွန်ထူသောကြောင့်

သူ၏တိုက်ခိုက်မှုများက ၎င်းကို

လုံးဝမထိုးဖောက်နိုင်ပါ။

ဝံပုလွေမျက်လုံးများနှင့်

အခြားအစိတ်အပိုင်းများကိုသာ

ခုတ်ထစ်နိုင်ပါသည်။

ကောင်းကင်ပျံသန်းခြင်းဝံပုလွေဟာ

ယန်ယွဲ့၏ရည်ရွယ်ချက်ကို

သတိထားမိသည့်အလား

၎င်း၏မျက်လုံးများကို

ချက်ချင်းမှိတ်လိုက်သည်။ ဤအချိန်တွင်

ယန်ယွဲ့၏

အထီးကျန်ဆေဘာပိုင်းချက်က

ဝံပုလွေမျက်လုံးနှစ်လုံးကိုထိမှန်သွားသ

ည်။

သို့သော်လည်း ယန်ယဲ့၏တိုက်ခိုက်မှုဟာ

ဝံပုလွေ၏မျက်ခွံကိုပင်

ထိုးဖောက်မသွားခဲ့ပေ။

တစ်ချိန်တည်းမှာပင်

ဝံပုလွေလက်သည်းများက

ယန်ယဲ့ရင်ဘတ်ကို ရိုက်ချလာသည်။

ဘမ်း…

ယန်ယဲ့ သည် လွင့်ထွက်သွားပြန်သည်။

ပိုင်ဇိုရှန် ဟာ ရပ်နေရာမှ

ဖျတ်ခနဲပျောက်သွားသည်။ ထို့နောက်

ဝံပုလွေ၏အပေါ်ဖက်ကနေ

ဧရာမလက်ကြီးတစ်ဖက်ပေါ်လာပြီး

ရိုက်ချလိုက်သည်။

အုန်း...

ကောင်းကင်ပျံသန်းခြင်းဝံပုလွေဟာ
ရှောင်တိမ်းနိုင်ခြင်းမရှိခဲ့ပေ။
ချက်ချင်းပင်
လွင့်ပျံထွက်သွားတော့သည်။

ဤအချိန်တွင် ကောင်းကင်ယံမှ
ဆေဘာစွမ်းအင်များ
ဆင်းသက်လာသည်။

ကောင်းကင်ပျံသန်းခြင်းဝံပုလွေ ဟာ

ယန်ယွဲ့ကို မော့ကြည့်လိုက်သည်။

၎င်း၏မျက်လုံးနှစ်လုံးမှ ဆိုးဆိုးရွားရွား

အလင်းတန်းတစ်ခု လင်းလက်လာပြီး

ရှေ့ခြေသည်းများကို

မြေပြင်သို့ပုတ်လိုက်သည်။

ဘုန်း...

ထိုခဏလေးမှာပဲ ဝံပုလွေက

ယန်ယဲ့ကိုခုန်အုပ်လိုက်ပါတော့သည်။

ဘမ်း…

ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ

အထက်ကောင်းကင်ယံ၌ ပြင်းထန်သော

စွမ်းအင်လှိုင်းလုံးကြီး

ထွက်ပေါ်လာသည်။ ၎င်း

ဖြတ်သန်းသွားသည့် နေရာတိုင်းတွင်

အရာအားလုံး ဖျက်ဆီးခံလိုက်ရသည်။
တစ်ချိန်တည်းမှာပင် ယန်ယဲ့နှင့်
ကောင်းကင်ပျံသန်းခြင်းဝံပုလွေဟာ
အသီးသီးလွင့်ထွက်လာကြသည်။

သို့သော် ယန်ယဲ့သည်
ရပ်တန့်လိုက်သည်နှင့် တပြိုင်နက်
ညာခြေကိုတစ်ချက်ဆောင့်ကာ
လေထဲသို့ခုန်တက်သွားသည်။

ဤအချိန်တွင်

အထက်ကောင်းကင်ယံသည်

ထူးထူးခြားခြားတိတ်ဆိတ်သွား၏။

ခဏကြာသွားပြီးနောက်တွင်

တိမ်တိုက်များကြားမှ

ရောမဆေဘာအလင်းတန်းကြီး

ဆင်းသက်လာပါတော့သည်။

အထီးကျန်ဘဝ...

ကောင်းကင်ပျံသန်းခြင်းဝံပုလွေဟာ

ဒေါသတကြီးအူသံ ပေးလျက် ခုန်ထကာ

ယန်ယဲ့၏တိုက်ခိုက်မှုအား

ထိပ်တိုက်ရင်ဆိုင်လေသည်။

ဘမ်း...

ဆောဘာစွမ်းအင်များ ဆင်းသက်လာပြီး

ကောင်းကင်ယံတွင် ကျယ်လောင်သော

ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာသည်။

ခဏအကြာတွင် ထိုနေရာမှ
နာကျင်စွာအော်သံ နှင့်အတူ
ကောင်းကင်ပျံသန်းခြင်းဝံပုလွေဟာ
ပြုတ်ကျလာခဲ့သည်။

ယန်ယဲ့ သည်လည်း
မြေပြင်ပေါ်ကိုပြန်ဆင်းလာခဲ့သည်။
သို့သော် ရပ်လိုက်သည်နှင့်တပြိုင်နက်
ပါးစပ်ထဲမှ သွေးများ
အန်ထုတ်လိုက်သည်။ ထို့အပြင်

သူ့တစ်ကိုယ်လုံး

အက်ရာများထပ်လာသည်။

ပိုင်ဇီရှန်က ယန်ယွဲ့၏ပုံစံကြောင့်

ထိတ်လန့်သွားပြီး သူ့လက်ကို

အမြန်ဆွဲကာ "သွားရအောင်"

သို့သော်လည်း ယန်ယွဲ့သည်

နေရာမှာပင်ရပ်နေ၏။ ထို့နောက်

ပိုင်ဇိရှန်ကိုတစ်ချက်စိုက်ကြည့်ရင်း အခြားတစ်ဖက်သို့ဆွဲခေါ်သွားသည်။

အူး....အူး...

ဤအချိန်တွင် ခပ်လှမ်းလှမ်းကနေ ဟိန်းဟောက်သံများ ပွဲတင်ထပ်ကာ ထိုနေရာမှ ပုံရိပ်တစ်ခု တရောသောပါးပြေးလာလေသည်။

အခြားမဟုတ်ပေ၊

ကောင်းကင်ပျံသန်းခြင်းဝံပုလွေသာဖြစ်

သည်။

ယန်ယဲ့နှင့်

ကောင်းကင်ပျံသန်းခြင်းဝံပုလွေ၏

တိုက်ပွဲဟာ ပတ်ဝန်းကျင်ရှိ

နတ်ဆိုးများကို

သတိပေးလိုက်သလိုဖြစ်သွားပုံပါ။

အချိန်အနည်းငယ်ကြာပြီးနောက်တွင်

အနက်ရောင်အရိပ်တစ်ခုဟာ

လျှပ်စီးတန်းအလား တောအုပ်ထဲမှ

ထွက်ပေါ်လာပြီး အဝေးသို့

ပျောက်ကွယ်သွားခဲ့သည်။

ကောင်းကင်ပျံသန်းခြင်းဝံပုလွေ က

ထွက်ပြေးနေတာဖြစ်သည်။

၎င်း၏နောက်တွင်
နတ်ဆိုးအများအပြားပြေးလိုက်သွားသ
ည်။ သို့သော်လည်း ၎င်းတို့၏အရှိန်က
ကောင်းကင်ပျံသန်းခြင်းဝံပုလွေကို
မယှဉ်နိုင်မှန်းသိသာလှသည်။
သိပ်မကြာခင်မှာ နတ်ဆိုးအုပ်စုဟာ
ကောင်းကင်ပျံသန်းခြင်းဝံပုလွေကို
မမြင်ရတော့ပေ။

တစ်ချိန်တည်းမှာပင် ယန်ယဲ့ သည်
ပိုင်ဇီရှန်၏လက်ကိုကိုင်ကာ
အကန့်အသတ်မဲ့တောင်တန်းထဲသို့
ဝင်သွားခဲ့သည်။

ယန်ယဲ့၏မသိစိတ်မရ
အန္တရာယ်မရှိသောလမ်းကြောင်းအတိုင်း
ပြေးလွှားနေခြင်းပါ။

ထို့ကြောင့် သိပ်မကြာလိုက်ဘဲ

နှစ်ယောက်သား

လမ်းပျောက်လာတော့သည်။ ယန်ယဲ့က

ဂရုမစိုက်သော်လည်း

ပိုင်ဇီရှန်၏မျက်နှာလေးဟာ

တဖြည်းဖြည်း လေးနက်လာသည်။

ဤအတောအတွင်း ယန်ယဲ့သည်

ပိုင်ဇီရှန်ကို ဆွဲခေါ်ကာ

ခပ်လှမ်းလှမ်းဆီသို့

ဆက်သွားလိုက်သည်။ ခဏအကြာတွင် ရုတ်တရက် ရပ်လိုက်ပြီးနောက် အခြားတစ်ဖက်သို့ ဆွဲခေါ်သွားသည်။

ထိုအခါ ပိုင်ဇီရှန် လည်း ယန်ယွဲ့က အလွန်အစွမ်းထက်သော နတ်ဆိုးတစ်ကောင်ကို အာရုံခံမိလိုက်မှန်း သိလိုက်သည်။

ယန်ယဲ့၏အသိစိတ်က

သာမန်အခြေအနေမဟုတ်သော်လည်း

သူသည် လူမိုက်မဟုတ်ပေ။ သူသည်

တစ်စုံတစ်ခုနှင့် မယှဉ်နိုင်ဟု ခံစားရပါက

ဆက်ပြီးရင်ဆိုင်နေမည်မဟုတ်ပါ။။

ဥပမာအားဖြင့် ရွာအဝင်ဝမှ

ကလေးမျက်နှာအဘိုးကြီးနှင့်

ပိုင်ဇိရှန်၏ဆရာ အန်တီယန်

တို့ကသက်သေပင်။ထို့အပြင် သူက

ဝမ်အရှူးမလေး၏အဖိုးဖြစ်သူကို
လုံးလုံးပြသနာရှာရဲမည်မဟုတ်ပေ။

ဤအချိန်တွင် ယန်ယဲ့သည်
ဓားနယ်မြေကို အသက်သွင်းထားသဖြင့်
သူတို့နှစ်ယောက်၏ အော်ရာများက
ပျံထွက်မသွားတော့ပေ။ သူ၏
လက်ရှိဓားနယ်မြေစွမ်းအားဟာ
ယခင်ကကဲ့သို့ မဟုတ်တော့ပါ။ ၎င်း၏
ဖုံးကွယ်နိုင်စွမ်းက မူလကမ္ဘာအဆင့်

နတ်ဆိုးများပင်လျှင်

အာရုံခံနိုင်မှာမဟုတ်ချေ။

နှစ်ယောက်စလုံးဟာ

ဆန်းကြယ်ချီစွမ်းအင်ကို

မသုံးသရွေ့တော့ ပုံမှန်အတိုင်းပင်

ဆက်သွားနိုင်ပါသည်။

ဤအတိုင်းပင်၊ နှစ်ယောက်သား

လက်ချင်းချိတ်ကာ

ရှေ့ဆက်သွားနေကြသည်။

အချိန်တော်တော်ကြာပြီးနောက်
ယန်ယွဲ့သည် ရုတ်တရက်
ရပ်တန့်သွားသည်။ သူတို့ရှေ့တွင်
အလောင်းတစ်လောင်းရှိနေခဲ့သည်။
အလောင်းက တောင်ကုန်းတစ်ခုကဲ့သို့
ကြီးမားလှသည်။ သေချာသည်မှာ
မူလနတ်ဆိုးတစ်ကောင်၏
အလောင်းဖြစ်နိုင်ပါသည်။

သို့သော် အလောင်းက

ဦးခေါင်းပိုင်းမရှိတော့ပေ။

လည်ပင်းကနေ လှီးဖြတ်ခံထားရသည်။

ဖြတ်တောက်ထားသည့်နေရာမှာ

မှန်ကဲ့သို့ ချောမွေ့နေသဖြင့်

ချွန်ထက်သောလက်နက်ဖြင့်

လှီးဖြတ်ထားပုံရသည်။

ထို့အပြင် အလောင်းကို

ပေါင်းပင်များဖြင့် ဖုံးအုပ်ထားပြီး

၎င်း၏အောက်တစ်ခြမ်းကို

မြေကြီးအောက်တွင် တစ်စိတ်တစ်ပိုင်း

မြှုပ်နှံထားသည်။ ထို့ကြောင့်

အလောင်းက သေဆုံးခဲ့သည်မှာ

အချိန်တော်တော်ကြာလောက်ပေသည်။

ထို့နောက် နှစ်ယောက်သား

သတိအပြည့်ဖြင့် လမ်းလျှောက်လာရင်း

မျက်လုံးထဲ၌ ထိတ်လန့်မှုများ

တဖြည်းဖြည်းပေါ်လာကြသည်။

ရှေ့လမ်းတစ်လျှောက်

အလောင်းများအပြည့်ဖြစ်နေလို့ပါ။

နတ်ဆိုးအလောင်းများအပြင်

လူသေအလောင်းများပါရှိခဲ့သည်။

လူသေတွေ အများကြီးပဲ။

ထူးထူးခြားခြား ပုံသဏ္ဍာန်ရှိသော သတ္တဝါအချို့၏အလောင်းများပင် ရှိသေးသည်။ ထို့အပြင် မြေပြင်ပေါ်မှာ ပြန့်ကျဲနေသော ထာဝရရတနာအများအပြားလည်းရှိနေခဲ့ သည်။

ထာဝရရတနာများဟာ မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် ကဲ့သို့

သဘာဝနတ်ရတနာထက်
အနည်းငယ်သာနိမ့်ကျသော
ရှေးဟောင်းပစ္စည်းများဖြစ်သည်။

ထာဝရနယ်စပ်ရှိ ထာဝရလက်နက်
အများစုသည် ထာဝရစကြဝဠာမှ
ဆင်းသက်လာသဖြင့်
ထာဝရရတနာများဟု ခေါ်ဆိုကြသည်။
ယန်ယဲ့၏ နတ်ရတနာများထက်
အဆင့်နိမ့်သော်လည်း

ထာဝရလက်နက်များဟာ
ရှားပါးရတနာများဖြစ်နေသေး၏။

ဤနေရာတွင်တော့ ထာဝရရတနာများ
မရေမတွက်နိုင်အောင်ပင်
ရှိနေခဲ့လေသည်။

မြေပြင်ကို တစ်ချက်ငုံ့ကြည့်ရုံဖြင့်
ဒါဇင်ချီသော ထာဝရရတနာများကို
မြင်ရပေမည်။

ပိုင်ဇီရှန်ဟာ ဤအခြေအနေကြောင့်

လုံးဝကို အံ့အားသင့်နေခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့သည်

ခါးကိုကိုင်းပြီး

သူ့ခြေထောက်နားက

ထာဝရရတနာတစ်ခုကို

ကောက်ယူလိုက်သည်။ ထို့နောက်

ဒုတိယ၊ တတိယ...

တစ်ခုပြီးတစ်ခုကောက်ယူပါတော့သည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၈၇ - နှလုံးခုန်သံ

ယန်ယဲ့ သည် ပိုင်ဇိုရှန်ကိုပင်

ဂရုမစိုက်အားဘဲ မြေကြီးပေါ်မှာ

ပြန့်ကျဲနေသော ထာဝရရတနာများကို

ကောက်ယူပါတော့သည်။

ပိုင်ဇိုရှန် က ဤမြင်ကွင်းကို ကြည့်နေရင်း

မျက်နှာပေါ်တွင်

ထူးဆန်းသောအမူအရာတစ်ခု

ပေါ်လာသည်။

ကလေးမျက်နှာအဘိုးကြီး
ပြောခဲ့သည့်အတိုင်း ယန်ယဲ့ဟာ
အရှုံးမဖြစ်နိုင်ဟုပင်ထင်နေမိသည်။

အရှုံးတစ်ယောက်ဟာ ဤကဲ့သို့
ရတနာများကို ကောက်ယူမည်လား။

ပိုင်ဇီရှန် က ယန်ယဲ့အနားကို
လျှောက်သွားသည်။ ဒီအချိန်မှာ
ယန်ယဲ့၏လက်က

ပိုင်ဇိုရှန်၏ခါးကိုဆွဲဖက်လိုက်သည်။

သူမ၏မျက်နှာလေးက

ချက်ချင်းပင်နီရဲသွားသည်။ သို့သော်

သူမက ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး

"အရင်ထွက်သွားရအောင်"

ဤနေရာမှာ ရှိနေစဉ်

မကောင်းသောခံစားချက်များ ရနေ၏။

ယန်ယဲ့ သည် ပိုင်ဇီရှန်၏လက်ကိုဆွဲကာ ရှေ့သို့ဆက်သွားလိုက်သည်။ လမ်းလျှောက်လာရင်းနှင့် ပိုင်ဇီရှန်၏မျက်နှာသည် တဖြည်းဖြည်း ကြည်လာခဲ့သည်။

ဤအချိန်မှာတော့ အလောင်းများ နည်းပါးလာသည်။ သို့သော်လည်း သူတို့ပတ်ဝန်းကျင်မှာ ထူးဆန်းတဲ့အရာတွေ ရှိနေခဲ့၏။

ဥပမာအားဖြင့် ၃ ကီလိုမီတာနီးပါး

ကျယ်ပြန့်သော ဧရာမခြေရာကြီးတစ်ခု။

ခြေရာတစ်ခုလို ထင်ရသော်လည်း

ချောက်နက်ကြီးနှင့် ပိုတူသည်။

ဤနေရာတစ်ခုလုံးသည်လည်း

ပျက်သုဉ်းသွားသကဲ့သို့

မကောင်းသောအငွေ့အသက်များပြည့်နှ

က်နေခဲ့သည်။

မည်သို့သော နေရာဖြစ်ကြောင်းတော့

မသိနိုင်ပေ။

ထို့အပြင် အမည်မသိ

နတ်ဆိုးသားရဲကြီးတစ်ကောင်၏

ကျောက်ရုပ်ထည်းရှိနေသေးသည်။

ကျောက်ရုပ်ထု၏ခြေထောက်တစ်ဖက်

က ပြတ်တောက်နေပြီး မြေပြင်ပေါ်တွင်

လဲကျနေသည်။ နှစ်ယောက်သား

ကျောက်ရုပ်ထုအနီးသို့

လျှောက်သွားကြသည်။ သို့သော်လည်း

မီတာ ၃၀၀ အကွာသို့

ရောက်လာပြီးနောက်

ရှေ့ဆက်မသွားနိုင်ကြတော့ပေ။

မမြင်နိုင်သော အတားအဆီးတစ်ခုက

သူတို့ရှေ့တွင် ပိတ်ဆို့ထားပုံရသည်။

ရှေ့ဆက်သွားမည့် လမ်းကြောင်းအား

ဟန့်တားထား၏။ သို့သော် အတိအကျ

ဖော်ထုတ်နိုင်ခြင်း မရှိခဲ့ပါ။

သူတို့ကိုယ်သူတို့ ပုရွက်ဆိတ်လိုပင်
ခံစားလိုက်ရသည်။

ထာဝရစကြာဝဠာကြီး
ဘယ်လောက်ကျယ်သလဲ။

အကန့်အသတ်မရှိခဲ့ပေ။
လူသားများကစူးစမ်းလေလေ
ပိုပြီးသိမ်ငယ်လာရလေလေဖြစ်သည်။

ရှေ့ကို ဆက်လျှောက်နေရင်း နောက်ထပ်
၁၅ မိနစ်လောက်အကြာတွင်
ဒူးတစ်ဖက်ထောက်ထားသော
သက်လတ်ပိုင်းအမျိုးသားတစ်ဦးကို
တွေ့လိုက်ရသည်။ သူ့ရှေ့နားတွင်တော့
နတ်ဆိုးလက်တစ်ဖက်ရှိနေသည်။

သက်လတ်ပိုင်းအမျိုးသားက
မျက်လုံးများ ကို မှိတ်ထားကာ သူ့ထံမှ

အသက်ပြန်ရှင်လာမည့် အရိပ်အယောင်

မတွေ့ရပေ။

သေချာသည်မှာ ထိုလူက

သေဆုံးသည်မှာ ကြာပြီဖြစ်သည်။

ယန်ယဲ့နှင့် ပိုင်ဇိရှန် တို့ဟာ

သက်လတ်ပိုင်းအမျိုးသား ရှေ့ကို

လျှောက်သွားကြသည်။ သူ့ဝမ်းဗိုက်တွင်

အပေါက်ကြီးတစ်ခုရှိနေသည်။

အတွင်းထဲက ဗလာကျင်းနေသည်။

သူ့ရှေ့ရှိ နတ်ဆိုးလက်ပြတ်ထဲ၌

ပစ္စည်းများကို ကိုင်ဆောင်ထားသည်။

ကိုယ်တွင်းအင်္ဂါများပင်ဖြစ်သည်။

သေချာပါသည်။

သက်လတ်ပိုင်းအမျိုးသား၏ကိုယ်တွင်း

အင်္ဂါများ ဖြစ်သည် ။

ပိုင်ဇီရှန်က

နတ်ဆိုးလက်ထဲမှာကိုင်ထားသော

ကိုယ်တွင်းအင်္ဂါများကို

တစ်ချက်ကြည့်လိုက်ရာ

နှလုံးခုန်နေသေးသည်ကိုသတိထားမိလို

က်သည်။

ဤမြင်ကွင်းကြောင့် သူမ၏အမူအရာက

ချက်ချင်းပြောင်းလဲသွားကာ ယန်ယဲ့ကို

အမြန်ဆွဲခေါ်လိုက်သည်။

ပိုင်ဇိရှန် က ချက်ချင်း

မျက်မှောင်ကြုတ်ကာ "ဒီနေရာက

ဘာလဲ"

ဤအချိန်တွင် ယန်ယဲ့က ပိုင်ဇိရှန်ကို

ဘယ်ဖက်သို့ဆွဲခေါ်လိုက်ပြီး

အချိန်အတော်ကြာအောင်

လမ်းလျှောက်ပြီးနောက် ရပ်လိုက်သည်။

သူတို့ရှေ့ မလှမ်းမကမ်း၌

နတ်ဆိုးတစ်ကောင်၏အလောင်းတစ်

လောင်းရှိနေသည်။ ၎င်းက

ကျားတစ်ကောင်၏ အတောင်ပံနှင့်

ထူးထူးခြားခြားပင်

ခြေထောက်ခုနစ်ချောင်းပါရှိသည်။

ဤအချိန်တွင် နတ်ဆိုးအလောင်းက

အသက်ရှင်နေသည့်

အရိပ်အယောင်မရှိဘဲ မြေပြင်ပေါ်တွင်

ငြိမ်သက်စွာ လဲလျောင်းနေခဲ့သည်။

၎င်း၏ဦးခေါင်းထိပ်ပိုင်း၌

ဆံထုံးတစ်ချောင်းစိုက်ဝင်နေသည်။

နှလုံးသားနေရာတွင်လည်း

ဓားတစ်ချောင်းဖြင့်

ထိုးစိုက်ထားသည်။

ဓားနှစ်ချောင်းလုံးက မတူကြပေ။

နတ်ဆိုး၏ခေါင်းကို ထိုးဖောက်ထားသော

ဓားရှည်က

သွေးများဖြင့်ဖန်တီးထားသကဲ့သို့

နီရဲနေသည်။ ထို့အပြင်

ဓားသွားမရှိသည့်အလား

အသွားဖက်ကတုံးတိကြီးဖြစ်သည်။

သို့သော်လည်း ဓားကိုယ်ထည်က

ပုစဉ်းရင်ကွဲ အတောင်များကဲ့သို့

အလွန်ပါးလွှသည်။

ဓားကိုယ်ထည်ပေါ်တွင် "屠" နှင့် "戮"

ဟူသော စာလုံးနှစ်လုံးကိုရေးထိုးထား၏။

၎င်းသည် သတ်ဖြတ်ခြင်းနှင့်

သတ်ဖြတ်ခြင်းလမ်းစဉ်ကို

ကိုယ်စားပြုသည်။

နတ်ဆိုး၏နှလုံးသားအား

ထိုးစိုက်ထားသော ဓားက

ခေါင်းကိုဖောက်ဝင်နေသော

ဓားနှင့် လုံးဝမတူပေ။

ဓားကိုယ်ထည်က အတော်

လေးသေးငယ်လှသည်။ သို့သော်လည်း

အနည်းငယ်ပိုရှည်၏။ ဓားက ၁

မီတာခွဲနီးပါးရှည်လျား

ပြီး အလွန်ပါးလွှာသည်။

ဓားသွားတစ်ခုလုံးဟာ သင်တုန်းဓားကဲ့သို့

ပါးလွှာပြီး အလွန်ထူးဆန်းလွန်းလှသည်။

ရံဖန်ရံခါ ဓားကိုယ်ထည်ကိုပင်

မမြင်နိုင်ပေ။ ထို့ကြောင့်

တိုက်ခိုက်ချိန်တွင် တစ်စုံတစ်ယောက်၏

ခေါင်းကို

အချိန်မရွေးဖြတ်တောက်ပစ်နိုင်သည့်အ

လား ထင်ရသည့် အငွေ့အသက်များ

ထွက်လာသည်။

"ထူးဆန်းသော ဓားနှစ်လက် ..."

ဤအချိန်တွင် ယန်ယဲ့ သည် နတ်ဆိုးအလောင်းကောင် ဆီသို့ လျှောက်သွားခဲ့သည်။

ပိုင်ဇီရှန် က အနည်းငယ် မျက်မှောင်ကြုတ်သွားသည်။ ယန်ယဲ့ကို တားရန်ပြင်လိုက်ပြီးမှ တစ်ခုခုကိုတွေးမိသည့်အလား "သတိထားပါ" ဟုသာပြောလိုက်၏။

ဓားနှစ်လက်က သာမန်မဟုတ်ပေ။

ယန်ယဲ့ သာ ယူနိုင်ပါက သူ့အတွက်

လုံးဝကိုအဆင်ပြေပါပြီ။

သို့သော်လည်း ပိုင်ဇီရှန်ဟာ သူ့ကို

အတော်လေး စိုးရိမ်နေသဖြင့်

ချက်ချင်းပင်

နောက်ကနေလိုက်လာခဲ့သည်။

ထိုကဲ့သို့ပင် နှစ်ယောက်သား

နတ်ဆိုးအလောင်းဆီသို့ ဖြည်းညှင်းစွာ

လျှောက်သွားကြသည်။ ယန်ယဲ့က

ပိုင်ဇီရှန်ကိုတစ်ချက်ကြည့်လိုက်ပြီး

ရှေ့ကိုခုန်ထွက်ကာ

နတ်ဆိုးခေါင်း၌စိုက်ဝင်နေသော

သွေးဓားကို ဆွဲနှုတ်လိုက်သည်။

သို့သော်လည်း

ချက်ချင်းမျက်မှောင်ကြုတ်လိုက်သည်။

သူသည် ဓားကိုဆွဲမနှုတ်နိုင်လို့ပါ။

အားအပြည့်ထည့်ပြီး

ဆွဲထုတ်လိုက်သော်လည်း

အနည်းငယ်ပင်ကြွတက်မလာပေ။

ခဏအကြာတွင် သူ၏ခါးမှ

ဆေဘာကိုဖြုတ်ယူလိုက်ပြီး

ပိုင်းချလိုက်တော့သည်။

ပိုင်ဇီရှန်က ထိတ်လန့်သွားသည်။

ယန်ယွဲ့ကို တားရန်ပြင်လိုက်သော်လည်း

နောက်ကျသွား၏။ ယန်ယွဲ့၏ဆေဘာက

သွေးစားကို

ပိုင်းချသွားသည်။

ဖြောင်း...

ကျိုးပဲ့သံများ ထွက်လာသည်။

ပိုင်ဇိရှန်၏ မျက်လုံးများက
ပြူးကျယ်လာသည်။
ယန်ယဲ့၏ဆောဘာက
အစိတ်စိတ်အမြွှာမြွှာကွဲထွက်သွားသည်မ
ဟုတ်ပါလား။

“မဖြစ်နိုင်ပါဘူး…”
အချိန်တော်တော်ကြာထိတ်လန့်နေပြီးမှ
ရုတ်တရက် ပြောလိုက်၏။

ယန်ယဲ့၏ဆေဘာက

သာမန်စားတစ်လက်မဟုတ်ပေ။

မူလကမ္ဘာအဆင့်

ကောင်းကင်ပျံသန်းခြင်းဝံပုလွေကိုပင်

ထိပ်တိုက်ရင်ဆိုင်နိုင်၏။ လက်ရှိမှာတော့

တစ်စစီကွဲကြေသွားလေပြီ။

ယန်ယဲ့ သည်လည်း

အံ့အားသင့်သွားသည်။ သူက ပိုင်ဇီရှန် ကို

ချက်ချင်းလှည့်ကြည့်လိုက်၏။ သို့သော်

သူမက မျက်လုံးပြူးကြည့်ပြီး “ဘာလို့

ငါ့ကိုကြည့်နေတာလဲ။ ကိုယ့်

ဘာသာကိုယ် အဖြေရှာကြည့်..."

ယန်ယဲ့က သူ့လက်ဝါးကိုဖြန့်လိုက်ရာ

အနက်ရောင်ဓားတစ်ချောင်း

ပေါ်လာသည်။

သေလွန်သူဝိညာဉ်များဖြင့်

ဖန်တီးထားသော ဓား ။

ပိုင်ဇိရှန်၏အမူအရာက ချက်ချင်း

ပြောင်းသွားသည်။ ယန်ယဲ့ကို

အမြန်ဆွဲလိုက်ပြီး သူ့ကို စိုက်ကြည့်ကာ

“နင် ဒီလောက် သည်းမခံနိုင်ဘူးလား။

နင်...”

ဤအချိန်တွင်

ယန်ယဲ့၏အနက်ရောင်ဓားက

သေလွန်သူဝိညာဉ်များအဖြစ်ပြောင်းလဲ

ကာ သွေးဆားထဲကို တိုးဝင်သွားသည်။

ဤမြင်ကွင်းကြောင့် နှစ်ယောက်လုံး

အံ့သြသွားသည်။

သေလွန်သူဝိညာဉ်များဟာ

သွေးဆားထဲသို့

အဆက်မပြတ်တိုးဝင်သွားပြီး ဆားဟာ

တဖြည်းဖြည်း တုန်ခါလာသည်။

အချိန်အနည်းငယ်ကြာပြီးနောက်

သွေးနီရောင်အလင်းတန်းသဖွယ်

ပြောင်းသွားကာ

ကောင်းကင်ထက်သို့

လွင့်မျောသွားသည်။ ထို့နောက်

ယန်ယွဲ့၏လက်ထဲသို့

ပြန်ရောက်လာသည်။

ဓားလက်ကိုင်ရိုးနားမှာ

အနီတစ်ဝက်အနက်တစ်ဝက်ပုလဲတစ်လုံး မြှုပ်ထားလေသည်။

ပိုင်ဇီရှန် က ပုလဲလုံးကို ကြည့်ပြီး မျက်မှောင်ကြုတ်ကာ "ဒါက ဘယ်လိုဖြစ်ရတာလဲ။ ဒီဓားက ကိုယ်ပိုင်ဓားဝိညာဉ်မရှိဘူးလား။ ဒါမှ မဟုတ် ဓားဝိညာဉ်က ပျောက်ကွယ်သွားလို့

သေလွန်သူဝိညာဉ်တွေက

အစားထိုးဝင်သွားတာများလား"

ယန်ယဲ့ကတော့ သိပ်ပြီးမစဉ်းစားပေ။

သွေးဓားကို ညာလက်ဖြင့်

ဆုပ်ကိုင်လိုက်သည်။ သို့သော်လည်း

ဓားက ချက်ချင်းပင် လွတ်ကျပြီး

နတ်ဆိုးခေါင်းပေါ်သို့

ပြုတ်ကျသွားသည်။

ဘယ်လိုတောင် လေးလံနေတဲ့

သွေးဆားလဲ

ယန်ယဲ့က ခါးကိုမတ်မတ်ထားကာ

သွေးဆားကိုလက်နှစ်ဖက်ဖြင့်

တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

တစ်ချိန်တည်းမှာပင်

သေလွန်သူဝိညာဉ်များက

သူ့လက်နှစ်ဖက်ကို ဖုံးလွှမ်းကာ

ဓားသွားကို တဖြည်းဖြည်း
မြှောက်လိုက်သည်။

ဤအချိန်တွင် ယန်ယွဲ့၏ဒူးနှစ်ဖက်က
အနည်းငယ်ကွေးညွတ်နေကာ
လက်မောင်းနှစ်ဖက်ရှိ သွေးကြောများ
ထောင်ထလာသည်။ သူ့လက်ထဲမှ
သွေးဓားက လုံးဝကို လေးလံနေပါသည်။
နောက်ဆုံးတွင် သွေးဓားကို

မလိုက်နိုင်သော်လည်း

အားကုန်လုနီးပါးဖြစ်ခဲ့သည်။

ပိုင်ဇီရှန်ဟာ ဤမြင်ကွင်းကြောင့်

အလွန်တုန်လှုပ်သွားသည်။

ယန်ယဲ့၏ခန္ဓာကိုယ်က မူလတာအိုအဆင့်

မှာရှိနေတာပါ။

ထို့အပြင် သူ၏လက်နှစ်ဖက်ကလည်း

တောင်တန်းရွှေ့လျားခြင်းအဆင့်မှာရှိနေ

ခဲ့သည်။ တစ်နည်းအားဖြင့်တော့

သူ၏လက်နှစ်ဖက်က

ဟင်းလင်းပြင်နတ်ဘုရားအဆင့်

အချို့နှင့် ယှဉ်နိုင်ပါသည်။ သို့သော်

သူသည် သွေးဓားကို

ခက်ခက်ခဲခဲမနေရသည်။

အချိန်တော်တော်ကြာပြီးနောက်

သွေးဓားက

သွေးနီရောင်အလင်းတန်းအဖြစ်

ရုတ်တရက်ပြောင်းလဲကာ

ယန်ယဲ့၏လက်ဝါးအလယ်သို့

ဝင်ရောက်သွားခဲ့သည်။ ထို့နောက်

သူ့လက်ဝါးအလယ်မှာ

အနက်ရောင်တစ်ဝက် အနီရောင်တစ်ဝက်

ဓားအမှတ်အသားလေးတစ်ခု

ပေါ်လာသည်။

ခဏအကြာတွင် ယန်ယဲ့က

နတ်ဆိုးအလောင်း၏ ဝမ်းဗိုက်ဆီသို့

လျှောက်သွားလိုက်သည်။

နတ်ဆိုးနှလုံးသားနေရာမှာ

စိုက်ဝင်နေသောဓားကို ဆွဲမနှုတ်ခင်

ခဏလောက်စိုက်ကြည့်နေသည်။ ၎င်းက

သွေးဓားနှင့် ယှဥ်ပါက

အတော်လေးထူးခြားလှသည်။

ဓားတစ်ချောင်းလုံးဟာ

သလင်းကျောက်ကဲ့သို့

အဖြူရောင်ဖြစ်ကာ

သန့်စင်သောအငွေ့အသက်များ

ပျံ့လွင့်နေသည်။ ထိုအပြင် ဓားက

ပုစဉ်းရင်ကွဲတောင်ပံကဲ့သို့ ပါးလွှာပြီး

အလွန်ပေါ့ပါးသည်။

ယန်ယဲ့က သူ့လက်ကို ဆန့်ထုတ်လိုက်ပြီး

အဖြူရောင်ဓားကိုဆွဲနှုတ်လိုက်သည်။

ဆူး…

ဓားက သူ့လက်ထဲမှာပါလာသော်လည်း

ပြင်းထန်စွာတုန်ခါနေ၏။

သချာသည်မှာ ယန်ယဲ့၏လက်ထဲမှ

ရုန်းကန်နေတာဖြစ်သည်။ ယန်ယဲ့သည်

အနည်းငယ်မျက်မှောင်ကြုတ်လိုက်သည်

။ ထို့နောက်

သူ၏ဆန်းကြယ်ချီစွမ်းအင်ကို

ထုတ်ဖော်ပြီး အဖြူရောင်ဓားထဲသို့

ပို့လွှတ်လိုက်သည်။ ခဏအကြာတွင် ဓားကတဖြည်းဖြည်းငြိမ်သက်သွားတော့သည်။

"ဘာလဲ..." ပိုင်ဇီရှန် က တော်တော်လေး အံ့သြသွားပုံပါ။ အဖြူရောင်ဓားက ပြင်းထန်စွာရုန်းကန်နေသော်လည်း ယန်ယွဲ့၏မူလစွမ်းအင်

နှင့်ထိတွေ့ပြီးချက်ချင်းပင်ငြိမ်သက်သွား

တော့သည်။

ပိုင်ဇိရှန်က "ဒါက မူလဆောဘာဂိုဏ်းနဲ့

ဆက်စပ်နေသလား"

ဤအချိန်တွင် ယန်ယဲ့က

အဖြူရောင်ဓားကို ညင်သာစွာ

ဝှေ့ယမ်းလိုက်သည်။

ဆူး…

ဓားသွားစွမ်းအင်များ

တလက်လက်တောက်ပလာသည်။

ဖြတ်သန်းသွားသည့် နေရာတိုင်းတွင်

အာကာသသည် ရေကဲ့သို့

လှိုင်းထလာသည်။

နှင်းဖြူရောင်ဓားစွမ်းအင်ဟာ ၁

ကီလိုမီတာအကွာရှိ မြေပြင်ကို

အက်ကြောင်းကြီးအဖြစ်ပိုင်းဖြတ်သွားသ
ည်။

"ဘယ်လို ဓားတစ်လက်လဲ..."
ပိုင်ဇီရှန်၏မျက်လုံးထဲမှာ
ယန်ယွဲ့အတွက်ပျော်ရွှင်နေခဲ့သည်။
သွေးဓား၏စွမ်းအားကိုမသိနိုင်သော်လ
ည်း ယန်ယွဲ့ကိုင်ထားသော
နှင်းဖြူရောင်ဓားက
လုံး၀ကိုကြောက်စရာပင်။

ထို့နောက် သူမက တစ်ခုခုကို

တွေးမိသည့်အလား ယန်ယဲ့၏လက်ထဲမှ

နှင်းဖြူရောင်ဓားကို ယူကာ သူ့ခါးတွင်

ရစ်ပတ်ပေးလိုက်သည်။

လုံးဝကို လိုက်ဖက်ပါသည်။

ယန်ယဲ့၏ခါးမှာ

ကျောက်စိမ်းခါးပတ်တစ်ခု

ပတ်ထားသလိုပင်ဖြစ်သည်။

သို့သော်သေချာမကြည့်ရင်တော့

လုံးဝမမြင်နိုင်ပေ။

ပိုင်ဇီရှန်က ပြုံးပြီး ယန်ယဲ့ကို

စိုက်ကြည့်ရင်း "သွားရအောင်"

ယန်ယဲ့က ပိုင်ဇီရှန်၏လက်ကိုဆွဲကာ

အလောင်းကို ခုန်ကျော်လိုက်ပြီး ရှေ့သို့

ဆက်သွားခဲ့သည်။

သိပ်မကြာလိုက်ပေ၊ နှစ်ယောက်သား
အဝေးကို ပျောက်ကွယ်သွားကြသည်။
သူတို့ထွက်သွားပြီး မကြာခင်မှာပဲ
နတ်ဆိုးအလောင်းပေါ်၌
ပုံရိပ်တစ်ခုပေါ်လာသည်။

“ဟီးဟီး…” ပုံရိပ်ထံမှ ရယ်မောသံများ
ရုတ်တရက်ထွက်ပေါ်လာသည်

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၆၈၈ - ငရဲဘုံကိုးခုကောရာဇ်

ကျတ်တီးခေါင်မြေပြန့်ကြီး...

ဤအချိန်တွင် ယန်ယွဲ့နှင့်

ပိုင်ဇီရှန်တို့နှစ်ယောက်ဟာ

ရှေ့ဆက်မသွားသေးဘဲ ရပ်နေကြသည်။
သူတို့ရှေ့တွင် အဆုံးအစမဲ့သော
ကျတ်တီးခေါင်မြေပြန့်ကြီး ရှိနေခဲ့သည်။
ဘာလမ်းကြောင်းကိုမှ မမြင်နိုင်ပေ။

ပိုင်ဇိရှန်ဟာ ပတ်ဝန်းကျင်ကို တစ်ချက်
ချက်ပြီးနောက် သူမ၏မျက်လုံးထဲမှ
လေးနက်သောအမူအရာတစ်ခု

ပေါ်လာသည်။ သူတို့ရှေ့ရှိ

မြို့နေသောမြေပြင်ဟာ

သဘာဝအတိုင်း ဖန်တီးထားခြင်း

ဟုတ်ပုံမရပေ။ မြေပြင်အောက်ကနေ

အမျိုးအမည်မသိနိုင်သောစွမ်းအင်တစ်ခု

ရွေ့လျားနေခဲ့သည်။

စွမ်းအင်အတက်အကျတွေ...

အတိုင်းအဆမဲ့ ကျယ်ဝန်းသော
လွင်ပြင်ကျယ်ကြီးကို
ကျတ်တီးခေါင်မြေပြန့်ကြီး အဖြစ်
ပြောင်းလဲလိုက်သော်လည်း
ဤနေရာတွင် စွမ်းအင်များ
ကျန်ရှိနေဆဲပင်။

ဒီနေရာက ဘယ်လိုနေရာလဲ ။

အရင်တုန်းက ဒီမှာ ဘာတွေဖြစ်ခဲ့တာလဲ။

ပိုင်ဇီရှန်၏နှလုံးသားထဲမှာ

မေးခွန်းများစွာပြည့်နှက်နေခဲ့သည်။

သို့သော် အဖြေမရှိပေ။

ထို့နောက်တွင် နှစ်ယောက်သား

ရှေ့ဆက်သွားကြသည်။ သို့သော်လည်း

မြို့နေသောရေယာကို

ကျွေပတ်၍ရှေ့သို့ဆက်လျှောက်သွားခဲ့သ
ည်။

ဤအခိုက်အတန့်တွင်
ပတ်ဝန်းကျင်သည်လုံးဝတိတ်ဆိတ်နေခဲ့
သည်။

ထာဝရကျေးရှာ .။..

"ပြန်မလာကြသေးဘူးလား"

သားသတ်သမားက ရွာအဝင်ဝရှိ

ကလေးမျက်နှာအဘိုးကြီးကို

စိုက်ကြည့်နေရင်း မျက်နှာတစ်ပြင်လုံး

သုန်မှုန်နေခဲ့သည်။ သူသည်

မူလတိုက်တန်ကို ဖြေရှင်းပြီးပြီးချင်း

တန်းပြီးပြန်လာတာပါ။ သို့သော်လည်း

ယန်ယွဲ့နှင့် အန်နန်ကျင်း

တို့နှစ်ယောက်ဟာ

ရွာကိုပြန်မရောက်ကြသေးပေ။

ကလေးမျက်နှာအဘိုးကြီး၏နံဘေးမှာ

တော့ အန်တီယန် ရပ်နေသည်။

ကလေးမျက်နှာအဘိုးကြီးက

“ဒီကလေးတွေက

အနောက်တောင်တန်းရဲ့ အနက်ပိုင်းထဲကို

ဝင်သွားပြီ” ဟု လေးနက်စွာပြောခဲ့သည်။

သားသတ်သမား၏မူအရာက

အနည်းငယ်ပြောင်းလဲသွားပြီး

ရွာအနောက်ဖက်တောင်တန်းများဆီသို့

လျှောက်သွားလိုက်သည်။

အန်တီယန် က ရုတ်တရက်

လှမ်းမေးလိုက်သည် "ဘယ်သွားမလို့လဲ"

သားသတ်သမားက

"ဒီကလေးနှစ်ယောက်ကို ရှာဖို့

အနောက်ဖက်တောင်တန်းထဲကို

ငါဝင်ရမယ်"

အန်တီယန် က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

"အပြင်ဖက်နယ်မြေမှာ ရှိနေရင်

ပြဿနာမဖြစ်ပါဘူး။ ဒါပေမဲ့ နင်က

အတွင်းပိုင်းနယ်မြေကို ဝင်သွားခဲ့ရင်

အဲဒီအရာက နှင့်ကိုတိုက်ခိုက်မှာ

သေချာတယ်"

သားသတ်သမား က "ဒါဆို ငါတို့ ဘာမှ

မလုပ်နိုင်တော့ဘူးလား"

အန်တီယန် က ခဏမျှ

လေးလေးနက်နက်စဉ်းစားလိုက်ပြီး

“အဲဒီကံကြမ္မာဖတ်တဲ့

အရူးအိုကြီးဆီသွားပြီး သူ့အကူအညီကို

ရှာလိုက်။ ငါက တောင်ပေါ်မှာရှိတဲ့

နတ်ဆိုးအချို့ကို သွားမေးလိုက်မယ်"

ထိုစကားပြောပြီးသည်နှင့် နေရာတွင်ပင်

ပျောက်ကွယ်သွားသည်။

သားသတ်သမားက ရွာတောင်ပိုင်းရှိ

ဝါးအိမ်ဆီသို့သွားခဲ့သည်။

ဝါးအိမ်ရှေ့တွင်

ဝမ်အရှုးမလေး၏အဖိုးက

သားရဲ့အရိုးများနှင့်အလုပ်ရှုပ်နေပါသည်

။

သားသတ်သမား က သူ့ဆီ လှမ်းလာပြီး

“သူနဲ့ ဒီကောင်မလေး နှစ်ယောက်စလုံး

အနောက်ဖက် တောင်တန်းတွေထဲကို

ဝင်သွားတာ

ဖြစ်နိုင်တယ်”ဟုပြောလိုက်၏။

သို့သော် ဝမ်အရှုးမလေး၏အဖိုးက လစ်လျူရှုပြီး သူလုပ်နေသမျှကို ဆက်လုပ်နေပါသည်။ သားသတ်သမားက အနည်းငယ် မျက်မှောင်ကြုတ်ကာ "လူအိုကြီး၊ မင်းက ဒီကလေးကို ဂရုမစိုက်ဘူးလား"

အဘိုးကြီးက သားသတ်သမား ကို မော့ကြည့်ကာ "ဒါဟာ မင်းအပြစ်ပဲ မဟုတ်လား၊ မင်းမှာ လုံလောက်တဲ့

ခွန်အားမရှိဘူး။ ဒါတောင် သူတို့ကို

အနောက်တောင်တန်းတွေဆီ

ခေါ်သွားသေးတယ်။ အခုပြောပြပါရစေ။

သူတစ်ခုခုဖြစ်သွားရင်

မင်းတို့သုံးယောက်လုံး

ဒုက္ခအကြီးအကျယ်ရောက်လိမ့်မယ်”

"ဘာကိုဆိုလိုတာလဲ..." သားသတ်သမား

က

မျက်မှောင်ကြုတ်ရင်း “ဒီကလေးမှာ စွမ်းအားကြီးတဲ့ နောက်ခံမျိုး ရှိသလား”

အဘိုးကြီးက မတ်တပ်ထရပ်ကာ အနောက်ဖက်တောင်တန်းများဆီသို့ စူးစူးစိုက်စိုက်ကြည့်ပြီး "သူ့အတွက် အန္တရာယ်ရှိနေပြီ" ဟုပြောခဲ့သည်။ ထို့နောက် လက်သီးများကို ဖြည်းညှင်းစွာ ဆုပ်ထားသည်။

အန္တရာယ်ရှိနေတာလား ။

သားသတ်သမား၏ အမူအရာသည်
ချက်ချင်း ပြောင်းသွားသည်။
အဘိုးကြီးဟာ အချိန်အများစုကို
စိတ်မချရသော်လည်း သူ၏
ခန့်မှန်းချက်များကတော့
အလွန်တိကျပါသည်။

ယန်ယဲ့မှာ အန္တရာယ်ရှိနေပြီ။

သားသတ်သမားက

စကားထပ်မပြောတော့ဘဲ အဝေးသို့

ပျောက်ကွယ်သွားသည်။

အဘိုးကြီးက

အနောက်ဖက်တောင်တန်းများဆီသို့

စိုက်ကြည့်ကာ "ငရဲဘုံကိုးခုကောရာဇ်၊

မင်းသူ့ကိုသတ်ရဲရင် မင်းရဲ့အုတ်ဂူကို

ကြိုတူးထားရလိမ့်မယ်"

ဟုပြောလိုက်သည်။

တောင်ထိပ်တစ်ခုတွင် ...။

သားသတ်သမား နှင့် အန်တီယန်

တို့နှစ်ယောက်ဟာ ဘေးချင်းယှဉ်ရပ်ကာ

အဆုံးမရှိသောတောင်တန်းဆီသို့

မျှော်ကြည့်နေကြသည်။

အန်တီယန် က “သူတို့ အဲဒီနေရာကို ရောက်သွားတယ်” ဟု လေးနက်စွာ ပြောလိုက်သည်။

သားသတ်သမား က "သူတို့ အသက်ရှင်လျက် ထွက်လာနိုင်မှာလား"

အန်တီယန် က ခေါင်းကို အနည်းငယ်ခါယမ်းကာ “မသိဘူး၊

ဒီတည်ရှိမှုက သူတို့ကို ဆန့်ကျင်ရင်

နှစ်ယောက်စလုံး

သေမှာ သေချာတယ်”

သားသတ်သမား က ငြိမ်ကျသွားသည်။

...

ဤအတောအတွင်း ယန်ယွဲ့နှင့် ပိုင်ဇီရှန်

တို့ဟာ ရှေ့ကိုဆက်လျှောက်နေကြသည်။

ဤအချိန်တွင် ပိုင်ဇီရှန်၏မျက်နှာလေးက စိုးရိမ်ပူပန်မှုများဖြင့် ပြည့်နှက်နေသည်။ လမ်းတစ်လျှောက်လုံး တိတ်ဆိတ်လွန်းလှသည်။ တိတ်ဆိတ်နေသဖြင့် ဘာသံမှ မကြားရပေ၊ အလွန်ထူးခြားလှသည်။

သူမ၏အမြင်ကတော့ ထာဝရကျေးရွာကို အမြန်ပြန်သွားတာက အကောင်းဆုံးပါ။

သို့သော်လည်း လက်ရှိမှာတော့
ဘယ်ရောက်နေမှန်းတောင် မသိပေ။

တစ်နာရီခန့်အကြာတွင် နှစ်ယောက်သား
ကျတ်တီးခေါင်မြေပြန့်ကြီးမှ
ထွက်လာကြတော့သည်။ ဒီအချိန်မှာ
သူတို့ရှေ့တွင် စိမ်းလန်းစိုပြည်သော
မြက်ခင်းပြင်တစ်ခုရှိနေခဲ့သည်။
နေရာအနှံ့ ပန်းပေါင်းစုံဖူးပွင့်နေကာ

လေထဲမှာလည်း သန့်စင်သော

ဝိညာဉ်စွမ်းအင်များ ပြည့်နှက်နေခဲ့သည်။

"ဒီနေရာက ဘာလဲ"

ပိုင်ဇိရှန်၏မျက်လုံးများမှ

ထိတ်လန့်တကြား အမူအရာတို့

ပေါ်လာတော့သည် "ဒီမှာရှိတဲ့

ဝိညာဉ်စွမ်းအင်က အရမ်းသန့်စင်တယ်"

ယန်ယဲ့ က ဘာစကားမှမပြောဘဲ

ပိုင်ဇီရှန်၏လက်ကိုဆွဲကာ ရှေ့သို့

ဆက်သွားခဲ့သည်။ ပိုင်ဇီရှန် ဟာ

လမ်းတစ်လျှောက်လုံး ဤနေရာတွင်

တင်ပျဉ်ခွေထိုင်ကာ ဝိညာဉ်စွမ်းအင်ကို

စုပ်ယူချင်နေမိသည်။ အကယ်၍သာ

ဤနေရာတွင် ကျင့်ကြံနိုင်ပါက

ဟင်းလင်းပြင်နတ်ဘုရားအဆင့်

သို့တက်လှမ်းနိုင်မည်ဟုပင်
ယုံကြည်နေသည်။

ဤနေရာရှိ ဝိညာဉ်စွမ်းအင်သည်
သန့်စင်သည့်အပြင်
အလွန်ထူးခြားလှသည်။

သို့သော်လည်း ယန်ယဲ့သည် မရပ်တန့်ဘဲ
ရှေ့ကိုသာ ဆက်သွားခဲ့သည်။
ယန်ယဲ့၏လုပ်ရပ်က

အနည်းငယ်ထူးဆန်းသလိုဖြစ်နေသော်လည်း ပိုင်ဇီရှန် ဟာ မတားပေ။

ထိုအတိုင်းပင်၊ အချိန်တော်တော်ကြာရွေ့ဆက်သွားနေပြီး ရုတ်တရက်ရပ်တန့်သွားကြသည်။

သူတို့ရှေ့တွင် ချောက်ကမ်းပါးကြီးတစ်ခုရှိခဲ့သည်။ ချောက်ကမ်းပါးအစွန်း၌

အဖြူရောင်ဝတ်စုံဝတ်
အမျိုးသမီးတစ်ယောက် ထိုင်နေပါသည်။

လူတစ်ယောက်ရှိနေတာလား ။

ပိုင်ဇီရှန် က
ချက်ချင်းပင်သတိအပြည့်ဖြစ်လာသည်။
အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက
လူသားဟုတ်မဟုတ် မသေချာပေ။

သတိထားနေတာကသာ

အကောင်းဆုံးဖြစ်သည်။

ပိုင်ဇိရှုန် က ရှေ့ထွက်လာပြီး

"အကြီးအကဲ..."

အမျိုးသမီးက ရုတ်တရက်

နောက်ပြန်လှည့်လာကာ

"ဒီမှာလာထိုင်ကြ..."

သူမ၏ အသံက

ဖီးနစ်အော်မြည်သံကဲ့သို့သာယာလှသည်

။

တစ်ချိန်တည်းမှာပင်

ခုံတန်းလျားတစ်ခုက ယန်ယဲ့နှင့် ပိုင်ဇီရှန်

တို့၏ နောက်တွင် ပေါ်လာသည်။

ဂရုတစိုက်ကြည့်လျှင်

ဝိညာဉ်စွမ်းအင်ဖြင့် ဖွဲ့စည်းထားသည်ကို

သတိပြုမိပါလိမ့်မည်။

ပိုင်ဇီရှန် က

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးကို

တစ်ချက်ကြည့်လိုက်ပြီး ယန်ယဲ့အား

ထိုင်ခိုင်းလိုက်သည်။

အမျိုးသမီးက “သူ့နာမည်

ဘယ်လိုခေါ်လဲ” ဟု ရုတ်တရက်

မေးသည်။

ပိုင်ဇိုရှန် က အနည်းငယ်

ထိတ်လန့်သွားပြီး "ဘယ်သူလဲ"

အမျိုးသမီးက "နင့်အနားမှာ ရှိတဲ့လူ..."

ပိုင်ဇိုရှန် က ခဏတုံ့ဆိုင်းသွားပြီး "ယန်ယဲ့

ပါ"

“ယန်ယဲ့…” အမျိုးသမီးက

တိုးတိုးလေးပြောလိုက်သည် “ငါ

တကယ်ကို မယုံနိုင်သေးဘူး”

စကားပြောပြီးနောက် ဖြည်းညှင်းစွာ

ထရပ်လိုက်ပြီး ယန်ယဲ့ဆီသို့

လျှောက်သွားလိုက်သည်။

အမျိုးသမီးက အနားကပ်လာသည့်တိုင်

အသွင်အပြင်ကို မမြင်နိုင်သောကြောင့်

ပိုင်ဇိရှန်၏မျက်နှာကလေးနက်နေခဲ့သည်

။

ဒီအချိန်မှာ အမျိုးသမီးက

လက်ကိုမြှောက်၍ ယန်ယဲ့၏ပခုံး

ပေါ်လက်တင်လိုက်သည်။

ယန်ယဲယန်ယဲ့၏အမူအရာက

အနည်းငယ်ပြောင်းသွားသည်။ သူ့ထံမှ

အရှူးဆန္ဒထွက်ပေါ်လာသော်လည်းလျှို့ဝှ

က်ဆန်းကြယ်သော

စွမ်းအင်လှိုင်းတိစ်ခုက ဖိနှိပ်ထားခဲ့သည်။
သူ့ခန္ဓာကိုယ်ပင် မလှုပ်နိုင်တော့ပေ။

ယန်ယဲ့ သည် နေရာတွင်ပင်
အေးခဲသွားခဲ့သည်။

အမျိုးသမီးက ပိုင်ဇိရှန်ကို
တစ်ချက်ငုံ့ကြည့်ကာ ယန်ယဲ့၏နဖူးကို
ဖိထားရင်း အံ့သြစွာ
ကြည့်နေလိုက်သည်။

ဓားအပျက်အစီးနယ်မြေ ။

ဓားအပျက်အစီးနယ်မြေ ထဲ၌

သေးငယ်သော

အဖြူရောင်အရိပ်လေးတစ်ခုဟာ

အဆက်မပြတ်ပျံသန်းနေခဲ့သည်။

ဂရုတစိုက်ကြည့်လျှင်

အဖြူရောင်လေး၏

ခြေထောက်များအောက်တွင်

ဓားစွမ်းအင်များ ရှိနေတာကို

သတိထားမိမှာပါ။

အခြားတော့မဟုတ်ပေ၊ နှင်းပွင့်လေး

သာဖြစ်သည်။

ဤအချိန်တွင် သူမလေးက

ဘူးသီးနက်ကိုကိုင်လျက်

အပြင်းအထန်လေ့ကျင့်နေ၏။

ယန်ယဲ့ ထွက်သွားကတည်းက နေ့တိုင်း

မရပ်မနားဘဲ

လေ့ကျင့်နေခဲ့တာဖြစ်သည်။

သူမကို ဘယ်သူမှ မတားနိုင်ခဲ့ကြပေ။

နှင်းပွင့်လေးက သန်မာချင်ပြီး ယန်ယဲ့ကို

လိုက်ရှာချင်လို့ပါ။

ဤအခိုက်မှာ နှင်းပွင့်လေးက

ခေါင်းမော့ပြီး ကောင်းကင်ကို

မော့ကြည့်လိုက်သည်။ သူမ၏

တောက်ပသော မျက်လုံးများထဲတွင်

ထူးဆန်းသော အရိပ်အယောင်များ

ရှိနေသည်။

ဘမ်း...

ခဏမျှ တိတ်ဆိတ်သွားပြီးနောက်

ထိုနေရာသည် ပြင်းထန်စွာတုန်ခါပြီး

မျက်နှာတစ်ခုပေါ်လာခဲ့သည်။

အမျိုးသမီးတစ်ယောက်၏ မျက်နှာ...

ထိုမျက်နှာကို မြင်လိုက်တာနဲ့

နှင်းပွင့်၏မျက်လုံးတွေဟာ

ပြူးကျယ်သွား၏။

ထိုခဏလေးမှာပဲ

သူမ၏လက်သည်းများကြား၌

ပုဆိန်တစ်လက်ပေါ်လာသည်။

သို့သော် နှင်းပွင့်လေးက

အမျိုးသမီးမျက်နှာကို ငေးကြည့်နေရင်း

စူးစမ်းချင်စိတ်များ ပေါ်လားည်။

ခဏအကြာတွင် ပုဆိန်ကို ဖယ်လိုက်ပြီး

မျက်နှာ အနားသို့တိုးကပ်သွားသည်။

ဒီအချိန်မှာ တစ်ယောက်နဲ့တစ်ယောက် အရမ်းနီးကပ်နေခဲ့သည်။

အမျိုးသမီးက နှင်းပွင့်၏မျက်လုံးလေးများကို စိုက်ကြည့်ကာ ခရမ်းနက်ရောင်စွမ်းအင်ကြိုးများကို သတိပြုမိပြီး ပြုံးမိသွားသည်။ ထို့နောက် တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။

နှင်းပွင့်လေးက

အုံ့အားသင့်သွားပြီးနောက်

အမျိုးသမီးမျက်နှာကို

လှမ်းဆွဲလိုက်သည်။ ထိုအမျိုးသမီးကို

နေစေချင်သော်လည်း

ဘာမှမကိုင်လိုက်မိပေ။

နှင်းပွင့်လေးက

အောက်သို့ပြန်ဆင်းလာသည်။

ဒီအချိန်မှာ

သူမ၏မျက်နှာသေးသေးလေးက

အနည်းငယ် စိတ်ဓာတ်ကျနေပုံရသည်။

အချိန်အတော်အတန်ကြာမှ

ခေါင်းလေးကိုခါယမ်းကာ

ဘူးသီးနက်ကိုကိုင်ပြီး ပတ်ဝန်းကျင်သို့

လှူပ်ယမ်းလိုက်လေသည်။

ဝှစ်....

ဘူးသီးနက်ထဲမှ ခားစွမ်းအင်တစ်စင်း

ထွက်လာပြီး ကောင်းကင်ထက်သို့

ပစ်လွှတ်လိုက်သည်။

ခားအပျက်အစီးနယ်မြေကို

ဖောက်ထွက်ခွာခါနီးတွင်

ခရမ်းရောင်အလင်းတန်းတစ်ခု

ပေါ်လာပြီး ရပ်တန့်သွားစေသည်။

ခားစွမ်းအင်များကြား၌

နှင်းပွင့်၏ကိုယ်လုံးသေးသေးလေးရှိနေ

ပါသည်။ သူမရှေ့တွင်ရပ်နေသူကတော့ ဇိအာ ပင်။

ဇိအာက နှင်းပွင့်လေးဆီ လျှောက်သွားကာ သူမ၏ ရင်ခွင်ထဲမှာ ပွေ့ဖက်ထားလိုက်သည် "နောက်တစ်ခါ အပြင်ကိုခိုးမထွက်နဲ့။ နားလည်လား"

နှင်းပွင့်က ဇိအာကို မော့ကြည့်ကာ သူမ၏ ခြေသည်းများကို လျင်မြန်စွာ

ဝှေ့ယမ်းလိုက်ရင်း မျက်ရည်များ

စီးကျလာသည်။

သူမလေးက ယန်ယဲ့ကို

သတိရနေပြီးလိုက်ရှာချင်နေတာ ။

ဇိအာ က နှင်းပွင့်၏ခေါင်းကို ညင်သာစွာ

ပွတ်သပ်ပြီး "သူက ငါတို့ဆီကို

ပြန်လာမှာပါ။ သူလုပ်မှာ သေချာတယ်”

ထို့နောက် ကောင်းကင်ကို

မော့ကြည့်လိုက်ပြီး သူမ၏

အကြည့်တွေက

အနည်းငယ်မှုန်ဝါးလာသည်။

ထာဝရလျှို့ဝှက်နယ်မြေ ...။

အမျိုးသမီးက

ယန်ယွဲ့၏ပခုံးပေါ်တင်ထားသော

လက်ကိုဖယ်လိုက်ပြီး

အရင်ရပ်နေသည့်နေရာကို

ပြန်လျှောက်သွားသည်။

ပိုင်ဇီရှန် က ထိုအမျိုးသမီးကို

စိုက်ကြည့်ရင်း "အကြီးအကဲ ..."

အမျိုးသမီးက ဘာမှပြန်မပြောပေ။

အချိန်တော်တော်ကြာမှ ရုတ်တရက် ပြောခဲ့သည် "သူမက တကယ်ပဲ လူသားတစ်ယောက်ကို ရွေးမယ်လို့ ငါ ဘယ်တုန်းကမှမမျှော်လင့်ထားခဲ့ဘူး။ ဒါဟာ ကောင်းကင်ဘုံရဲ့ အလိုတော်အတိုင်းပဲလား"

ဤအချိန်တွင် ယန်ယွဲ့က မတ်တပ်ထရပ်ပြီး အဖြူရောင်ဝတ်စုံဝတ် အမျိုးသမီးဆီသို့ ဖြည်းညှင်းစွာလျှောက်

လာသည်။ ပိုင်ဇိုရှန်က ယန်ယဲ့၏လက်ကို အမြန်ဆွဲထားလိုက်သည်။ ဒီအချိန်မှာ ယန်ယဲ့က သူ၏လက်နှစ်ဖက်ဖြင့် ခေါင်းကိုဆုပ်ကိုင်ထားရင်း

“နှင်း… နှင်းခဲလေး…”

ထိုစကားကိုကြားသောအခါ ပိုင်ဇိုရှန်

သည် တော်

တော်လေးအံ့အားသင့်အားသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာ၀ရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၈၉ - ငါမခိုးဘူး၊ ဒီအတိုင်း

ယူလိုက်တာ

ယန်ယဲ့က

အသိစိတ်ပြန်ကောင်းလာပြီလား ။

ပိုင်ဇိရှန်က တွေးမိလိုက်သော်လည်း
ချက်ချင်းပင် ခေါင်းခါယမ်းလိုက်သည်။

ယန်ယွဲ့၏ပုံစံက
သတိပြန်ရလာပုံမပေါ်ပေ။

အမျိုးသမီးက ယန်ယွဲ့ကို မဆီးတားဘဲ
အချိန်အတော်ကြာအောင်
စိုက်ကြည့်နေသည်။ ထို့နောက် သူမက
“တကယ်တော့ ငါနင့်ကို

သတ်ပစ်ချင်တယ်”ဟူ၍

ရုတ်တရက်ပြောခဲ့သည်။

ပိုင်ဇီရှန်၏အမူအရာက

ချက်ချင်းပြောင်းသွားသည်။

ယန်ယဲ့ဘေးနားကို အမြန်ပြေးလာပြီး

ပြန်ဆွဲခေါ်လိုက်သည်။

အမျိုးသမီးက

အသံတိုးတိုးဖြင့်ထပ်ပြောသည်

“လူတွေကြားထဲမှာ

စကားတစ်ခွန်းရှိတယ်။

လူတစ်ယောက်က သူ့အလုပ်သူ

မလုပ်ရင် ဘယ်မှာပဲနေနေ

အပြစ်ပေးခံရတယ်။ နင့်ရဲ့အနားမှာ သူမ

ရှိနေတာက ငါ့ကို

ကြောက်ရွံ့မှုတွေနဲ့ပြည့်စေတယ်။

မဟုတ်ဘူး၊ တစ်နေ့ကျရင် နင် သူမကို

ဒုက္ခပေးမှာကြောက်တယ်။ နင်မရှိရင်

သူမအတွက်စိတ်ပူစရာ မလိုပါဘူး၊ သူမ
ပိုကောင်းတဲ့ဘဝနဲ့ ရှင်သန်နေမှာပါ"

ပိုင်ဇီရှန် က
အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးကို
စူးစိုက်ကြည့်ကာ "အကြီးအကဲ၊
သူရှိနေရင်တောင် သူ့စိတ်က
မဆိုးပါဘူး"

အမျိုးသမီးက

တိုးတိုးလေးပြောလိုက်သည် “အဲဒါကို

ငါလည်း သိချင်တယ်။ သူမက

သဘာဝအတိုင်း

ကြင်နာတတ်တဲ့သူဆိုတော့

ဒီလိုရက်စက်တဲ့အရူးလူသတ်သမားကို

ဘယ်လိုလုပ်ရွေးချယ်မှာလဲ”

စကားပြောရင်း အမျိုးသမီးက

ဖြည်းညှင်းစွာ ထရပ်လိုက်သည်။

ယန်ယဲ့ သည် ပိုင်ဇီရှန်ကို

နောက်သို့ပြန်ဆွဲခေါ်လိုက်ပြီး

သူ့လက်ထဲမှာ

အနက်ရောင်ဓားတစ်ချောင်းပေါ်လာသ

ည်။

သူ၏အသိစိတ်က

ပျောက်နေသည့်တိုင်အောင်

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးထံမှ အန္တရာယ်ကို ခံစားမိသည်။

ဤအချိန်တွင် အမျိုးသမီးဟာ ယန်ယဲ့နှင့် ပိုင်ဇီရှန် တို့ဆီကို ဖြည်းညှင်းစွာ လျှောက်လာခဲ့သည်။ ဒီအချိန်မှာ ပိုင်ဇီရှန်က ယန်ယဲ့ကို နောက်ပြန်ဆွဲသွင်းလိုက်ပြီး အမျိုးသမီးကို တည့်တည့်ကြည့်ကာ ပြောလိုက်ပါသည် "အကြီးအကဲ၊

နင်ဘာလို့ သူ့ကိုသတ်ချင်တာလဲဆိုတာ ငါမသိဘူး၊ ဒါပေမဲ့ နင့်ကို တစ်ခုခုမေးချင်တယ်။ နင်ပြောသလိုပဲ၊ လူတစ်ယောက်အတွက်နဲ့ တစ်ယောက်ကို သတ်ချင်နေတာက သဘာဝကျသလား"

အမျိုးသမီးက ရပ်သွားသည်။

ပိုင်ဇိရှန် က ဆက်ပြောလိုက်၏

"အကြီးအကဲ၊ တစ်စုံတစ်ယောက်ရဲ့

ကောင်းကျိုးအတွက်
တစ်ခုခုလုပ်နေတယ်လို့ မင်းထင်တဲ့အခါ
အဲဒီလူက လိုချင်တာမဟုတ်နိုင်ဘူး"

အမျိုးသမီးက တိတ်တိတ်နေခဲ့သည်။

ဤအတောအတွင်း ပိုင်ဇိရှန် က မရပ်ဘဲ
ဆက်ပြောပြန်သည် "အကြီးအကဲ၊
နင်သတိမထားမိဘူးလား။ သူ အခု
သာမာန် အခြေအနေမှာ မဟုတ်ဘူး ။

ဒါပေမဲ့ အခုလေးတင်

နင့်ဆီကိုရောက်လာတာ။ ဒီတော့

သူ့စိတ်ထဲမှာ

အကြီးအကဲနဲ့ပတ်သက်လို့တစ်စုံတစ်ခုခံ

စားမိတာသေချာပါတယ်။

ဒါဟာ သူတကယ်

ဂရုစိုက်တဲ့အရာဖြစ်နိုင်တယ်။ မဟုတ်ရင်

သူဒီလို ပြုမူမှာ မဟုတ်ဘူး။ ငါ့လိုပဲ၊

သူက ငါ့ကို သူ့ဇနီးသည်တွေထဲက

တစ်ယောက်လို့ထင်နေတာ။ ပြီးတော့

ငါ့အတွက်နဲ့

တခြားသူတွေကိုတိုက်ခိုက်တယ်၊

ငါ့ကိုတစ်ခါမှထိခိုက်အောင်မလုပ်ခဲ့ဘူး”

အမျိုးသမီးက ခေါင်းကို

အနည်းငယ်ခါယမ်းကာ “သူ

အခုဘာဖြစ်နေလဲ မသိနိုင်သလို

သိလာတဲ့အခါ ဆိုးဆိုးရွားရွား
လုပ်မှာမဟုတ်ဘူးလို့ ငါ
အာမမခံနိုင်ပါဘူး” ဟုပြန်ပြောခဲ့သည်။

ပိုင်ဇီရှန် က ရုတ်တရက် ပြုံးလိုက်သည်။

အမျိုးသမီးက “ဘာလို့ ပြုံးနေတာလဲ” ဟု
မေးခဲ့သည်။

ပိုင်ဇိုရှန် က ပြုံးပြီး "အကြီးအကဲ၊ သူက ဘာလဲဆိုတာတောင် မသိပေမယ့် သူမကို အရမ်းဂရုစိုက်တယ်။ ဒါဆို အဲဒါက ဘာကို ကိုယ်စားပြုတာလဲ။ သူပေးနိုင်တဲ့ အရာကြောင့်မဟုတ်ဘဲ သူ့ကို ဂရုစိုက်ချင်လို့ပဲဆိုတာ မဟုတ်ဘူးလား"

အမျိုးသမီးက ပိုင်ဇိုရှန် ကို ကြည့်ပြီး "ငါ နင့်ကို မသတ်ဘူး။ နင်ကိုယ်တိုင် ထွက်သွားလို့ရတယ်၊ ဒါမှမဟုတ်

နင်ပြန်သွားချင်တယ်ဆိုရင်
ငါလိုက်ပို့ပေးနိုင်တယ်"

ပိုင်ဇီရှန် က တခစ်ခစ်ရယ်ပြီး “အဲဒါ
မလိုအပ်ပါဘူး။ ငါတို့က
နင်နဲ့မယှဉ်နိုင်ပေမယ့်
ကြိုးစားချင်သေးတယ်!"

အမျိုးသမီးက “ငါနင့်ကို ဒီကနေ
လွှတ်လိုက်မယ်လို့ ပြောခဲ့တယ်နော်”

ပိုင်ဇိရှန် က အမျိုးသမီးကို

တည့်တည့်စိုက်ကြည့်ရင်း "အရင်တုန်းက

ပြောခဲ့သလိုပဲ မလိုအပ်ပါဘူး။ ငါတို့ ဒီကို

အတူတူရောက်လာတယ်၊ ပြန်သွားခါမှ

အတူတူ ထွက်မသွားနိုင်ရင်

ဘာအဓိပ္ပါယ်ရှိမှာလဲ။အတူတူ

အသေခံမယ်"

အမျိုးသမီးက အနည်းငယ်
ခေါင်းညိတ်ပြပြီး “ဒါဆို နင့်ရဲ့ဆန္ဒကို
ဖြည့်ဆည်းပေးမယ်”

စကားပြောပြီးသည်နှင့် သူမ၏လက်ကို
ဖြည်းညှင်းစွာ မြှောက်လိုက်သည်။
ထိုခဏလေးမှာပဲ
သိပ်သည်းသောအဖြူရောင်မြူခိုးများက
ယန်ယဲ့အား ဖုံးလွှမ်းသွားသည်။

ဤအချိန်တွင် ယန်ယဲ့က

သူ၏အနီရောင်တစ်ဝက်အနက်ရောင်တစ်ဝက်ဓားကို

မြှောက်ပြီး ပိုင်းချလိုက်သည်။

ဆူး…

ဓားက ပြင်းထန်စွာတုန်ခါလာပြီး

မရေမတွက်နိုင်သော

သေလွန်သူဝိညာဉ်များထွက်ပေါ်လာသ

ည်။ သို့သော်လည်း

ကြောက်စရာကောင်းသောအရာကို

တွေ့လိုက်သကဲ့သို့ သူ့ခန္ဓာကိုယ်ထဲကို

ပြန်ဝင်သွားတော့သည်။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့ထံမှ

ထွက်ပေါ်လာသော အရှုးဆန္ဒဟာ

မမြင်နိုင်သောစွမ်းအားတစ်ခုဖြင့်

ဖိနှိပ်ခံလိုက်ရလေသည်။

ဤအချိန်တွင် ပိုင်ဇီရှန်၏ ခန္ဓာကိုယ်ထဲမှ

ပြင်းထန်သော အရှိန်အဝါများ

ပေါက်ကွဲထွက်လာသည်။ သို့သော်လည်း

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး ထံသို့

မရောက်လိုက်ဘဲ လေထဲမှာ

ပျောက်ကွယ်သွားခဲ့သည်။

ပိုင်ဇီရှန်၏မျက်နှာလေးက

ဖြူဖျော့သွားသည် ။

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး က

သူတို့နှစ်ယောက်ပေါင်းထားသည့်တိုင် မယှဉ်နိုင်ခဲ့ပေ။

ပိုင်ဇီရှန် က မျက်နှာပေါ်တွင် နာကျင်မှုတို့ပြည့်နေသော ယန်ယဲ့ကို စိုက်ကြည့်ရင်း "ဒါဟာ အဆုံးပဲဆိုရင် ဒီလိုပဲဖြစ်ပါစေ။ ငါတို့နှစ်ယောက် အတူတူသေကြတာပေါ့"

စကားပြောပြီးသည်နှင့်

မျက်လုံးမှိတ်ထားလိုက်သည်။

ဤအခိုက်အတန့်တွင်

အနက်ရောင်အလင်းတန်းတစ်ခု

ရုတ်တရက်လင်းလက်လာသည်။

ဆူး...

အနက်ရောင်အလင်းတန်းဟာ

ယန်ယဲ့အား လွှမ်းခြုံထားသည့်

အဖြူရောင်စွမ်းအင်ထုကို ချက်ချင်း

ဖြိုခွဲပစ်လိုက်သည်။

ဤအချိန်တွင် "ဝိညာဉ်ဖန်ဆင်းရှင်၊

အပြစ်မဲ့သူကို သတ်တာဟာ

မင်းရဲ့ပုံစံမဟုတ်ဘူးနော်"

အသံထွက်လာသည်နှင့်တပြိုင်နက်

သူတို့နှင့် မလှမ်းမကမ်း၌

အနက်ရောင်အရိပ်တစ်ခု

ရုတ်တရက်ပေါ်လာသည်။ အရိပ်က

ကြီးမားသော်လည်း ၎င်းသည်

လူသားမဟုတ်ပါ၊

အရိပ်၏ပတ်ပတ်လည်မှာ သူ၏

အသွင်အပြင်ကို ဖုံးကွယ်ထားသည့်

သိပ်သည်းသော

အနက်ရောင်စွမ်းအင်များရစ်သိုင်းနေပါ

သည်။

ဝိညာဉ်ဖန်ဆင်းရှင် လား ။

ပိုင်ဇိရှန် လည်း

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး ကို

အံ့အားသင့်စွာ ကြည့်နေသည် ။

ဝိညာဉ်ဖန်ဆင်းရှင် ။

တစ်ခါမှ မမြင်ဖူးသော်လည်း

ဒဏ္ဍာရီအကြောင်းကိုတော့

ကြားသိထားခဲ့သည်။

၎င်းသည် စကြာဝဠာတစ်ခုလုံး၏

အထွတ်အမြတ်ပညာရှင် ဖြစ်သည်။

ရှေးမှတ်တမ်းများ၌

ဝိညာဉ်ဖန်ဆင်းရှင်နှင့်ပတ်သက်သည့်

မှတ်တမ်းများ ပါရှိခဲ့သည်။ထိုကဲ့သို့သော

ဝိညာဉ်ဖန်ဆင်းရှင်များဟာ

ထာဝရမြစ်၏ါတစ်ဖက်ခြမ်းတွင်သာ
မွေးဖွားခဲ့ကြသည်။

ထာဝရနယ်စပ်တွင် တစ်ခါမှ
ထွက်ပေါ်မလာဖူးပေ။

ဤအဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး
ဟာ ဒဏ္ဍာရီလာ ဝိညာဉ်ဖန်ဆင်းရှင်
ဖြစ်နေမည်ဟု လုံးလုံးမထင်ထားခဲ့ပေ။

ထာဝရနယ်စပ်မှာ

ဝိညာဉ်ဖန်ဆင်းရှင်ရှိနေတာလား။

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက

လက်ကို ရုတ်လိုက်ပြီး အနက်ရောင်

အရိပ်ကို ကြည့်လိုက်ရင်း

"ငရဲဘုံကိုးခုကေရာဇ်၊ ဒီနေ့နင့်စိတ်ကို

ဘာကလွှမ်းမိုးထားလို့လဲ။ တကယ်ပဲ

တစ်စုံတစ်ယောက် ကို

ကယ်တင်ခဲ့တာလား"

အရိပ်မည်းကြီးက တဟားဟားရယ်ပြီး "သူတို့နှစ်ယောက် အဲဒီစစ်မြေပြင်ကို ရောက်တာနဲ့ ငါ သတိထားမိတယ်"

"ဘာလို့ သူတို့ကို မသတ်တာလဲ" ဟု မေးသည်။

ငရဲဘုံကိုးခုကောရာဇ် က "ဘာလို့လဲ၊ ငါသူတို့ကိုဘာလို့သတ်ရမှာလဲ"ဟုပြန်မေးသည်။

အဖြူရောင်ဝတ်စုံဝတ် အမျိုးသမီးက ငရဲဘုံကိုးခုကောရာဇ်ကို ငုံ့ကြည့်ကာ "အဲဒီရွာကလူတွေ ဒီစစ်မြေပြင်မှာ ခြေချခွင့်မရှိဘူးလို့ ပြောခဲ့တာမဟုတ်ဘူးလား၊

ဝင်လာရဲတဲ့သူတိုင်းကို

အကုန်သတ်ပစ်မယ်"

ငရဲဘုံကိုးခုစောင့် က ရယ်မောပြီး

“ဒါပေမဲ့ ဒီကလေးတွေက

သာမန်မဟုတ်ပါဘူး။ အထူးသဖြင့်

ဒီကလေးပဲ။ ဝိညာဉ်ဖန်ဆင်းရှင်အိုကြီး၊

မင်းတစ်ယောက်တည်းပဲ

သူမရဲ့အငွေ့အသက်ကို

ခံစားမိနိုင်တယ်လို့ ထင်လား။

အစတုန်းကတော့ ငါ့စိတ်ထဲမှာ လုံးဝ

မသေချာဘူး၊ ဒါပေမဲ့ သူ ဒီကို

ရောက်တဲ့အခါမှာတော့ ငါ့အမြင်က

သေချာသွားတယ်။ သူ့ကို

သတ်ဖို့ကြိုးစားတာဟာ မင်းက

သူသတိထားမိသွားမှာကိုကြောက်လို့ထင်

တယ်။ ငါပြောတာမှန်ရဲ့လား ”

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက
လက်သီးများကို ဖြည်းညှင်းစွာ
ဆုပ်ထားသည်။

"ငါ့ကိုတိုက်ခိုက်ဖို့စဉ်းစားနေတာလား"
ငရဲဘုံကိုးခုကောရာဇ် က
တဟားဟားရယ်ပြီး ပြောပါသည် “ဒါက
မင်းရဲ့ အဓိကခန္ဓာကိုယ်ဖြစ်နေရင်တော့
ငါထွက်ပြေးမှာသေချာပါတယ်။

ကံမကောင်းစွာပဲ၊ အဲဒါက

မင်းရဲ့ဝိညာဉ်ကြိုးမျှင်ပဲ”

ဤအချိန်တွင် အမျိုးသမီးက

လက်သီးဆုပ်ထားရာမှ ဖြေလျှော့ကာ

"ကောင်းပါပြီ၊ နင်လည်း

ထွက်သွားလို့ရတယ်"

ငရဲဘုံကိုးခုကေရာဇ် က "ဘာလို့

အပြင်ထွက်သွားရမှာလဲ။ ငါ

သူ့ရဲ့ဝိညာဉ်ကြိုးမျှင်တစ်ချောင်းကို ယူရမယ်၊ ပြီးတော့ အပြင်လောကထဲကို သူပြန်ရောက်တဲ့အခါ ဝိညာဉ်ဖန်ဆင်းရှင်လေးကိုခေါ်လာမှာ လေ”

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက လက်ကို ရုတ်တရက်ဝှေ့ယမ်းလိုက်ရာ ဖြူဖွေးနေသော မြူခိုးများက ယန်ယဲ့နှင့် ပိုင်ဇိရှန်တို့အား ဖုံးအုပ်သွား၏။

ထို့နောက် သူတို့နှစ်ယောက်ကို

ကောင်းကင်ပေါ်သို့ပစ်တင်လိုက်ပါသည်။

ရှုတ်တရက်ဆိုသလို

အနက်ရောင်အလင်းတန်းတစ်ခု

လင်းလက်လာသည်။

ဘမ်း…

ကောင်းကင်ယံ၌ ပေါက်ကွဲသံတစ်ခု

ထွက်ပေါ်လာသည်။

ယန်ယဲ့နှင့် ပိုင်ဇီရှန်တို့အား
ဝိုင်းရံထားသည့် အဖြူရောင်မြူခိုးများ
ချက်ချင်း ကွဲထွက်သွားသည်။

"သူတို့ လွတ်နိုင်မယ်ထင်လား"
ကောင်းကင်ယံ၌ အေးစက်သော
ရယ်မောသံ ပဲ့တင်ထပ်လာပြီး
လက်တစ်ဖက်က သူတို့နှစ်ယောက်ကို
ဖမ်းဆုပ်လိုက်သည်။

ဤအချိန်တွင် ယန်ယဲ့နှင့်

ပိုင်ဇိရှန်တို့ရှေ့မှာ

အဖြူရောင်အရိပ်တစ်ခု ပေါ်လာသည်။

၎င်းက

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးပင်။

သူက ယန်ယဲ့တို့နှစ်ယောက်အား

တစ်ချက်ကြည့်လိုက်ပြီး "သူ့ကို

ခေါ်သွားလိုက်ပါ။ သတိပြန်ရလာတဲ့အခါ သူမကို သေချာဂရုစိုက်ဖို့ ပြောပါ”

ထိုစကားပြောပြီးသည်နှင့် အပေါ် မော့ကြည့်လိုက်ပြီး သူမ၏လက်ကို ဖြည်းညှင်းစွာ မြှောက်လိုက်သည်။ ထိုခဏလေးမှာပဲ ကီလိုမီတာထောင်ချီသော ဧရိယာသည် အသွင်သဏ္ဌာန်ပြောင်းသွားခဲ့သည်။ တစ်ချိန်တည်းတွင် ရှေ့ကို

ခြေတစ်လှမ်းတိုးကာ သူမ၏လက်ကို ရှေ့သို့ ညင်သာစွာ ပုတ်လိုက်ပါသည်။

ဆူး…

ရှေ့တည့်တည့်ရှိ အာကာသသည် အက်ကွဲသွားသည်။ တစ်ချိန်တည်းမှာပင် အာကာသပြင်တစ်လျှောက်မှ မမြင်နိုင်သော စွမ်းအားလှိုင်းတစ်ခု ရွေ့လျားလာပြီး

အနက်ရောင်လက်ကြီးထံ

တိုးဝင်သွားသည်။

ဘောင်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီး

အနက်ရောင်လက်ကြီးဟာ

ကွဲအက်သွားသည်။ ဤအချိန်တွင်

ရိုက်ခတ်လာသော တန်ပြန်အားလှိုင်းက

ငရဲဘုံကိုးခုကေရာဇ် ကို

နောက်ပြန်တွန်းထုတ်ပစ်ခဲ့သည်။

ဤအတောအတွင်း

ဝိညာဉ်ဖန်ဆင်းရှင်က ယန်ယဲ့နှင့်

ပိုင်ဇိရှန်တို့အား ဖမ်းကိုင်ကာ

ထာဝရကျေးရွာဆီသို့ပစ်ချလိုက်လေသ

ည်။

"မင်း ရူးနေပြီလား..."

ငရဲဘုံကိုးခုကေရာဇ်က

ဒေါသတကြီးအော်ဟစ်လိုက်သည်

"ပါးလွှာနေတဲ့ မင်းရဲ့ ဝိညာဉ်ကြိုးမျှင်

ပျောက်ကွယ်သွားမှာ မကြောက်ဘူးလား"

ဝိညာဉ်ဖန်ဆင်းရှင် က တဖြည်းဖြည်း

ကြည်လင်လာနေသော

သူမ၏ခန္ဓာကိုယ်ကို အနည်းငယ်ကြာ

ငုံ့ကြည့်ကာ ကောင်းကင်ကို

မော့ကြည့်လိုက်သည်။ ထိုနေရာတွင်

အနက်ရောင် အရိပ်တစ်ခု ရပ်နေခဲ့သည်။

ဝိညာဉ်ဖန်ဆင်းရှင်၏ မျက်နှာပေါ်တွင်

အပြုံးတစ်ခုပေါ်လာပြီး "ဒါဆို

ငါဘာလုပ်ရင်ကောင်းမလဲ။ ဒါက

ဝိညာဉ်ကြိုးမျှင်တစ်ခုပဲလေ.”

"မင်း လုံး၀ ရှုံးနေပြီပဲ" အနက်ရောင်
အရိပ်က ဒေါသတကြီး ကျိန်ဆဲပြီး
ထာဝရကျေးရွာဖက်သို့ပျောက်ကွယ်သွား
သည်။

မှန်သည်၊
အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးဟာ
ဝိညာဉ်ဖန်ဆင်းရှင်၏
ဝိညာဉ်ကြိုးမျှင်မျှသာဖြစ်သည်။

သို့သော်လည်း ငရဲဘုံကိုးခုကေရာဇ်

ကဲ့သို့ အစွမ်းထက်ပညာရှင်တောင်မှ

သူမကို မသတ်ရဲပေ။ လက်ရှိသူမက

မူလခေတ်၏ဝိညာဉ်ဖန်ဆင်းရှင်

ဖြစ်သည်။

ထိုခေတ်ကတည်းက

ဝိညာဉ်ဖန်ဆင်းရှင်ဆိုလျှင် မည်သူမျှ

မထိရဲကြပေ။

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးဟာ ခဏပင် တုံ့ဆိုင်းမနေဘဲ ထာဝရကျေးရွာဖက်သို့ အမြန်လိုက်သွားခဲ့သည်။

ထာဝရကျေးရွာ ...။

ဘုန်း.... ဘုန်း...

ထာဝရကျေးရွာ ထဲသို့ ပုံရိပ်နှစ်ခု ပြုတ်ကျလာသည်။

ယန်ယဲ့နှင့် ပိုင်ဇီရှန် တို့ပင်ဖြစ်သည်။

အချိန်အနည်းငယ်အကြာတွင်
ဝမ်အရှူးမလေး၏အဖိုး၊
ကလေးမျက်နှာနှင့်အဘိုးကြီး၊
သားသတ်သမား နှင့် အန်တီယန်
တို့ရောက်လာကြသည်။

ယန်ယဲ့ သည် မြေပြင်မှ

ကုန်းရုန်းထလာပြီး ပိုင်ဇီရှန်ကို ပွေ့ချီကာ

အန်တီယန်၏လက်ထဲကို

ထည့်ပေးလိုက်သည်။ ထို့နောက်

သူ၏အနက်ရောင်ဓားကိုဆုပ်ကိုင်လျက်

နောက်ပြန်လှည့်လိုက်သည်။

ဘမ်း...

တစ်ချိန်တည်းမှာပင် သူ့ထံမှ
ပြင်းထန်သောစိတ်ဆန္ဒဖိအားလှိုင်းကြီး
ထွက်လာသည်။

သူသည် တစ်ဖက်လူကို
မယှဉ်နိုင်သော်လည်း
တိုက်ခိုက်ရန်ရည်ရွယ်နေတုန်းပါ။

သိပ်မကြာလိုက်ပေ၊

လူတိုင်း၏အမူအရာများ

ပြောင်းလဲသွားကြသည်။

ကောင်းကင်ကို မော့ကြည့်လိုက်ရာ

အနက်ရောင်အရိပ်တစ်ခု

ပေါ်လာသည်ကိုမြင်လိုက်ရလေသည်။

လူတိုင်း၏အမူအရာက ချက်ချင်းပင်

လေးနက်သွားခဲ့သည်။

ငရဲဘုံကိုးခုကေရာင် ။

အနက်ရောင်အရိပ်ကို ရှင်းရှင်းလင်းလင်း သိနေကြသည်။

တစ်ချိန်တည်းတွင် ငရဲဘုံကိုးခုကေရာင်က ရုတ်တရက်ပြောခဲ့သည် "ဒီကလေးကို ငါလိုချင်တယ်"

သူ့အသံက ငြင်းမရသော လေသံတစ်ခု သယ်ဆောင်လာသည်။

လေးယောက်သား

အကြည့်ချင်းဖလှယ်ကြသည်။

ကျန်သုံးယောက်က

ဝမ်အရှုးမလေး၏အဖိုးကို

စိုက်ကြည့်နေကြသည်။ အဘိုးကြီးက

ပြုံးပြီးပြောလိုက်သည်

"ငါတို့ဘာလုပ်လို့ရလဲ။

ဒီအထိဖြစ်လာမှတော့

တိုက်ခိုက်ရုံပဲရှိတော့တယ်"

တိုက်ခိုက်ကြမလား...

လေးယောက်လုံး မော့ကြည့်လိုက်သည်။

.......

ဤအခိုက်အတန့်မှာပဲ...

ထာဝရနယ်စပ်၊

ထာဝရအင်မော်တယ်မြို့ပျက် …။

မြို့တံခါးဝ၌

သာမန်ဓားတစ်လက်ကိုင်ထားသော

တိမ်ဖြူဝတ်အမျိုးသားတစ်ဦး

ရုတ်တရက်ပေါ်လာခဲ့သည်။

သူသည် မြို့ထဲသို့ လျှောက်ဝင်သွားကာ

သိပ်မကြာခင်မှာပဲ

ထာဝရလျှို့ဝှက်နယ်မြေ၏ အဝင်ဝသို့
ရောက်လာခဲ့သည်။

ဤနေရာတွင်
ဟင်းလင်းပြင်နတ်ဘုရားအဆင့် ၇
ယောက်နှင့် မူလတာအိုသခင်
တစ်ဒါဇင်ကျော် ရှိနေခဲ့သည်။

တိမ်ဖြူရောင်ဝတ်အမျိုးသားကို
မြင်သောအခါ

အင်မော်တယ်အိမ်တော်၏ ဝမ်ယွမ်က

မည်းမှောင်နေသောအမူအရာနှင့်

မတ်တပ်ထရပ်လိုက်သည်။ သူက

တိမ်ဖြူဝတ်အမျိုးသားကို တားလိုက်ပြီး

"မင်း.... မင်းပဲ။

ငါ့အင်မော်တယ်အိမ်တော်ရဲ့

နတ်ရတနာတွေကို ဝင်ခိုးသွားတဲ့

ဓားသမားပဲ"

အခြားလူတိုင်းလည်း

ထိတ်တုန်လှုပ်သွားကာ

တိမ်ဖြူဝတ်အမျိုးသားကို

စိုက်ကြည့်နေကြသည်။

ဤအချိန်တွင်

တိမ်ဖြူရောင်ဝတ်အမျိုးသားက က

ဝမ်ယွန်ကို

ဖြည်းညှင်းစွာစိုက်ကြည့်လာကာ

"ခိုးယူသွားတာလား။ မဟုတ်သေးဘူး၊

ငါမင်းအစား

စကားကိုပြင်ပြောပေးလိုက်မယ်။ ငါက

ဒီအတိုင်းဝင်ယူလိုက်တာ"

Translated By NyiNyiSoe